# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၀၉)


## ချမ်းသာစွာနေနိုင်အောင်အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**




# ဂျာမနီအထောက်အပံ့ရေယာဉ်ဖြင့် မြစ်ဝကျွန်းပေါ်၌ အခမဲ့ဆေးကုသပေးမည်

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်  အောက်တိုဘာ  ၈**

ဂျာမနီနိုင်ငံအခြေစိုက် Stiftun Glife ဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းငွေဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သော ဆေးကုသရေးရေယာဉ် Swimming Doctor-3 ရေယာဉ်အား ရေချခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဆင်မလိုက်သင်္ဘောကျင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ကျင်းပခဲ့သည်။

"ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ကျန်းမာရေးလိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဆေးကုသရေးရေယာဉ်သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ Uniteam Marine (Yangon) လီမိတက်က ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က စာချုပ်ချုပ်ဆိုအပ်နှံခဲ့သော ရေယာဉ်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီက ဂျာမနီနိုင်ငံ Stiftun Glife ဖောင်ဒေးရှင်းက လှူဒါန်းပံ့ပိုးငွေဖြင့် တည်ဆောက်ပေးရန် လုပ်ငန်းအပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ◆

# ဒေါ်လာဈေးအတက်အကျနှင့် မြန်မာ့စီးပွားရေးသုံးသပ်ချက်

**သတင်း - မင်းသစ်(သတင်းစဉ်)**

**ရန်ကုန်  အောက်တိုဘာ  ၈**

ဒေါ်လာငွေလဲလှယ်နှုန်းသည် ၂၀၁၅ ခုနှစ် နှစ်လယ်နောက်ပိုင်းမှစ၍ တစ်ဒေါ်လာလျှင် မြန်မာငွေ ကျပ် ၁၃၀၀ ရှိခဲ့ရာမှ ယခုနှစ် ဧပြီလတွင် တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၁၀၀ ပြန်လည်ကျဆင်းလာကာ ပြီးခဲ့သည့်ရက်များကမူ တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၂၆၀ ကျော်မှစ၍ တရိပ်ရိပ် တက်ရိပ်ပြခဲ့သည်။

ဒေါ်လာငွေ ဈေးမြင့်တက်လာခြင်းတို့ကြောင့် ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူရသည့်အတွက် ပြည်သူများအနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားရပြီး သွင်းကုန်လုပ်ငန်းရှင်များအတွက်လည်း အဆင်မပြေဖြစ်နိုင်ကြောင်း၊ သို့ရာတွင် ပို့ကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက်မူ အခွင့်အရေးတစ်ခုဖြစ်ကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် တင်သွင်းရောင်းချရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက သုံးသပ်ပြောကြားသည်။

"ဥပမာ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေ ဒေါ်လာတစ်သိန်းဆိုရင် အရင်တုန်းက မြန်မာငွေနဲ့လဲရင် သိန်း ၁၁၀၀ လောက်ရတယ်၊ အခု သိန်း ၁၂၈၀ လောက်ရတယ်။ ၁၀ ရာခိုင်နှုန်းလောက် ပိုရလာတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဒီအချိန်က ဆွဲဆောင်မှုရှိတယ်။ ပြည်ပပို့ကုန်မှာလည်း ဆန်၊ ပြောင်းပို့ရင် တစ်တန်ကိုရတဲ့ဒေါ်လာငွေက မသိသာပေမယ့် မြန်မာငွေနဲ့လဲရင် ၁၀ ရာခိုင်နှုန်း ပိုမြတ် တယ်။ဒီအခွင့်အရေးကို အသုံးချနိုင်ဖို့တော့လိုတယ်။ မဆောင်ရွက်နိုင်ဘူးဆိုရင် အခွင့်အရေး မရနိုင်ဘူး"ဟု ၎င်းက ပြောသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

# ခရီးကြမ်းအခက်အခဲကို ကျော်ဖြတ်ပြီး နာဂဒေသကို ဆက်လက်ရှင်သန်စေခဲ့သူ ကျန်းမာရေးမှူး ကိုသန့်ဇင်ဦး

**သတင်းဆောင်းပါး - သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ - ကိုသန့်**

ကျန်းမာရေးမှူးဆိုတာ ဆရာဝန်ရှားပါးတဲ့ ဒေသတွေမှာ ပြည်သူကို ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းတွေပါလို့ ဆိုလာသည့် ကိုသန့်ဇင်ဦး။

ငယ်စဉ်ကတည်းက ဆရာဝန်ဖြစ်ချင်ခဲ့ပေမယ့် အမှတ်မမီတဲ့အတွက် ၁၉၉၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့တဲ့အချိန်ကစပြီး ဆေးကုသမှုနဲ့နီးနွယ်တဲ့ ကျန်းမာရေးတက္ကသိုလ်ကို တက်ရောက်ခဲ့ကာ ၂၀၀၃ ခုနှစ်မှာ ကျန်းမာရေးသိပ္ပံဘွဲ့ရရှိချိန်မှစ၍ ကျန်းမာရေးဝန်ထမ်းအဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့မှာ စတင် တာဝန်ထမ်းဆောင်ခဲ့တယ်လို့ ကိုသန့်ဇင်ဦး ကပြောပါတယ်။

"လဟယ်မှာတော့ ၂၀၁၆ ဇွန်လလောက်ကမှ တာဝန်ထမ်းဆောင်တာ၊ ဒီမှာက မြို့ပေါ်တွေနဲ့မတူဘူး၊ ပီတိကလွဲ ဘာမှမရဘူး၊ ရတဲ့ပီတိကလည်း မြို့ပေါ်မှာ ပိုက်ဆံရလို့ကုပေးလို့ရတဲ့ ပီတိနဲ့လုံးဝကိုမတူဘူး"ဟု လက်ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကာရော်နောက်ညိုကျေးရွာ ကျန်းမာရေးဌာန၌ ကျန်းမာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ကိုသန့်ဇင်ဦးက ပြောပြပါတယ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ■

## ဆန်းဒေးကာတွန်း

စာမျက်နှာ ၁၆၊ ၁၇






# အရည်အသွေးမြင့်သော လူ့အဖွဲ့အစည်းဆီသို့

၂၀၁၆ ခုနှစ်ဇူလိုင် ၂၅ ရက်မှစ၍ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ အောက်တိုဘာလ ၇ ရက်တွင် ပြီးဆုံးခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က ဥပဒေကြမ်းခြောက်ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရသည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ၄၇ ရက်ကြာ ပြုလုပ်ခဲ့ပြီး အမျိုးသားလွှတ်တော်အစည်းအဝေးများကို ၄၅ ရက်ကြာ ပြုလုပ်ခဲ့သည်။


ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သော ဥပဒေများမှာ ၂၀၁၆ ခုနှစ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကိုဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေများကို ရုပ်သိမ်းသည့်ဥပဒေ နှစ်ခု၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်တွင် အတည်ပြုဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၁၀ ခုဖြစ်ကာ ဆက်လက်ဆွေးနွေးရန် ဥပဒေကြမ်း ကိုးခုကျန်ရှိနေသည်။ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ၁၅ ခုကို အတည်ပြုနိုင်ခဲ့သည်ဟု သိရသည်။

ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း ၂၂၅ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၀၇ ခုမေးမြန်းဖြေကြားခြင်းများပြုလုပ်ခဲ့သည်။ အရေးကြီးအဆို နှစ်ခုအပါအဝင်အဆိုစုစုပေါင်း ၁၆ ခုကို တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း ၁၄၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၉၂ ခုမေးမြန်းခဲ့ကာ အဆိုသုံးခုတင်သွင်းခဲ့သည်ဟု သိရပါသည်။

ဒုတိယအကြိမ်လွှတ်တော်တွင် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေနှင့် ငြိမ်းစုစီခေါ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေတို့ ပြဋ္ဌာန်းနိုင်ခြင်းမှာ ထူးခြားသောဆောင်ရွက်ချက်များအဖြစ်ရှုမြင်ရသည်။ ထို့အပြင် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်မှလည်းပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ရာ ပြည်သူ့လွှတ်တော်တွင် နောက်ဆုံး ဆုံးဖြတ်ရန်သာ ကျန်ရှိသည်ကိုတွေ့ရသည်။ ထို့နောက် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သောရင်းနှီးမြှုပ်နှံမှုဥပဒေများအား ပြန်လည် ပြင်ဆင်ပေါင်းစပ်ထားသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ်မှအတည်ပြုခဲ့ပြီးဖြစ်ရာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရန်သာ ကျန်ရှိပါသည်။

အထက်ပါဥပဒေပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်း၊ ပုဒ်မ-၃၅၄ ပါလွတ်လပ်ခွင့်များကို ပိုမိုခိုင်မာစွာ သုံးစွဲနိုင်မည်ဖြစ်ပါသည်။ လူတစ်ဦးချင်းအခွင့်အရေးများနှင့် လူတစ်ဦးချင်း၏ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုတို့ကို ပိုမိုကာကွယ်နိုင်မည်ဖြစ်ပါသည်။ အစိုးရသစ်လက်ထက်တွင် လူတစ်ဦးချင်း၏ စွမ်းဆောင်မှု၊ အကျိုးပြုမှုများကိုလည်း ဖော်ထုတ်အသိအမှတ်ပြုမှုများရှိလာခဲ့သည်။ လတ်တလောဖြစ်ပွားခဲ့သည့် ရန်ကုန်မြို့ အင်းဝအပ်ချုပ်ဆိုင်မှအိမ်အကူမိန်းကလေးနှစ်ဦး၏ နှိပ်စက်ညှဉ်းပန်းခံရသောကိစ္စနှင့်ပတ်သက်၍ မျှတစွာ မဖြေရှင်းနိုင်ခဲ့သော လူ့အခွင့်အရေးကော်မရှင်မှ ပုဂ္ဂိုလ်လေးဦးနုတ်ထွက်ခဲ့ရခြင်း၊ ၎င်းကိစ္စကိုဖော်ထုတ်ပြီးအစအဆုံးလိုက်ပါဆောင်ရွက်ခဲ့သူသတင်းထောက်အား နိုင်ငံတော်သမ္မတမှ ဂုဏ်ပြုလွှာပေးအပ်ခဲ့ခြင်း စသောဖြစ်ရပ်များတွေ့မြင်ခဲ့ကြရသည်။ ယခုသြဂုတ်လနှင့် စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူပုဂ္ဂိုလ်နှစ်ဦးကိုလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့နှစ်ဦးမှာ ပြင်းထန်ဝက်သက် ကူးစက်ရောဂါကျရောက်နေသော နာဂဒေသထန်ခေါ်လန်မကျေးရွာတွင် ကလေးသူငယ်များနေ့စဉ်သေဆုံးနေမှုကို ရပ်တန့်အောင်ထိန်းချုပ်ပြီး ရောဂါပျောက်ကင်းစင်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့သူ ကျန်းမာရေးမှူးဦးသန့်ဇင်ဦးနှင့် ကျပ်သိန်းထောင်ချီတန်သော မေ့ကျန်ခဲ့သည့်ရတနာပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့သည့် အငှားယာဉ်မောင်း ဦးသန်းထိုက်ကျော်တို့ဖြစ်သည်။

ဤသည်တို့မှာ လူ့အခွင့်အရေး၊ လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုတို့ကို အာမခံသည်နှင့်တစ်ပြိုင်နက် လူတစ်ဦးချင်း၏တာဝန်ယူမှု၊ တာဝန်သိမှုတို့ကို အသိအမှတ်ပြုပေးခြင်းအားဖြင့် ဂုဏ်သိက္ခာရှိသော အရည်အသွေးမြင့်မားသော လူ့အဖွဲ့အစည်းတစ်ရပ်ပုံစံသို့ ဖြည်းဖြည်းချင်း ကူးပြောင်းနေခြင်းကို တွေ့မြင်ရခြင်းဖြစ်ပါကြောင်း တင်ပြရပါသည်။ ။




## တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း ရည်ညွှန်းစာကြည့်တိုက်သို့စာအုပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ်အသင်းတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရည်ညွှန်းစာကြည့်တိုက်တွင် အောက်တိုဘာ ၆ ရက်က ခိုင်ဇင်စိုးစာပေတိုက်မှ အခန့်ချုပ်စာအုပ်မျိုးစုံ တန်ဖိုးနှစ်သိန်းခန့်ကို လာရောက်လှူဒါန်းရာ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာအောင်ကြည်ညွှန့် (တက္ကသိုလ်)နှင့် အမှုဆောင်အဖွဲ့ကလက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ အလှအပရေးဖက်ရှင်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးရှင် စာရေးဆရာမ "ပေါက်ပေါက်"ကလည်း သူရေးသားခဲ့သည့် စာအုပ်များကို စာကြည့်တိုက်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

**ထင်သာမြင်သာပြုပြင်စရာ**

## လမ်းဘေးရှိအဆောက်အအုံများကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ၍ ဖယ်ရှားပေးစေလို



ပဲခူးမြို့ ဥဿာမြို့သစ် ကွန်းသာယာယာဉ်ရပ်နားဝင်းအထွက်ပေါက် ယာဉ်ရပ်နားဝင်းအုတ်တံတိုင်းကပ်လျက် ပြည်သူ့ဆောက်လုပ်ရေးပိုင်လမ်းပေါ်တွင် သွပ်မိုး၊ သံကာ၊ သံတိုင်များဖြင့် ကျူးကျော်ဈေးဆိုင်ဆောက်လုပ်ထားရှိမှုများကို တွေ့ရှိနေရသည်။

အဆိုပါအဆောက်အအုံများမှာ အများပြည်သူသွားလာနေသည့် ကတ္တရာလမ်းနားအထိ ရောက်ရှိနေကာ ရှေ့မှလာသည့်ယာဉ်များကိုမမြင်ရ၍ ယာဉ်အန္တရာယ်ကိုဖိတ်ခေါ်သလိုဖြစ်နေသည်။ လမ်းသွားလမ်းလာပြည်သူများ သွားလာရာတွင် အခက်အခဲများဖြစ်ပေါ်နိုင်သလို မလိုလားအပ်သော ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် တာဝန်ရှိသူများမှ ဖယ်ရှားပေးနိုင်ရန် ထင်သာမြင်သာကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ပါသည်။ **သန့်စင်(ပဲခူး)**

## တောင်ငူကွန်ပျူတာတက္ကသိုလ် Product Show-2016 ကျင်းပမည်

**တောင်ငူ အောက်တိုဘာ ၈**

တောင်ငူကွန်ပျူတာတက္ကသိုလ်တွင် ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသားများ တီထွင်ဖန်တီးရေးသားခဲ့သည့် Software Program, Mobile Applications များနှင့် Electronic Circuit Product ထုတ်ကုန်များကို ဒေသခံပြည်သူများသိရှိနိုင်ရန် ပြသမည့် Product Show ကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ တောင်ငူကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Product Show တွင် ဌာနဆိုင်ရာများ၏ သတင်းအချက်အလက်စနစ်၊ ကလေးငယ်များ အသုံးပြုနိုင်သည့် Kid Dictionary၊ ကျောင်းသား ကျောင်းသူများအသုံးပြုနိုင်သည့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်၊ Computer, Electronic and English Dictionary များ၊ English Grammar Application၊ Time Table Application များ၊ ခရီးသွားများတွက် Travel Guide၊ ဝန်ကြီးဌာနများအကြောင်း သိကောင်းစရာ Application၊ ဗေဒင်၊ အလှအပရေးရာ နှင့် Game များ၊ ဗုဒ္ဓဝင်အကျဉ်းစသည့် Mobile Appliction များယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်း Mobile Application များကို အောက်တို ဘာလတွင် ကျင်းပမည့် ကွန်ပျူတာ တက္ကသိုလ် (တောင်ငူ)၏ Product Show -2016 တွင် လာရောက်ကြည့်ရှုသူများနှင့် အများပြည်သူများ အသုံးပြုနိုင်ရန် Google Play Store မှတစ်ဆင့် ဖြန့်ဝေသွားမည်ဖြစ်သည်။

ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ၏ တီထွင်ဖန်တီးမှုစွမ်းရည်အား ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအသီးသီးမှ သိရှိစေရန်၊ ကျောင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်စေရန်၊ အတူတကွပေါင်းစပ်အလုပ်လုပ်လိုသည့် စိတ်ဓာတ်များရင့်သန်လာစေရန်၊ တက္ကသိုလ်တစ်ခု၏ တီထွင်ဖန်တီးနိုင်မှု သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများရရှိလာစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း တောင်ငူကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က ပြောကြားခဲ့သည်။

**သူရ(တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ · ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၃၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ကျန်းမာရေးမှူး ကိုသန့်ဇင်ဦး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ခေါ်လန်မကျေးရွာသို့ရောက်ရှိစဉ်



ကိုသန့်ဇင်ဦး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရောဂါကူးစက်ခံရသူ ကလေးငယ်တစ်ဦးအား ကုသပေးစဉ်

■ *ရှေ့ဖုံးမှ*

သူတာဝန်စတင်ထမ်းဆောင်သည့် လပိုင်းအတွင်း ၂၀၁၆ ခုနှစ် ဇွန်လဆန်းမှာပဲ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထန်ခေါ်လန်မကျေးရွာတွင် ပြင်းထန်ဝက်သက်ရောဂါ (အဲဒီအချိန်တုန်းက ရောဂါအမည်ရှာမရ)ဟာ ကပ်ရောဂါသဖွယ် ဖြစ်ပွားကာ ရွာသူ၊ရွာသားနှင့် ကလေးသူငယ်များ နေ့စဉ်သေဆုံးနေခဲ့တဲ့ အချိန်ပါ။

မိမိအပေါ်ပေးအပ်လာတဲ့တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သော်လည်း နေ့စဉ်ရက်ဆက် သေဆုံးမှုတွေရှိနေတဲ့ ရောဂါကျရောက်မှု အပြင်းအထန်ဆုံးဖြစ်နေတဲ့ အခြေအနေကို ကိုသန့်ဇင်ဦးတစ်ယောက် အခက်အခဲကြားမှ မိမိတတ်ကျွမ်းသည့် ဆေးပညာရပ်များဖြင့် အစွမ်းကုန် ကုသစောင့်ရှောက်မှုပေးခဲ့ပြန်ပါတယ်။

“ကူးစက်ရောဂါဖြစ်ပြီဆိုတော့ ကူးမှာကို လူတော်တော်များများကြောက်ကြတယ်၊ တချို့အနီးအနားမှာရှိတဲ့ ဝန်ထမ်းတွေက ကူးစက်ရောဂါဖြစ်နေတဲ့ အဲဒီရွာကို မသွားခိုင်းကြဘူး၊ ကျွန်တော်ကတော့ ကူးစက်ခံရတယ်ဆိုလည်း ကိုယ့်ကံပဲ၊ ကိုယ့်မိသားစုတွေသာဆို ဘယ်လိုလုပ်မလဲဆိုပြီး သွားခဲ့တယ်”လို့ ကိုသန့်ဇင်ဦးကပြောပါတယ်၊

ထိုစဉ်အချိန်က ကိုသန့်ဇင်ဦးတစ်ယောက် မုံရွာ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း တက်ရောက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။

ထိုသို့ ၄င်းတာဝန်ကျရာနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ကူးစက်ရောဂါဖြစ်ပွားနေပြီး ရွာသူ ရွာသားများ နေ့စဉ်နဲ့အမျှ သေဆုံးနေတဲ့နေရာကို သွားရောက်ခဲ့ရတဲ့ ခရီးကတော့ လွယ်ကူလှတဲ့ကိစ္စတော့မဟုတ်ခဲ့ပါဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ရွာသူ ရွာသားတွေရဲ့ ကျန်းမာရေးအသိပညာအားနည်းမှု၊ ဆက်သွယ်ပြောဆိုတဲ့ ဘာသာစကားအခက်အခဲ စသည်တို့ဟာ ကျန်းမာရေးဝန်ထမ်း ကိုသန့်ဇင်ဦးအတွက် စိန်ခေါ်မှုတွေ ဖြစ်ခဲ့ရပါတယ်။

“ကျွန်တော့်အပိုင်မှာ ကူးစက်ရောဂါဖြစ်တယ်ဆိုတော့ မုံရွာကနေ ခန္တီးကို ချက်ချင်းသွားခဲ့တယ်။ မိုးကလည်းရွာ ရေတွေကလည်းကြီး၊ ရေကြီးရင် ခန္တီးက စက်လှေတွေက ပေးမကူးဘူး၊ ကူးစက်ရောဂါဖြစ်နေလို့ပါ အရေးကြီးလို့ပါပြောမှ ပဲ့ထောင်နဲ့ ပို့ပေးတယ်”လို့ ကိုသန့်ဇင်ဦးကပြောပါတယ်။

ကိုသန့်ဇင်ဦးနဲ့အတူ ဆေးကွန်ပေါင်တာတစ်ယောက်အတူ လိုက်ပါခဲ့ပြီး ဒေသဦးစီးက ဆိုင်ကယ်သုံးစီး စီစဉ်ပေးခဲ့တယ်လို့ သိရပါတယ်။

လဟယ်မြို့မှာ မိုးများလို့ တောင်ပြိုနေပေမယ့် ကံကောင်းထောက်မစွာဖြင့် ဘက်ဟိုးကားကြီးတွေနဲ့ မြေညှိထားတဲ့အချိန်ဖြစ်လို့ ခန္တီးကနေ လဟယ်ကို ရောက်ရှိခဲ့ပြီး လမ်းမှာ နှစ်ညအိပ်ပြီးနောက် ရောဂါဖြစ်ရာ ထန်ခေါ်လန်မရွာကို ခြေကျင်ခရီးဆက်ခဲ့ရတယ်လို့ သူကဆိုပါတယ်။

“လမ်းမှာ ဆိုင်ကယ်ပျက်တယ်၊ ချုံထဲပစ်ထားခဲ့တယ်။ ကျန်တဲ့ ဆိုင်ကယ်တွေနဲ့ ရိက္ခာတွေ၊ ဆေးတွေ တင်ပေးပြီး ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ခဲ့တယ်။”

“ဖွံ့ဖြိုးမှုက တော်တော်နောက်ကျတဲ့ ဒေသဖြစ်တော့၊ တောင်ကုန်းတွေ၊ တောင်တွေပေါ်တက်ရတယ်၊ လမ်းကလည်း ဆင်သွားလမ်းလို လမ်းမျိုးတွေ၊ ချောက်ကမ်းပါးတွေနဲ့ဆိုတော့ သူတို့နေရာရောက်ဖို့ အတော်ခက်တယ်”လို့ သူ့အတွေ့အကြုံတွေကို ပြန်ပြောင်းပြောပြခဲ့ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနက ကျွမ်းကျင်ဆရာဝန်ကြီးများ၊ နယ်မြေခံ ဆရာဝန်တွေ၊ သူနာပြုတွေ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်တွေက ရောဂါဖြစ်ပွားနေတဲ့ ထန်ခေါ်လန်မနာဂကျေးရွာကို ကနဦး သွားရောက်စစ်ဆေးစဉ် ရောဂါအမည်သိရှိဖို့ သွေးနမူနာ ဓာတ်ခွဲစမ်းသပ်မှုကို ချက်ချင်းဆောင်ရွက်ပေးနိုင်မှုမရှိလို့ ရောဂါလက္ခဏာတွေအရ ပြင်းထန်ဝက်သက်ရောဂါဖြစ်နိုင်တယ်လို့ ကောက်ချက်ချကာ ရောဂါထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။

“နှစ်လလောက် အဲဒီနေရာမှာနေပြီး ရောဂါတွေကုပေးခဲ့တယ်၊ ရောဂါကိုလည်း ထိန်းချုပ်နိုင်ခဲ့တယ်။ ဘာရောဂါဖြစ်တယ်ဆိုတဲ့ သွေးအဖြေတွေကိုလည်း မိုးထဲလေထဲ ရေခဲပုံးထမ်းပြီး ကျွန်တော်ကိုယ်တိုင်ပို့ဆောင်ပေးခဲ့တယ်။ နောက်ဆုံးတော့ ပြင်းထန်ဝက်သက်ရောဂါဆိုတာ အဖြေထွက်သွားတယ်” လို့ ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ရသော်လည်း မိမိလုပ်ဆောင်မှုအတွက် ကျေနပ်ပီတိဖြစ်နေတဲ့ ကိုသန့်ဇင်ဦးက ဆိုပါတယ်။



ကိုသန့်ဇင်ဦး နာဂဒေသသို့ ခရီးကြမ်းများ ကျော်ဖြတ်သွားရောက်စဉ်

သူတာဝန်ထမ်းဆောင်ရာ အိန္ဒိယနယ်စပ်အနီးမှာရှိတဲ့ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရောဂါဖြစ်ပြီဆို ကြက်သွေးလိမ်းတယ်၊ ဂါထာမန္တန်ရွတ်တယ်၊ အစာအာဟာရအကြောင်း မသိဘူး၊ ခြေသည်းလက်သည်းမလှီးဘူး၊ ရေမချိုးတဲ့သူရှိတယ်။ အခုတော့ ဆေးထိုးဆေးသောက်လုပ်လာတယ်။ နေမကောင်းရင် ကျန်းမာရေးဝန်ထမ်းနဲ့ ပြရမယ်ဆိုတာအခု သိလာတယ်”လို့ ဒေသရဲ့ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ အကြောင်းကို ရှင်းပြခဲ့ပါတယ်။

တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မှုအပြင် အခက်အခဲများစွာကို စိတ်ရှည်သည်းခံပြီး မေတ္တာ၊ စေတနာ အနစ်နာနဲ့ ကိုယ်ချင်းစာတရားတို့နဲ့ ရောဂါဖြစ်ပွားတဲ့ ဒေသကို အရောက်သွားကာ ရွာသူ၊ ရွာသားများနှင့် ကလေးသူငယ်များ သေဆုံးမှုကို ရပ်တန့်အောင် ထိန်းချုပ်ပေးနိုင်ပြီး ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့တဲ့ ကိုသန့်ဇင်ဦးရဲ့ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်မှာ ချီးကျူးစရာပင်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံသူ နိုင်ငံသားတွေ၊ ပရဟိတစေတနာရှင်တွေ၊ လူမှုအသင်းအဖွဲ့တွေက လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်ပြီး ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးတစ်ယောက် ရွေးချယ်ခံခဲ့ရပြီ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းဘဝတစ်လျှောက် တာဝန်ထမ်းဆောင်စဉ်ကာလများအတွင်း ကျရာနေရာမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချီးကျူးဂုဏ်ပြုခြင်းက ၄င်း၏ဘဝတွင် ပထမဆုံးဖြစ်တဲ့အတွက် ဝမ်းသာကြည်နူးနေတဲ့ ကိုသန့်ဇင်ဦးက အခုလို ချီးကျူးခံရတော့ ပိုပြီးကြိုးစားချင်စိတ်တွေ ပေါ်လာတယ်၊ နောက်တစ်ခုက နာဂဒေသကလူတွေရဲ့အသက်ကို ကယ်တင်ပေးခဲ့လို့ တစ်ရွာလုံးကိုယ်စား နာဂခေါင်းဆောင်ကပေးလိုက်တဲ့ ခြုံစောင်ကလည်း ဘဝမှာ မမေ့နိုင်စရာ အမှတ်တရအနေနဲ့ ဖြစ်နေတော့မှာပါဟု ဆိုပါတယ်။ ။

---

❋ *ရှေ့ဖုံးမှ*

ဒေါ်လာငွေဈေးနှုန်းမြင့်တက်ခြင်းသည် မိုးတွင်းကာလတွင် ပုံမှန်ဖြစ်နေကျဖြစ်သော်လည်း ယခုနှစ်တွင်မူ ပုံမှန်တက်နေကျထက် မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံမှကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု လျော့နည်းလာခြင်းကြောင့် နိုင်ငံခြားဝင်ငွေ လျော့နည်းလာကြောင်း ဒေါက်တာစိုးထွန်းက သုံးသပ်ပြောကြားသည်။

“မြန်မာနိုင်ငံက အဓိကထွက်ကုန်က လယ်ယာထွက်ကုန်ပစ္စည်းပါ။ မိုးတွင်းကျရင် လယ်ယာထွက်ကုန်ပစ္စည်းတွေက ပြည်ပပို့ဖို့ အခက်အခဲရှိတယ်။ ဒီအချိန်မှာ ပြည်ပပို့တဲ့ ကုန်ပစ္စည်းကနည်းတယ်။ ဒီနှစ် စက်တင်ဘာလနောက်ပိုင်းမှာ မြန်မာနိုင်ငံကနေ တရုတ်နိုင်ငံကိုပို့တဲ့ ကုန်ပစ္စည်းတွေက ဒီဘက်ကတရားဝင်ပို့တာဆိုပေမယ့် တရုတ်နိုင်ငံဘက်က တရားမဝင်ဘူး။ ဖမ်းတာဆီးတာရှိတဲ့အတွက် ပြည်ပပို့ကုန်ကျလာတယ်။ အိန္ဒိယကို အဓိကတင်ပို့နေတဲ့ပဲကလည်း အိန္ဒိယက ပဲဈေးကွက်ပိတ်လိုက်တော့ ပို့ကုန်ကျသွားတယ်။ ဒီနှစ်က သစ်တင်ပို့မှု ပိတ်လိုက်တော့ ပြည်ပတင်ပို့မှုမရှိဘူး။ ကျောက်မျက်ကလည်း ဒီနှစ်ပြည်ပတင်ပို့မှု နည်းသွားတယ်။ ကမ္ဘာ့ရေနံဈေးကလည်း ကျသွားတော့ ဂက်စ်ဈေးကလည်း ကျသွားတယ်။ ပြည်ပပို့တဲ့ လုပ်ငန်းတွေမှာ ဒေါ်လာရတဲ့ဝင်ငွေလျော့သွားတယ်။ ပွင့်လင်းရာသီမှာ သွင်းကုန်လုပ်ငန်းတွေပိုသွင်းလာတယ်။ သယ်ယူပို့ဆောင်ရေး ပိုများလာတဲ့အတွက် စက်သုံးဆီကို ပြည်ပက ပိုသွင်းရတယ်။ ပြည်ပကနေသွင်းတာတွေများတဲ့အတွက် ဒေါ်လာသုံးတာများလာတယ်။ ဝင်ငွေထွက်ငွေ မမျှတဲ့အတွက် ဒေါ်လာဈေးက ပိုမြင့်တက်လာတယ်”ဟု ဒေါက်တာစိုးထွန်းကပြောကြားသည်။

ထို့အတူ ယူနိုက်တက်အမရာဏ်မှ စီးပွားရေး အကြံပေးပညာရှင်တစ်ဦးက “အခုဟာက သွင်းကုန်နဲ့ ပို့ကုန် မညီမျှဘူး၊ သွင်းကုန်များပြီး ပို့ကုန်နည်းနေတယ်။ နိုင်ငံခြားသွင်းငွေစာရင်းမှာ ပို့ကုန်ကလိုငွေပြနေတယ်။ ဘတ်ဂျက်မှာလည်း အခွန်အကောက်က ရသင့်သလောက်မရဘူး၊ သုံးငွေနဲ့ရငွေမှာ သုံးငွေကများနေတယ်။ သုံးငွေနဲ့ရငွေမှာ သုံးငွေကများနေရင် အစိုးရက မသုံးမဖြစ်တာတွေ သုံးရမယ်ဆိုရင်ငွေရိုက်ရမယ့် အဆင့်ရောက်ခဲ့ရင် ငွေကြေးဖောင်းပွတဲ့အထဲ ဒါလည်းပါတယ်။ အခုထက်ထိ ဗဟိုဘဏ်က ဘယ်လောက်ရိုက်တယ်ဆိုတာ မသိဘူး၊ ဝင်ငွေနဲ့ထွက်ငွေမမျှရင် ငွေစက္ကူ ရိုက်ရမှာပဲ၊ မသုံးမဖြစ်တာတွေ သုံးတော့ ပိုက်ဆံရိုက်ထုတ်ရတာတွေလည်း ဖြစ်နိုင်တယ်”ဟု သုံးသပ်ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ငွေကြေးတည်ငြိမ်ရန်လိုအပ်ပြီး ငွေကြေးတည်ငြိမ်မှုမရှိပါက ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း အဟန့်အတားဖြစ်စေကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှာလည်း ကမ္ဘာ့စီးပွားရေး တုံ့နှေးနေခြင်း၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးတုံ့နှေးနေခြင်းများ၏ နောက်ဆက်တွဲ ဂယက်များက မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို ရိုက်ခတ်လာကြောင်း ဒေါက်တာစိုးထွန်းက သုံးသပ် ပြောကြားသည်။

“အစိုးရသစ် မတက်ခင်ကတည်းက အိမ်ခြံမြေအေးနေတယ်။ အစိုးရသစ်တက်လာတဲ့အချိန်မှာ အေးနေတဲ့အထဲမှာ ဆောက်လုပ်တဲ့ အဆောက်အအုံတွေကို သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့ မကိုက်ညီဘူးဆိုပြီး ရပ်ဆိုင်းခံထားရတာရှိတယ်။ ဒါကလည်း အေးနေတဲ့ဈေးကွက်ကို ပိုအေးသွားစေတယ်။ တရုတ်ဘက်ပို့တဲ့ ပို့ကုန်ဆိုလည်း လျော့သွားတယ်။ မနှစ်ကထက်စာရင် ဒီနှစ် ဆန်တန်ချိန်နှစ်သိန်းကျော် ပြည်ပတင်ပို့မှုလျော့သွားတယ်။ ကားလုပ်ငန်းမှာဆိုရင်လည်း စည်းမျဉ်းသစ်တွေ ထုတ်ပြန်သတ်မှတ်လိုက်တော့ ကားထုတ်တဲ့လုပ်ငန်းတွေက ဆိပ်ကမ်းမှာ ဒဏ်ကြေးပေးဆောင်နေရတယ်။ အစိုးရအပြောင်းအလဲမှာ ဖြစ်တဲ့သဘောပေါ့။ လုပ်ငန်းလုပ်မယ့် လုပ်ငန်းရှင်တွေကလည်း အခြေအနေကို စောင့်ကြည့်နေတယ်”ဟု ဒေါက်တာစိုးထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ငွေလဲဈေးကွက်တွင် နှစ်ပေါင်း ၄၀ ကျော် ကြီးထွားနေသည့် တရားမဝင်ဟွန်နီဈေးကွက်ကို တရားဝင်ဈေးကွက်ဖြစ်လာရန် ဗဟိုဘဏ်အနေဖြင့် ကြပ်မတ်ဆောင်ရွက်သင့်ပြီး တရားမဝင်ဈေးကွက်ကြီးထွားနေပါက တိုင်းပြည်စီးပွားရေးအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

“မြန်မာနိုင်ငံကနေ ပြည်ပမှာသွားရောက် လုပ်ကိုင်နေတဲ့သူတွေ လေးသန်းလောက်ရှိတယ်။ ဒါတွေကို တရားဝင်ငွေလွှဲနိုင်အောင် ဗဟိုဘဏ်အနေနဲ့ လုပ်ပေးဖို့လိုတယ်၊ ဗဟိုဘဏ်အနေနဲ့ ပြင်ဆင်လို့ရတဲ့ကိစ္စကို အမြန်ဆုံးပြင်ဆင်ဖို့လိုတယ်” ဟု ဒေါက်တာစိုးထွန်းက ပြောကြားသည်။

လက်ရှိဘဏ်လုပ်ငန်းများတွင်လည်း နိုင်ငံခြားဘဏ် ၁၀ ခုအား ပြည်တွင်း၌ ဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုင်စင်များ ချထားပေးခဲ့သော်လည်း ပြည်ပမှ လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားကုမ္ပဏီများကိုသာ ဘဏ်အကောင့်ဖွင့်လှစ်ခွင့်ပြုထားပြီး ပြည်တွင်းတိုင်းရင်းသားပိုင် ကုမ္ပဏီများအား ဘဏ်အကောင့်ဖွင့်ခွင့်ပေးထားခြင်း မရှိခြင်းကြောင့် စင်ကာပူနိုင်ငံရှိဘဏ်များတွင် ဘဏ်အကောင့်ဖွင့်လှစ်၍ လုပ်ငန်းများ လုပ်ကိုင်နေရကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရသည်။

“ဒေါ်လာဈေးတက်တယ်ဆိုတာ တစ်ဖက်ကလည်း ဘတ်ဂျက်လိုငွေပြနေတာတွေရှိတယ်။ ဘတ်ဂျက်လိုငွေလျော့သွားအောင် အခွန်တိုးအောင် ဘယ်လိုလုပ်မလဲ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်လာအောင် ဘယ်လိုလုပ်မလဲ။ အိတ်စ်ပို့တွေ ပို့နိုင်အောင်၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့အောင် ဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်မှုလိုတယ်”ဟု ဒေါက်တာစိုးထွန်းက ပြောကြားသည်။

မန္တလေးမြို့မှ စိုးမြင့်ဝင်းပဲပွဲရုံမှ ပဲကုန်သည် ဦးစိုးမြင့်ဝင်းက “သိုလှောင်ထားတဲ့သူလက်ထဲပဲရှိတယ်၊ ပဲစိမ်းခွံနဲ့မတ်ပဲက နှစ်ဆန်းဈေးထက်စာရင် သိုလှောင်ထားတဲ့သူတွေ ရှုံးတယ်၊ အခုချိန်ရောင်းထုတ်ရင် လှောင်တဲ့သူအတွက် အကျိုးအမြတ် မရှိဘူး။ တောင်သူအနေနဲ့ စိုက်ပျိုးရေးပစ္စည်းတွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ပစ္စည်းတွေကို ငွေဈေးတက်တဲ့အတွက် ဈေးကြီးပေးဝယ်ရတယ်၊ ဒါကြောင့် တွက်ခြေမကိုက်ဘူး။ ကုန်သည်အနေနဲ့ကြိုပြီး စာချုပ်ချုပ်ရတဲ့အတွက် ဒီဘက်က ငွေဈေးတက်တဲ့အတွက် ဆုံးရှုံးမှုတွေရှိတယ်။ ငွေဈေးတက်တဲ့အတွက် ပြည်ပကပစ္စည်းတွေ မြန်မာငွေနဲ့ဝယ်ရတဲ့အခါ ကြိုရောင်းတဲ့ ကုမ္ပဏီအဖို့အရှုံးရှိတယ်” ဟု ပြောသည်။

ဒေါ်လာငွေလဲလှယ်နှုန်းသည် ပြီးခဲ့သည့် အောက်တိုဘာ ၄ ရက်က အမြင့်ဆုံး တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၂၈၈ ကျပ်အထိရှိခဲ့ပြီး ယခု တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၂၅၅ ကျပ်အထိ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

# မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးသည် ဗုဒ္ဓသာသနာတော်အတွက်ရည်စူး၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီးဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော် လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုကို သော်လည်းကောင်း လွှဲပြောင်းပေးအပ်ရန်မရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းက မီဒီယာများအား ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ပြုလုပ်သည့် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိစ္စနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ**(ယာပုံ)**တွင် ဦးဇာနည်ဝင်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာ့အကျိုးလိုလားသော တာဝန်ရှိပုဂ္ဂိုလ်များက မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စ ပြီးငြိမ်းစေရန် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း လန်ဒန်ဆရာတော် ဦးဥတ္တရပါ သံဃာငါးပါးက ထေရ်ကြီးဝါကြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဝန်ချတောင်းပန်မှု မပြုနိုင်ကြောင်း ပြောကြားခဲ့သဖြင့် ညှိနှိုင်းမှုကိစ္စ မအောင်မြင်ခဲ့ကြောင်း။



ဥပဒေအရဆောင်ရွက်ပါက မည်သူနစ်နာမည်၊ မည်သူသက်သာမည်ဆိုသည်ကို လေ့လာကြည့်လျှင် သိနိုင်ကြောင်း၊ ပြီးခဲ့သည့် ကိစ္စများကို အာဃာတမထားကြောင်း၊ Win-Win သီအိုရီအရ အတတ်နိုင်ဆုံး ပြီးငြိမ်းသွားအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေအတိုင်းသွားရန် လန်ဒန်ဆရာတော်က ရွေးချယ်ခဲ့သည့်အတွက် ဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လန်ဒန်ဆရာတော် ဦးဥတ္တရပါ သံဃာငါးပါးကို သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြင့် အရေးယူခြင်းသာဖြစ်ကြောင်း၊ ပိုင်ဆိုင်မှု အငြင်းပွားသည့်ကိစ္စမဟုတ်ပါကြောင်း ဦးဇာနည်ဝင်းက ဆက်လက်ပြောကြားသည်။

လန်ဒန်ဆရာတော် ဦးဥတ္တရက "ဘုန်းကြီးတို့ကို လာဆွေးနွေးထားတာရှိတယ်။ ဘုန်းကြီးတို့ကို ပြန်လွှတ်ပေးမယ်၊ တောင်းပန်ခိုင်းတယ်။ တောင်းပန်ရမှာက ဘုန်းကြီးတို့ ပြစ်မှားလို့ တောင်းပန်ရတာမျိုးမဟုတ်ဘဲ အပြစ်ရှိလို့ တောင်းပန်ရတဲ့ဟာမျိုးဆိုရင် ဘုန်းကြီးတို့က မတောင်းပန်နိုင်ဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ဆုံးဖြတ်ထားတာ တိတိကျကျမရှိဘဲ သူပိုင်ကိုယ်ပိုင်ငြင်းနေတဲ့အငြင်းမှာဘုန်းကြီးတို့က ခေတ္တခဏ သွားရောက်နေတဲ့ ပုံစံမျိုးနဲ့နေတာဖြစ်တယ်။ အဲ့ဒီပိုင်နက်အတွင်းမှာနေတယ်။ နိုင်ငံတော်သံဃမဟာနာယကကို ဘုန်းကြီးတို့က အကြည်ညိုပျက်အောင် ပြောတယ်ဆိုတဲ့ စွဲချက်တွေ၊ နိုင်ငံရေးလုပ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့ အစိုးရက တရားစွဲထားတဲ့အတွက်ကြောင့် သံဃအဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြေရှင်းဖို့ကျန်နေတယ်။ ဥပဒေအရ ဆောင်ရွက်ဖို့ကလွဲလို့ မရှိပါဘူး" ဟု မီဒီယာတစ်ခုနှင့်တွေ့ဆုံစဉ် မိန့်ကြားထားကြောင်း သိရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပီနန်ဆရာတော် ဦးပညာဝံသက မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ သီတင်းသုံးလိုကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံသို့ လျှောက်ထားတင်ပြခဲ့သည့်အတွက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးက "ဦးပညာဝံသ တစ်ပါးတည်းကိုသာ အာဂန္တုရဟန်းအဖြစ် သီတင်းသုံးခွင့်ပြုရန်" ဆုံးဖြတ်ထားကြောင်း ဦးဇာနည်ဝင်းက ဆိုသည်။

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍လည်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက မဟာသန္တိသုခ ဗုဒ္ဓ သာသနာပြုကျောင်းတော်ကြီးကို နိုင်ငံတော်အစိုးရမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လှူဒါန်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကသာ စီမံပိုင်ခွင့်ရှိကြောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အမိန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လောလောဆယ် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို ချိတ်ပိတ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ပနိုင်ငံများရှိ ထေရဝါဒ မြန်မာဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းထိုင်နိုင်ရန်၊ သာသနာပြုနိုင်ရန်အတွက် ဗုဒ္ဓတရားတော်များကို နိုင်ငံခြားဘာသာစကားဖြင့် ကျွမ်းကျင်စွာ ဟောပြောနိုင်သည်အထိ သင်ကြားလေ့ကျင့်ပေးရန် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းမှ ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းအောင်မြင်သည့် သံဃာတော် ၁၂၅ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ကနီမြို့နယ်တွင် ချထားသော ပျားပုံးအားလုံး အောက်တိုဘာ ၂၅ ရက် နောက်ဆုံးထား ပြောင်းရွှေ့ပေးရန် သက်ဆိုင်ရာမှညွှန်ကြားထား

**မုံရွာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရုံးခန်း၌ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ကနီမြို့နယ်အတွင်းရှိ ပျားလုပ်ငန်းရှင်များကချထားသော ပျားပုံးများကို အောက်တိုဘာ ၂၅ ရက်တွင် အပြီးပြောင်းရွှေ့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း ဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

ထိုသို့ဆုံးဖြတ်ရာတွင် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို ပြန်လည်တင်ပြရန် တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့်အတူ ယင်းမာပင်ခရိုင်စီမံခန့်ခွဲရေးကော်မတီနှင့် ကနီမြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့သို့ ဝန်ကြီး ဦးကမ်ဇာမုံ လက်မှတ်ရေးထိုးထုတ်ပြန်ထားကြောင်း သိရသည်။

"တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးက ပျားပုံးတွေချထားရာမှာ နေရာချထားတဲ့ ဒေသခံတွေရဲ့ ဆက်သွယ်ညှိနှိုင်းချက်အရ နှစ်ဖက်အဆင်ပြေစေဖို့ စာထုတ်အသိပေးဆောင်ရွက်ခဲ့ပါတယ်။ ပျားပုံးတွေချထားရာမှာ လူသွားလမ်းကို မျက်နှာမူမချထားဖို့၊ လူသွားလမ်းနဲ့ကိုက် ၁၀၀ အကွာမှာ ချထားဖို့၊ တစ်နေရာနဲ့တစ်နေရာကိုက် ၃၀၀ ခွာချဖို့၊ တစ်နေရာမှာ ပျားပုံး ၁၀၀ ထက်ပိုမချဖို့တွေကို ညွှန်ကြားထားပြီးသား ဖြစ်ပါတယ်။ ဒါ့အပြင် ပျားကြောင့် သီးနှံပျက်စီးရတာမဟုတ်ကြောင်း ပျားနဲ့ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံများပိုမိုအောင်မြင်စေကာ ပိုမိုအထွက်တိုးစေတဲ့အကျိုးကျေးဇူးတွေကိုရှင်းပြဖို့ ပျားပုံးချသူတွေကို ညွှန်ကြားထားပြီးသားဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်ကပြောသည်။

ပျားလုပ်ငန်းဦးစီးဌာန၏ညွှန်ကြားချက်များကို ပျားလုပ်ငန်းရှင် ပျားသမားအများစုမှာ ယခင်အစောပိုင်းကာလမှစတင်ကာ



ယခုကာလအထိ လိုက်နာမှုမရှိကြသည်ကိုတွေ့ရပြီး နယ်ခံတောင်သူအများစုအနေဖြင့် ပျားပုံးများ စိုက်ခင်းအနီးလာရောက်ချထားလျှင် ဝတ်မှုန်ကူးခြင်းကြောင့် သစ်ပင်ပန်းမန်ဖြစ်ထွန်းသည်ကို လက်ခံကြသော်လည်း သတ်မှတ်ပမာဏထက် လွန်ကဲစွာချထားခြင်းကြောင့် ပျားအုပ်စုလိုက် တုပ်သောဒဏ်ကို လူနှင့်တိရစ္ဆာန်များခံစားနေကြရကြောင်း ကနီမြို့နယ် အမှတ်(၂)စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ယင်းမာပင်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင် ပျားပုံးတစ်ပုံးလျှင် ပျားကောင်ရေတစ်သောင်းပါဝင်သော ပျားပုံးပေါင်း တစ်သိန်းသုံးသောင်းလေးထောင်ခန့်ရှိပြီး ဆီးပင်နှင့်သဘာဝပေါက်ပင်ပေါများသော ကနီမြို့နယ်တွင် ပျားပုံးပေါင်း ခုနစ်သောင်းကျော်၊ ရှစ်သောင်းခန့်ကို မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်မွေးမြူနေသော ပျားလုပ်ငန်းလုပ်ကိုင်သူ ၅၀၀ ခန့်က လာရောက်ချထား မွေးမြူနေကြခြင်းဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ် ကျေးရွာအုပ်စုကိုးစုတွင်ရှိသော ကျေးရွာ ၃၀ ရှိ ဆီးစိုက်တောင်သူများ၏စိုက်ခင်းများအတွင်းလာရောက်ချထားမွေးမြူရာတွင် ပျားတစ်သောင်းပါသော ပျားတစ်ပုံးလျှင် တစ်ဧကကိုသာချထားရန် ညွှန်ကြားထားသော်လည်း တစ်နေရာလျှင် ပျားပုံး ၁၀၀ နီးပါးကို ကပ်၍ချထားကြရာ တောင်သူများအနေဖြင့် သတ်မှတ်ထားသည့်အတိုင်းမဟုတ်ဘဲ ပေ ၅၀ အကွာ ပျားတစ်ပုံးချရန် တောင်းဆိုကြသော်လည်း လိုက်နာမှုမရှိဘဲညွှန်ကြားချက်ကို မျက်ကွယ်ပြုဆောင်ရွက်နေကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

◆ *ရွှေဖုံးမှ*

ယင်းရေယာဉ်သည် အလျားပေ ၁၁၀၊ အနံ ၂၈ ပေ၊ စောက် ရှစ်ပေရှိပြီး ရေစူး သုံးပေ သုံးလက်မရှိသော ရေယာဉ်ဖြစ်ကြောင်း၊ ပင်မအင်ဂျင်အဖြစ် 176 KW(236 HP) ရှိ အင်ဂျင်နှစ်လုံး၊ မီးစက် 30 KVA နှစ်လုံး တပ်ဆင်ထားကြောင်း၊ ရေယာဉ်ပေါ်တွင် ဆေးကုသခန်း သုံးခန်း၊ အသေးစားခွဲစိတ်ခန်း တစ်ခန်း၊ ဓာတ်ခွဲခန်း တစ်ခန်း၊ မျက်စိကုသခန်း တစ်ခန်း၊ သွားဆေးကုသခန်း တစ်ခန်းနှင့် ဆေးသိုလှောင်ခန်း တစ်ခန်းပါဝင်ကြောင်း၊ ရေယာဉ်တန်ဖိုးမှာ ဆေးရုံဆေးခန်းသုံးပစ္စည်းမပါဘဲ ငွေကျပ် ၄၈၃၀၀၀၀၀၀ ဖြစ်ကြောင်း၊ ယင်းရေယာဉ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကျေးရွာများသို့ တစ်လလျှင် သုံးပတ် သွားရောက်ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဂျာမနီသံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဂျာမနီနိုင်ငံ Stiftun Glife ဖောင်ဒေးရှင်းမှ ပါမောက္ခ Mr. Wolf Mushler က ရေယာဉ်ဖြင့် ဆေးကုသမှု လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းများအကြောင်းပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

မြန်မာ့သဘောင်္ကျင်းလုပ်ငန်း အနေ ဖြင့် Swimming Doctor-2 ရေယာဉ်ကိုလည်း ၂၀၁၄ ခုနှစ်က တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ဂျာမနီမှ ယင်းဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် တည်ဆောက်ပေးခဲ့သော ရေယာဉ်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယင်းရေယာဉ် နှစ်စင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသမှ ပြည်သူများအား အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# တရားမျှတမှုဖော်ထုတ်ရေးနှင့် ပြည်တွင်းစစ်အမြန်ဆုံးရပ်တန့်ရေး လူထုလှုပ်ရှားမှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၈**

တရားမျှတမှုဖော်ထုတ်ရေးနှင့် ပြည်တွင်းစစ်အမြန်ဆုံးရပ်တန့်ရေးလူထုလှုပ်ရှားမှုကို ငြိမ်းချမ်းရေးလိုလားသူများက ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမအနီး (မဟာဗန္ဓုလပန်းခြံရှေ့) ၌ ပြုလုပ်သည်။

အဆိုပါလှုပ်ရှားမှုအဖြစ် ယနေ့ ညနေ ၃ နာရီက မဟာဗန္ဓုလပန်းခြံရှေ့တွင် အရပ်ဘက်အဖွဲ့အစည်း ၃၀ ခန့်မှ ငြိမ်းချမ်းရေးလိုလားသူတို့က အဖြူရောင်တူညီဝတ်စုံများဝတ်ဆင်၍ ငြိမ်းချမ်းရေးအတွက် စစ်ပွဲများရပ်တန့်ပေးရန် တောင်းဆိုထားသည့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပြည်တွင်းစစ်အတွင်း ကလေးငယ်များဖြတ်သန်းကြုံတွေ့နေရသည့် မှတ်တမ်းဓာတ်ပုံများကိုပြသခြင်း၊ စစ်ဖြစ်ပွားမှု၏ ဆိုးကျိုးများကို သရုပ်ဖော်ပြသခြင်းတို့ကို ပြုလုပ်ခဲ့သည့်အပြင် ငြိမ်းချမ်းရေးအတွက် ဟောပြောခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ကြွေးကြော်တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လက်နက်ကြီးထိမှန်သေဆုံးဒဏ်ရာရရှိခဲ့သော ကလေးငယ်များအတွက် တရားမျှတမှုပေါ်ပေါက်ရေးနှင့် ပြည်တွင်းစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးအတွက် အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**



# ဓာတုပိုးသတ်ဆေးသုံးစွဲမှုအတွက် စရိတ်များလျှော့ချနိုင်မည့် ဥကပ်ပါးနဂျီမွေးမြူသည့် ဓာတ်ခွဲခန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၈**

“ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် တရုတ်နိုင်ငံအခြေစိုက် ဥရောပ အထောက်အပံ့ စီမံချက် (Rice IPM in the Greater Mekong Subregion Project-Europe Aid) တို့ ပူးပေါင်းဆောင်ရွက်သော ဥကပ်ပါး နဂျီမွေးမြူသည့် ဓာတ်ခွဲခန်းဖွင့်ပွဲ”အခမ်း အနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် သုတေသနပြုစိုက်ကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်း အဖွင့်အမှာစကား ပြောကြား သည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင်- ဥကပ်ပါး နဂျီမွေးမြူသည့် ဓာတ်ခွဲခန်းကို ရွှေဘို ဝက်လက်တွင် စံပြအနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နေပြီဖြစ် ကြောင်း၊ သားရဲအင်းဆက်များ မွေးပြီး တောင်သူ့ရန်သူပိုးများကို အင်းဆက် ပိုးမွှားနှင့် တန်ပြန်တိုက်ခိုက်စေခြင်းအား ဖြင့် ဓာတုပိုးသတ်ဆေးသုံးစွဲမှုအတွက် ကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဖြစ် သကဲ့သို့ ယင်းဆေးဝါးများ သုံးစွဲခြင်း ကြောင့် ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်း ကျင် ညစ်ညမ်းမှုများကို ရှောင်ရှားနိုင် မည်ဖြစ်ကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်း သားရဲ အင်းဆက် ဥကပ်ပါး နဂျီမွေးမြူ ထုတ်လုပ်နေမှုကို ကြည့်ရှုစဉ်

ယခုကဲ့သို့ အင်းဆက်အချင်းချင်း တန်ပြန်တိုက်ခိုက်ချေမှုန်းနည်းပညာဖြစ် သည့် ဥကပ်ပါးနဂျီကောင်မွေးမြူထုတ် လုပ်သည့် နည်းပညာသည် မြန်မာပြည်၏ ပထမဦးဆုံးခြေလှမ်းဖြစ်ပြီး ဆက်လက်၍ တောင်သူလယ်သမားများထံသို့ ကျယ် ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ထုတ်လုပ် ဖြန့်ဖြူးပေးခြင်းဖြင့် ဓာတုပိုးသတ်ဆေး အသုံးပြုရခြင်းအတွက် သုံးစွဲရသည့် စိုက်ပျိုးရေး သွင်းအားစုစရိတ်များ သက်သာ စေပြီး၊ စိုက်ပျိုးထွက်ရှိလာသည့် အသီးအနှံများတွင်လည်း ဓာတုဓာတ် ကြွင်းအန္တရာယ်မှ ကင်းလွတ်ပြီး ဘေးကင်း စိတ်ချရသော အာဟာရပြည့်ဝသည့် ထုတ်ကုန်များအဖြစ် ထုတ်လာနိုင်ကြ မည်ဖြစ်ကြောင်း၊

စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးသည့် တက္ကသိုလ်များကျောင်းများ၊ သုတေသန လုပ်ငန်းများနှင့် တိုးချဲ့ပညာပေးရေး လုပ်ငန်းများ၏ အခန်းကဏ္ဍသည် အလွန် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေ ပါကြောင်း။

စားသုံးမှုဘေးအန္တရာယ် ကင်းရှင်း ပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းစားရေရိက္ခာ ဖူလုံစေရုံမျှမက နိုင်ငံတကာသို့ ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် ပညာရှင် များအနေဖြင့် မိမိတို့ကိုယ်ကို နိုင်ငံတော် ၏ ကောင်းမွန်သောအနာဂတ်ကို ဖန်တီး မည့်သူများအဖြစ် ယုံကြည်ချက် အပြည့်အဝထားပြီး လေ့လာစူးစမ်းမှုများ အစဉ်တစိုက် လုပ်ဆောင်ကြိုးပမ်း ကြစေလိုကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းနှင့် ရေဆင်းစိုက်ပျိုး ရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်တို့က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် တရုတ်နိုင်ငံအခြေစိုက် ဥရောပအထောက်အပံ့စီမံချက် (Rice IPM in the Greater Mekong Subregion Project-Europe Aid) တို့ ပူးပေါင်းဆောင်ရွက်သော ဥကပ် ပါးနဂျီမွေးမြူသည့် ဓာတ်ခွဲခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

တရုတ်နိုင်ငံအခြေစိုက် ဥရောပ အထောက်အပံ့စီမံချက်ဖြင့် Rice IPM စီမံကိန်းကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အထိ မြန်မာနိုင်ငံတွင် စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စပါးသီးနှံ တွင် ကျရောက်တတ်သည့် ဖျက်ပိုးများ၏ ဥများကို ဥကပ်ပါးနဂျီမှ ကပ်ပါးပြုပြီး ဖျက်ပိုးများ၏ အရေအတွက်ကို လျှော့ချ ပေးခြင်းဖြင့် ပိုးသတ်ဆေးသုံးခြင်းကို လျှော့ချနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ် သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် Internship Program နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၏ စာတမ်းဖတ်ပွဲသို့ တက်ရောက် အမှာ စကားပြောခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကို အောက်တိုဘာ ၂၉ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ကုန်သည် လမ်း စာပေဗိမာန်ခန်းမ၌ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ရာ မြန်မာစာပေချစ်မြတ်နိုးသူတိုင်း တက်ရောက်နိုင်ကြောင်း ဖိတ်ကြားထားသည်။

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းအား မြန်မာစာပေကို ထိန်းသိမ်းစောင့် ရှောက်ရန်၊ မြန်မာစာပေပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ဂုဏ်ကို မြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေချစ်မြတ်နိုးမှုကို အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်၊ မြန်မာစာပေ စွမ်းအားဖြင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးရန်စသောရည်ရွယ်ချက်များ ဖြင့် တည်ထောင်ထားသည်။ အသင်းသက်တမ်းမှာလည်း လေးနှစ်ရှိပြီဖြစ်သည်။

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို)ကို ဥက္ကဋ္ဌဂုဏ်ထူးဦးသိန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာသူရဇော်၊ အတွင်းရေးမှူး ဦးအောင်စိုးဦး၊ တွဲဖက်အတွင်းရေးမှူး ဆရာမောင်ခေတ်ထွန်း၊ ဆရာအောင်ကြည်ညွှန့်တို့နှင့် ဖွဲ့စည်း ထားသည်။ မုံရွာမြို့နှင့် မအူပင်မြို့တို့၌ အသင်းခွဲများ ဖွဲ့စည်းပြီးဖြစ်၍ မန္တလေး အသင်းခွဲ ကိုလည်း ဖွဲ့စည်းရန် စည်းရုံးပြင်ဆင်လျက်ရှိသည်။

အသင်းဝင်လိုသူများသည် ဂုဏ်ထူးမြန်မာစာခန်းမအမှတ်-၁၈၈ ဆိပ်ကမ်းသာ လမ်း အလယ်ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရုံးအဖွဲ့မှူးဦးအောင်မြင့် ဖုန်း ၀၉- ၇၈၂၂၀၇၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ထို့နောက် ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆို၍ တိုင်းဒေသကြီး၊ ပြည်နယ် ရိုးရာလှေပြိုင်ပွဲနှင့် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (အလွတ်တန်း) ရိုးရာလှေ၊ အပြည်ပြည် ဆိုင်ရာလှေ၊ ကနူးကယက်လှေလှော် ပြိုင်ပွဲကို ဖွင့်လှစ်လိုက်သည်။

ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနား ကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသား သုံးတက် မီတာ ၅၀၀ ပြိုင်ပွဲ တွင် ပထမဆု ရရှိသည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန(က)အသင်း၊ ဒုတိယဆု ရရှိသည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန(ဃ)အသင်းနှင့် တတိယဆုရ တနင်္သာရီ လက်ရွေးစင်ဟောင်းအသင်း ကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုး သမီးသုံးတက် မီတာ ၅၀၀ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (စ)အသင်း၊ ဒုတိယဆုရ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန(ခ)အသင်းနှင့် တတိယဆုရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ဃ)အသင်းတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲ အမျိုးသမီး ၁၀ တက် မီတာ ၅၀၀ ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန် တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းတို့အား တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးကလည်းကောင်း ပထမဆု နှစ်သိန်း၊ ဒုတိယဆုတစ်သိန်းနှင့် တတိယ ဆု ငါးသောင်းဆုများ အသီးသီးပေးအပ် ခဲ့ကြောင်း သိရသည်။

✱ *ကျောဖုံးမှ*

ကျသင့်မည်ဖြစ်ကြောင်း၊ ခရီးသည် ၁၆၄ ဦးဆံ့ ဘိုးရင်း ၇၃၇ လေယာဉ်ဖြင့် ပြေးဆွဲ ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ဗုဒ္ဓဂယာသို့ ပထမဆုံးအကြိမ် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်များ၏ လေယာဉ်ခမှာ အသွားအပြန် လေယာဉ်ခဖြစ် ကြောင်း သိရသည်။ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မြန်မာခရီးသွား ဧည့်သည်များ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေ ရေးအတွက် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း၊ ခရီးစဉ်များကို နိုဝင်ဘာလနောက်ပိုင်း တွင် အပတ်စဉ် စနေအပြင် အင်္ဂါနေ့ပါ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

# ရေကြည်မြို့တွင် မြေယာမဲ့တောင်သူအချို့က မြေယာလုပ်ပိုင်ခွင့်ရရှိရေး ဆန္ဒဖော်ထုတ်

**ရေကြည် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့တွင် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက ရေနံ့သာကွင်း နိုင်ငံ တော်မှ စွန့်လွှတ်မြေဧက ၉၀၀ အား သရက်ချောင်းကျေးရွာအုပ်စု အလယ်စု ကျေးရွာ မြေယာမဲ့တောင်သူ ၁၄၄ ဦးက စိုက်ပျိုးရာသီအမီ အညီအမျှခွဲဝေချနိုင် ရေးအတွက် ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့ သည်။ **(ယာပုံ)**



ဆန္ဒဖော်ထုတ်ပွဲကို ရေကြည်မြို့ နေဝင်းရပ်ကွက် ဘောလုံးကွင်းမှစတင် ကာ နေဝင်းရပ်ကွက် ဆေးရုံလမ်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ထောင့်မှ အောင်ဆန်းလမ်းမကြီး၊ ဆရာစံ ရပ်ကွက်(၁)လမ်းမှ ဆရာစံဘောလုံးကွင်း အထိ အင်အား ၁၄၄ ဦးဖြင့် စီတန်း လှည့်လည်ကာ ဆိုင်းဘုတ်များ ကိုင် ဆောင်ပြီး စွန့်လွှတ်မြေဧက ၉၀၀ အမြန် ချထားရေး ကြွေးကြော်ကာ စီတန်း လှည့်လည်ခဲ့ကြသည်။

**သိန်းဇော်(ရွှေလီဦး)**

# ကာကွယ်ကုသ၍ရသော မျက်စိရောဂါများအတွက် နှိုးဆော်ချက်

ယနေ့ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့် ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ခန့်မှန်းထားပါသည်။ အမြင်အာရုံ ချို့တဲ့သူပေါင်း ၂၄၆ သန်းနှင့် မျက်စိကွယ်သူပေါင်း ၃၉ သန်းခန့်ရှိပါသည်။ ၄င်းတို့၏ ၆၅ ရာခိုင်နှုန်းမှာ အသက် ၅၀ နှင့်အထက်ဖြစ်ကြောင်း သိရှိရပါသည်။ အမြင်အာရုံ ချို့တဲ့သူများ၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ကုသ၍ရကြောင်း သိရှိရပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမြင်အာရုံချို့တဲ့သူများတွင် ၄၂ ရာခိုင်နှုန်းမှာ မျက်မှန် လိုအပ်ခြင်းကြောင့်လည်းကောင်း၊ ၃၃ ရာခိုင်နှုန်းမှာ အတွင်းတိမ်ရောဂါကြောင့် လည်းကောင်း၊ ကျန် ၂၂ ရာခိုင်နှုန်းမှာ အခြားမျက်စိရောဂါများကြောင့် လည်းကောင်း ဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း အဓိကမျက်စိမမြင်ခြင်းကိုဖြစ်စေသော ရောဂါများမှာ- အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုး ရောဂါများကြောင့်ဖြစ်သော ရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ အားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မျက်စိအတွင်းတိမ်ရောဂါကို ထိထိရောက်ရောက် ကာကွယ်ကုသပေးနိုင်လျှင် မျက်မမြင်လျော့နည်းရေးကို ဦးတည် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

အတွင်းတိမ်နှင့် ရေတိမ်ရောဂါများအပြင် ဆီးချို၊ သွေးတိုးရောဂါများ၏ နောက်ဆက်တွဲဖြစ်သော မျက်စိအမြင်လွှာ ချို့ယွင်းသည့်ရောဂါများကြောင့် မျက်စိ ကွယ်ခြင်း ပိုမိုများပြားလာပါသည်။ ထိုနည်းတူ မျိုးရိုးလိုက်သည့် မျက်စိရောဂါများ ဖြစ်သော မျက်စိအဝေးမှုန်ခြင်း၊ မျက်စိအာရုံလွှာ ကင်ဆာရောဂါ၊ မျက်စိညမမြင်ရောဂါ၊ ရေတိမ်ရောဂါများကို မိဘများမှ မိမိတို့၏ရင်သွေးများကို ငယ်စဉ်ကပင် ကြိုတင် စစ်ဆေးပြီး လိုအပ်သောကုသမှုများကို ခံယူသင့်ကြောင်း အသိပညာပေးရပါမည်။

ထို့ကြောင့် အသက်အရွယ်မရွေး၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် မျက်စိကိုစောစီးစွာ စစ်ဆေးကုသမှုခံယူပြီး အာဟာရမျှတစွာစားသုံးနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာမရရှိအောင် နေထိုင်ခြင်း၊ ဆီးချို၊ သွေးတိုးရှိလျှင်လည်း သမားတော်ကြီးများနှင့် ပြသခြင်း၊ လေဆာ ရောင်ခြည်ကုထုံးဖြင့် ကုသခြင်းဖြင့် ကာကွယ်ကုသနိုင်ကြောင်း တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လျှပ်တစ်ပြက် ပိုးလမ်းမ ဒိုင်ယာရီ

**သပြေ**

***ယမန်နေ့မှအဆက်***

စက်တင်ဘာလ ၁၈ ရက်နေ့တွင် အုရုံမူချီမြို့တော်ရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာရန် စီစဉ်ထားမှုအရ နံနက်ပိုင်းတွင် မြို့တွင်းရှိ ရိုးရာယဉ်ကျေးမှုအနုပညာလက်မှု ပစ္စည်းများ အဓိကရောင်းဝယ်ဖောက်ကားသည့် အုရုံမူချီ နိုင်ငံတကာဈေးကြီး (Urumqi Internationl Grand Bazaar)သို့ သွားရောက်ကြသည်။

**အုရုံမူချီနိုင်ငံတကာဈေးကြီး**

အဆိုပါဈေးကြီးတွင် ရိုးရာပစ္စည်းအရောင်းဆိုင်များ အပြင် နိုင်ငံတကာပစ္စည်း အရောင်းဆိုင်များ၊ စားသောက် ဖွယ်ရာဆိုင်တန်းများနှင့် ရုပ်ရှင်ရုံ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာရေးအဆောက်အအုံများ ပေါင်းစပ် များဆီသို့ သွားကြစို့'' အမည်ရ နာမည်ကျော်ပြဇာတ်ကို ကြည့်ရှုလေ့လာခွင့်ရရှိခဲ့သည်။ ရှင်းကျန့် - ဝီဂါဒေသရှိ လူမျိုး၊ ဘာသာအမျိုးမျိုး၊ မတူညီသော ဓလေ့စရိုက်မျိုးစုံနှင့် ယဉ်ကျေးမှုများအပါအဝင် ရှေးဟောင်းပိုးလမ်းမကြီးအကြောင်း ကို အဓိကဖော်ကျူးပြသခြင်းဖြစ်သည်။ ထိုသို့ဖော်ထုတ်ပြသ ရာ၌ ဇာတ်စင်အခင်းအကျင်းကို ဇာတ်ရုံအလယ်မျက်နှာစာ အပြင် ဇာတ်စင်ဝဲ၊ ယာသို့ လျှောက်လမ်းများဖြင့် ချဲ့ထွင်ထား သည်။ ယင်းလျှောက်လမ်းနှစ်ခုကို ပွဲကြည့်စင်အတွင်းထိ ပတ်၍ဆက်ထားသည်။ ထို့ပြင် ကပွဲအထောက်အကူပြု နောက်ခံကားချပ်များနှင့် ပစ္စည်းကိရိယာများကို ဇာတ်စင် နံဘေးမှထည့်သွင်းမှုအပြင် ဇာတ်စင်အောက်နှင့် ဇာတ်ရုံ အပေါ်တို့မှလည်း ဝင်ရောက်တင်ဆက်ခြင်း၊ ဇာတ်ခုံအနိမ့်



အုရုံမူချီမြို့ရှိ အဆင့်မြင့်ကဇာတ်ရုံတွင် မဇ္ဈိမဒေသများဆီသို့ သွားကြစို့ အမည်ဖြင့် ဖျော်ဖြေတင်ဆက်မှုကိုတွေ့ရစဉ်

တည်ရှိနေသဖြင့် ခရီးသွားလုပ်ငန်းအတွက် အဓိကအကျိုး ပြုသည့် နေရာတစ်ခုဖြစ်သည်။ ယင်းတွင် ဒေသထွက်ကုန် ပစ္စည်းများအပြင် ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ထွက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်သည်။ ဈေးပရဝဏ်အတွင်းရှိ "ယူဟောင်" စူပါမားကတ်တွင် အရည်အသွေးမြင့်မားပြီး ဈေးနှုန်းကြီးမြင့်သည့်ကုန်ပစ္စည်း များဝယ်ယူနိုင်သကဲ့သို့ "ဟူလင်း" လက်ကားဒိုင်ဈေးကြီး မှာလည်း အလိုရှိရာပစ္စည်းမျိုးစုံ ရရှိနိုင်သည့်နေရာအဖြစ် ကျော်ကြားသည်။

ဈေးရှေ့မှ လူစည်ကားရာရင်ပြင်တွင် အရောင်အသွေး တောက်ပသည့် သိန်းငှက်ကြီးတစ်ကောင်ကို မြင်ကွင်း ကန့်သတ်ထားသော မျက်မှန်တပ်ဆင်၍ ခြေတစ်ဖက်တွင် ကြိုးဖြင့် ချည်နှောင်ထိန်းသိမ်းထားပြီး ဟန်ရေးပြကာ ငွေ တောင်းခံနေသူတစ်ဦးအား လူအများက ဝိုင်းဝန်းအားပေး နေမှုကိုလည်း တွေ့မြင်ခဲ့ရသည်။ ညနေပိုင်းများတွင်လည်း အနုပညာပြကွက်မျိုးစုံဖြင့် ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ် နိုင်မှုကြောင့် အလွန်စည်ကားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လက အုရုံမူချီမြို့တွင် ဝီဂါနှင့် ဟန် တိုင်းရင်းသားများ ပဋိပက္ခကာလအတွင်း အကြမ်းဖက်ဖြစ်စဉ် များကြောင့် ဈေးပိတ်ခဲ့ရချိန်မှအပ အုရုံမူချီမြို့၏ အစည် ကားဆုံးနေရာအဖြစ် အမြဲသက်ဝင်လှုပ်ရှားလျက်ရှိကြောင်း ဆက်ဆံရေးအရာရှိက ပြောသည်။

ထိုသို့ နိုင်ငံခြားသားများအား ဆွဲဆောင်နိုင်မှုကို အခွင့် ကောင်းယူပြီး ဈေးတင်ရောင်းချလေ့ရှိမှုကြောင့် "ဈေ့သည် ထောင်ချောက်" နေရာအဖြစ်လည်း သိရှိရသည်။ ထို့ပြင် လူစည်ကားရာ ဈေးကြီးဖြစ်သည့်အတွက် ခါးပိုက်နှိုက် အန္တရာယ်ဂရုပြုရန် ဈေ့လမ်းညွှန်က သတိပေးလာသကဲ့သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်လည်ပတ် နေမှုအတွက်လည်း လုံခြုံရေးအင်အားကို တိုးမြှင့်ဆောင်ရွက် ထားကြောင်း တွေ့မြင်ခဲ့ရသည်။

**အဆင့်မြင့်ကဇာတ်ရုံ**

ထိုနေ့ညနေပိုင်းတွင် အုရုံမူချီမြို့ရှိ ရွှေရောင်အဆင်း နှင့် ကြက်သွန်ဥပုံစံဒီဇိုင်းတို့ဖြင့် တည်ဆောက်ထားသည့် အဆင့်မြင့်ကဇာတ်ရုံကြီးသို့ သွားရောက်ပြီး "မဇ္ဈိမဒေသ

အမြင့်ကို ဟိုက်ဒရောလစ် ကရိန်းများဖြင့် လိုအပ်သလို အတင် အချပြုလုပ်ပြီး ရေပန်းများကို ဇာတ်စင်အထက်နှင့် အောက်မှ ထည့်သွင်းအသုံးပြုခြင်း၊ ကပြဖျော်ဖြေသူ များစွာအသုံးပြု ထားသည့်အပြင် မြင်း၊ ကုလားအုတ် စသည်ဖြင့် ထည့်သွင်း အသုံးပြုထားခြင်း၊ နောက်ခံတေးသီချင်းများကို ပတ်လည် ပြေးအသံစနစ် (7.1 Surround Sound System) များအသုံးပြုခြင်း၊ ဇာတ်ခုံနဖူးစည်းရှိ LED တွင် တရုတ်၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ကပြမှုဇာတ်ကွက်အလိုက် အမည် များကို ဖော်ပြနိုင်ခြင်း၊ နောက်ခံ Board များကို LED Screen တပ်ဆင်ထားမှုနှင့်အတူ ရောင်စုံမီးဆလိုက်များ ဖြင့် ဆန်းသစ်တီထွင်တင်ဆက်ခြင်းများ ပြုလုပ်နိုင်မှုကြောင့် ကပွဲကို အဆင့်အတန်းမြင့်မားစေသည့်အပြင် နယ်မြေဒေသ ၏ဂုဏ်ကို ဖော်ဆောင်လျက်ရှိရာ ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေသည်။ ဖျော်ဖြေပွဲမစတင်မီ ပွဲလက်မှတ်တစ်စောင်အတွက် ယွမ် ၆၈၀ ဟု တွေ့ရှိလိုက်ရ သဖြင့် အလွန်ဈေးကြီးသည့်ပွဲဟု ယူဆခဲ့သော်လည်း ပွဲပြီးချိန် တွင်မူ အော်ပရာကြည့်ရှုသူ ကိုယ်စားလှယ်များနှင့် ပရိသတ် များ၏ ဩဘာပေးသည့် လက်ခုပ်သံများနှင့်အတူ ထိုက်တန် သည့် ဖျော်ဖြေတင်ဆက်မှုဖြစ်ကြောင်း မှတ်ချက်ပြုမိ သည်။

ထိုနေ့ညပိုင်းတွင် တတိယအကြိမ်မြောက် ပြန်ကြားရေး ဝန်ကြီးများဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့များအား ရှင်းကျန့်-ဝီဂါကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ အစိုးရအဖွဲ့မှ ကြိုဆိုနှုတ်ဆက်သည့် ညစာစားပွဲ သို့ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်စဉ် ညနေက ကြည့်ရှုခဲ့သည့် ဖျော်ဖြေတင်ဆက်မှုအကြောင်း ပြောဆိုကြရာ မှ ဒေသတွင်းရှိ မတူညီသော လူမျိုးများနှင့် ကွဲပြားခြားနား သော ဓလေ့စရိုက်ယဉ်ကျေးမှုများအနက်မှ ထူးခြားမှုများကို ရွေးနုတ်ပြီး နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၏ အကူ အညီရယူကာ ခမ်းနားစွာ တင်ဆက်နိုင်ရန် အထူးစီမံဆောင် ရွက်ထားခြင်းဖြစ်ကြောင်း သက်ဆိုင်သူများထံမှ သိလိုက် ရသည်။

**တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများဆိုင်ရာဖိုရမ်**

မီဒီယာပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်း များ (New Opportunities for Media Cooperation) ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီး များဆိုင်ရာဖိုရမ် (3rd Forum of Ministers Responsible for Information) ကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် အုရုံမူချီမြို့ရှိ ကျွန်တော်တို့အဖွဲ့တည်းခို သည့် TUHA PETROLEUM HOTEL ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဖိုရမ်သို့ အာဖရိက၊ ဥရောပ၊ အာရှနှင့်အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကိုယ်စားလှယ် ၃၅ ဦးနှင့် ဒေသတွင်း မီဒီယာဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက် ကြသည်။

အဆိုပါဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပိုးလမ်းမကြီး တစ်လျှောက်ရှိ နိုင်ငံများကြား မီဒီယာကဏ္ဍပူးပေါင်းဆောင် ရွက်ရေးသည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိရာ မီဒီယာလွတ်လပ်ခွင့်နှင့် ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါ ကြောင်း ဆွေးနွေးပြောကြားသည်။

ဖိုရမ်တွင် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်း (One Belt, One Road Initiative)ကို မီဒီယာနည်းလမ်း ဖြင့် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ပြည်သူ အချင်းချင်း အပြန်အလှန်ဖလှယ်ရေး၊ သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ဖြန့်ဝေမှုဆိုင်ရာနည်းပညာနှင့် အတွေ့အကြုံ များဖလှယ်မှုမြှင့်တင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက် မှုမြှင့်တင်ရေးဆိုင်ရာ သဘောထားအမြင်များကို ဆွေးနွေးခဲ့ ကြသည်။ အလားတူ နိုင်ငံတကာမှဝန်ကြီးများအဆင့် ဖိုရမ် နှင့် ဆွေးနွေးပွဲပေါင်း ၁၅ ခုကိုလည်း ပူးတွဲကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်**

ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အုရုံမူချီ မြို့၏ အနောက်မြောက်ဘက်ရှိ စီးပွားရေးနှင့် နည်းပညာ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်သို့ သွားရောက်လေ့လာကြ သည်။ ယင်းဇုန်သည် နယ်မြေဒေသကြီးငါးခု၊ ခရိုင်ခွဲခြောက်ခု နှင့် ကျေးလက်ဒေသ ၇၁ ခုဖြင့် အကျယ်အဝန်းဧရိယာစတု ရန်းကီလိုမီတာ ၄၈၀ တွင် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။ ယင်းဇုန်ကို မြန်နှုန်းမြင့် ရထားသယ်ယူပို့ဆောင် ရေးလုပ်ငန်း၏ အချက်အချာနေရာဖြစ်သော Swan Lake စီးပွားရေးခရိုင်၊ ရှင်းကျန့်ဆော့ဖ်ဝဲဇုန်၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားစင်တာ၊ အပြည်ပြည်ဆိုင်ရာချည်ထည်နှင့် ကုန်သွယ် မှုစင်တာတို့ ထပ်မံပေါင်းစည်း၍ ဖွဲ့စည်းထားသည်။

ယခုအခါ ယင်းဇုန်တွင် စက်မှုလုပ်ငန်း ၁၁၆ ခု၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၀ နှင့် ကုမ္ပဏီ ၁၃ ခု၊ ရင်းနှီးမြှုပ်နှံ မှုစီမံကိန်း ၂၀၊ တရုတ်နိုင်ငံ၏ ထိပ်တန်းကုမ္ပဏီ ၅၀၀ မှ ရင်းနှီးမြှုပ်နှံထားသော စီမံကိန်း ၃၉ ခု၊ အဆင့်မြင့်နည်းပညာ ၄၆ ခု၊ သုတေသနနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်း ၅၅ ခု၊ စက်မှု ထုတ်ကုန်တန်ဖိုးယွမ်ငွေ သန်း ၁၀၀ စီရှိသည့် ကုမ္ပဏီ ၅၄ ခု၊ အမြတ်နှင့်အခွန် ယွမ်ငွေ ၁၀ သန်းစီရှိသည့် ကုမ္ပဏီ ၃၂ ခု၊ နိုင်ငံပိုင်လုပ်ငန်း ၃၁ ခု၊ အသားတင်ပိုင်ဆိုင်မှုတန်ဖိုး ယွမ် ၈ ဒသမ ၄ ဘီလီယံနှင့် ပိုင်ဆိုင်မှုတန်ဖိုး ယွမ် ၂၅ ဘီလီယံ ရှိသော လုပ်ငန်းများအပါအဝင် အရေးပါသည့်လုပ်ငန်း ၅၈၈ ခု မှတ်ပုံတင်၍ လုပ်ကိုင်လျက်ရှိကြသည်။

ရှင်းကျန့်-ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပိုးလမ်းမ စီးပွားရေးစင်္ကြံ၏ အဓိကဧရိယာအဖြစ် ပေါ်ထွန်းလာမှုနှင့်အတူ ၂၀၁၀ ပြည့်နှစ်မှစတင်လုပ်ဆောင်ခဲ့သော မြန်နှုန်းမြင့်ရထား လမ်းမှာလည်း ၃၇စတုရန်းကီလိုမီတာရှိကာ ယင်းအနက် ၈ ဒသမ ၇ ကီလိုမီတာမှာ အဓိကပင်မဧရိယာဖြစ်လာသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမျိုးသားဖွံ့ဖြိုးရေးဇုန်များ ဘက်စုံဖွံ့ဖြိုးရေး ဆန်းစစ်ချက်တွင် ရှင်းကျန့်- ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၌ ဖွံ့ဖြိုးမှုအမြင့်ဆုံးဇုန်အဖြစ်လည်းကောင်း၊ တရုတ်နိုင်ငံ ၏ အနောက်ပိုင်းဒေသတွင် တတိယဖွံ့ဖြိုးမှုအမြင့်ဆုံးဇုန် အဖြစ်လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

**လေစွမ်းအင်စီမံကိန်း**

ဆက်လက်ပြီး ယင်းဇုန်အတွင်းရှိ လေစွမ်းအင်ဆိုင်ရာ စီမံကိန်းဆောင်ရွက်နေသော Gold Wind ကုမ္ပဏီသို့ သွားရောက်လေ့လာကြသည်။ ယင်းကုမ္ပဏီကို ၁၉၉၈ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ ပေကျင်း မြို့ရှိ Tianrun New Energy ကုမ္ပဏီကြီး၏ ကုမ္ပဏီ ခွဲဖြစ်သည်။ ယင်းကုမ္ပဏီသည် လေကိုတန်ဖိုးရှိစွာ စီမံခန့်ခွဲပြီး လေစွမ်းအင်စီမံကိန်းဖွံ့ဖြိုးရန်၊ လေစွမ်းအင်ဆိုင်ရာနည်းပညာ ဆန်းသစ်တီထွင်မှုများ အားကောင်းလာစေရန်၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍတွင် တိုးချဲ့လုပ်ဆောင်ရန်နှင့် လေအားဖြင့်အသုံးပြုသည့် တာဘိုင်များတပ်ဆင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ပထမဆုံးကမ္ဘာ့ အဆင့်မီ လေစွမ်းအင်နည်းပညာဖွံ့ဖြိုးမှု လမ်းခင်းဖော် ဆောင်နိုင်ရန် မျှော်လင့်ထားပြီး လေစွမ်းအင်ဖွံ့ဖြိုးမှု၊ ပြောင်းလဲမှု၊ နည်းပညာဆိုင်ရာတိုင်ပင်မှု၊ တင်ပို့မှုနှင့်တင်သွင်း မှု၊ အခြားဆက်စပ်စီးပွားရေးလုပ်ငန်းများတွင် ယွမ် ၂ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။

ယင်းထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ရန် နယ်ပယ်လေးခုဖြစ်သော ဖွံ့ဖြိုးမှု၊ ထုတ်လုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ယင်းကုမ္ပဏီမှထုတ်လုပ်သော ပစ္စည်း ၁၅၀၀၀ ကျော်ကို ကမ္ဘာတစ်ဝန်းသို့တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ လေစွမ်း အင်ဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အတွက် လေစွမ်းအင်ဖန်တီးရန် လုပ်ဆောင်နေသော ကမ္ဘာ ပေါ်ရှိ ကုမ္ပဏီ ၅၀၀ အနက်မှ ၂၅ ခုကို ဝန်ဆောင်မှုပေးလျက် ရှိသည်။ ထို့ပြင် ကမ္ဘာတွင်အကျော်ကြားဆုံးဖြစ်သည့် တက္ကသိုလ် ခုနစ်ခုနှင့်လည်း စီမံကိန်းဆိုင်ရာ နည်းပညာများ ဖလှယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

***ဆက်လက်ဖော်ပြပါမည်***



အုရုံမူချီမြို့ရှိ အဆင့်မြင့်ကဇာတ်ရုံကြီးကို တွေ့ရစဉ်

# ကမ္ဘာ့ စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် ဖြန့်ဝေမှုပေးသော ဝန်ဆောင်မှုနည်းလမ်းအသစ်များကို စဉ်ဆက်မပြတ်ရှာဖွေလျက်ရှိ

**၂၀၁၆ ခုနှစ်၊ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂညွှန်ကြားရေးမှူးချုပ်မှ ပေးပို့လာသော သဝဏ်လွှာ**

**"ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်းသို့ အိမ်တိုင်ရာရောက်ဖြန့်ဝေစို့"**

ကမ္ဘာတစ်ဝန်းစာပို့လုပ်ငန်းများသည် အခြားသောဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့ စာပို့လုပ်ငန်းကို အသုံးပြုသော လူထုကို အဓိကထား ဝန်ဆောင်မှုပေးပါသည်။

ကမ္ဘာအနှံ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ် သာဓကအနေဖြင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂကို လွန်ခဲ့သော (၁၄၂) နှစ်ခန့်က ကမ္ဘာအနှံ့စာပို့ခြင်းလုပ်ငန်းကို အခက်အခဲမရှိ တွင်တွင်ကျယ်ကျယ် ပို့ဆောင်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။

သုံးစွဲသူများထံသို့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့်ဝန်ဆောင်မှုကို စာပို့တိုက်လုပ်ငန်းများ ထိရောက်တွင်ကျယ်စေရေးနှင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရေးဟူသည့် ရည်မှန်းချက်များက ပိုမိုတွင်ကျယ်စေခဲ့ပါသည်။

ကမ္ဘာတစ်ဝန်း စာပို့လုပ်ငန်းကို သုံးစွဲသူများက ယုံကြည်သည့်နည်းတူ ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးမှလည်း ပြည်တွင်းသာမက ပြည်ပစာပို့လုပ်ငန်းများကိုပါ ယုံကြည်စွာသုံးစွဲသူများအတွက် ကမ္ဘာတစ်ဝန်းထိရောက်သော ဝန်ဆောင်မှုအဖြစ် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် သုံးစွဲသူများ၏ လိုအပ်ချက်များမှာ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်။ ယနေ့ခေတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကြောင့် အိမ်တိုင်ရာရောက် ဖြန့်ဝေမှုပေးခြင်းထက် သာလွန်သော ဝန်ဆောင်မှုကို လိုအပ်သောသုံးစွဲသူများ ပေါ်ထွက်လာလျက်ရှိပါသည်။ သုံးစွဲသူများသည် မိမိတို့ လိုအပ်သော အချိန်အခါတိုင်းတွင် ဝန်ဆောင်မှုရရှိရန် လိုလားကြပါသည်။ ဤလိုအပ်ချက်များသည် ပိုမိုအဆင်ပြေလွယ်ကူ၍ တစ်ဦးတစ်ယောက်ချင်းစီအတွက် သီးသန့်ဆန်သော ဝန်ဆောင်မှုများဖြစ်ပါသည်။

ဤသို့သော ဆန်းသစ်သည့် လိုအပ်ချက်များသည် အတားအဆီးတစ်ခု ဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် ထိုစိန်ခေါ်မှုများကို အခွင့်အရေးများအဖြစ် မှတ်ယူပြီး သုံးစွဲသူများ၏ လိုအပ်ချက်များနှင့် အကိုက်ညီဆုံးသော ဝန်ဆောင်မှုများကို ပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။

ထိုသို့လုပ်ဆောင်နိုင်ရန် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် သုံးစွဲသူများ၏ အိမ်တံခါးဝများထက် ကျော်လွန်၍ ဖြန့်ဝေမှုပေးသော ဝန်ဆောင်မှုနည်းလမ်းအသစ်များကို စဉ်ဆက်မပြတ်ရှာဖွေလျက်ရှိပါသည်။

အစ္စတန်ဘူလ်ကမ္ဘာ့စာပို့လုပ်ငန်း မဟာဗျူဟာတွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးသည် (၂၀၁၇-၂၀၂၀) အတွင်းနှင့် (၂၀၂၀) အလွန်စာပို့လုပ်ငန်းများအတွက် သင့်လျော်သောအစီအစဉ်များကို လမ်းညွှန်ပေးပါသည်။ ထိုအစီအစဉ်များတွင် အရေးကြီးသော ရည်မှန်းချက်သုံးရပ်ကို ချမှတ်ထားပါသည်။ ၎င်းတို့မှာ -

ရည်မှန်းချက် ၁ ။ ။ စာပို့လုပ်ငန်းကွန်ရက်များအချင်းချင်း ချိတ်ဆက်လုပ်ကိုင်မှု တိုးတက်ရန်

ရည်မှန်းချက် ၂ ။ ။ စာပို့လုပ်ငန်းရေရှည်တည်တံ့ရန်နှင့် ခေတ်မီတိုးတက်ရန်

ရည်မှန်းချက် ၃ ။ ။ ကမ္ဘာတစ်ဝန်းစာပို့လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ ၂၀၂၀ မျှော်မှန်းချက်သည် ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းမျှော်မှန်းချက်အတိုင်း ကျွန်ုပ်တို့စာပို့လုပ်ငန်းသည် နောင်လေးနှစ်လွန်ကာလတစ်လျှောက် ရှင်သန်တိုးတက်စေမည့် ဆန်းသစ်၊ တီထွင်ဖန်တီး၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံတကာ၊ ဒေသတွင်းနှင့် ပြည်တွင်းအတူတကွပူးပေါင်းလုပ်ကိုင်သော စာပို့လုပ်ငန်းကွန်ရက်နှင့် စာပို့လုပ်ငန်းကို အစိုးရနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ တိုးတက်မှုအတွက် ကြားခံတစ်ခုအဖြစ် သတ်မှတ်သော အဖွဲ့အစည်းများကြားတွင် ဆန်းသစ်မှုများကို မျှဝေ၊ တိုးမြှင့်၊ ဖြန့်ဝေနိုင်သည့် စာပို့လုပ်ငန်းကြီးပေါ်ပေါက်လာရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ခြုံငုံ၍ပြောရလျှင် သုံးစွဲသူများ၏ နေ့စဉ်ဘဝတွင် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ ယူဆောင်လာသောအခွင့်အရေးသစ်များကို ကျွန်ုပ်တို့ ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးရမည်ဖြစ်သည်။

ကမ္ဘာ့စာပို့တိုက်သမဂ္ဂကြီးသည် သုံးစွဲသူများ၏လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စာပို့လုပ်ငန်းတွင် တာဝန်ရှိသူများနှင့် အခြားတာဝန်ရှိသူအသီးသီး တို့ပူးပေါင်းဆောင်ရွက်ခြင်းအပြင် ၎င်းတာဝန်ရှိသူအသီးသီးမှ သုံးစွဲသူများ၏ အစဉ်မပြတ်ပြောင်းလဲနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းအသစ်များ ဆွေးနွေးလုပ်ဆောင်နိုင်ရန် အခြေအနေများ ဖန်တီးပေးလျက်ရှိသည်။

ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း အမျိုးမျိုးတို့အတွက် ယုံကြည်အားကိုးရသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ပျော်ရွှင်ဖွယ်ရာ ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# မြန်မာ့စာတိုက်လုပ်ငန်းအကြောင်း တစေ့တစောင်း

Myanmar Post VISION
လူတိုင်းအတွက် မြန်မာ့စာတိုက်
(Myanmar Post for everyone)

## ခမ်း(စိန်လုံကဘား)

ဆီးနှင်းမှုန်မှုန်
မိုးသုန်သုန်နှင့်
နေရှိန်ပူပြင်း
အမှောင်ချဉ်းနှင့်
အချိန်လင့်မှု
ဂရုမထား၊ သုံးပါးရာသီ
အခါမရွေး
ပေးသည့်တာဝန်
ကျေပွန်စွာဖြင့်
လျင်မြန်ပေသည့်
စာဝေလုလင်။

**ဟီရိုဒိုတပ်(စ်)(ဘီစီ ၄၈၄- ၄၂၄)**

နှစ်ပေါင်း ၂၀၀၀ ကျော်က ဂရိပညာရှင်သမိုင်းသခင်ကြီး ဟီရိုဒိုတပ်(စ်)က စာပို့လုလင်များ ဥတုသုံးလီ၊ ရာသီမရွေး ပေးသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပုံ၊ လူနေမှုစနစ်အတွင်းတွင် မည်သို့အကျိုးဆောင်ခဲ့ပုံများနှင့် ၎င်းတို့၏ဘဝကို အထက်ပါအတိုင်း ဖွဲ့ဆိုခဲ့ကြောင်း သိရှိရပါသည်။

ဟီရိုဒိုတပ်(စ်) ဖွဲ့ဆိုခဲ့သည့်အတိုင်း အခြေခံ စာပို့ဝန်ဆောင်မှုလုပ်ငန်းမှ ယခုခေတ် ယခုအခါတွင် စာတင်မကတော့ဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကမ္ဘာအနှံ့ ချောထုပ်များ၊ ငွေများ ပေးပို့သည့် ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာသုံး အခြားဝန်ဆောင်မှုလုပ်ငန်းများကိုပါ တိုးချဲ့လာခဲ့ပါသည်။ စာတိုက်၏ ဆောင်ပုဒ်ဖြစ်သော **"Mail never stop"(စာပို့ခြင်း မည်သည့်အခါမှ မရပ်နားစေရ) ဆိုသည့်အတိုင်း စာတိုက်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများအားလုံးသည် လိပ်စာရှင်လက်ဝယ်အရောက် ဥတုသုံးလီ ရာသီမရွေး၊ နေပူမိုးရွာမရှောင်၊ အချိန်အခါမလင့်စေဘဲ အမြန်ဆုံး ပေးဝေနိုင်ရန် သတိချပ်သင့်ပေသည်။**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မူဝါဒတွင်လည်း **"စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများတပ်ဆင်၍ အရည်အသွေးတိုးတက်စေရန်နှင့် ပြည်သူလူထု၏ ယုံကြည်မှု အပြည့်အဝရရှိစေရန်"** ချမှတ်ထားပြီး **မြန်မာ့စာတိုက်လုပ်ငန်းအား နိုင်ငံတော် ဘတ်ဂျက်ကို ရယူသုံးစွဲပြီး ခေတ်မီသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းချက်**ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **ပြည်သူများမှ စာတိုက်လုပ်ငန်းအပေါ် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် ခေတ်မီ IT နည်းပညာအသုံးချ၍ နိုင်ငံတကာ၌ ဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်သွားရန် လုပ်ငန်းစဉ်များ** ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းကို Public Sector ဟုဆိုသော စာတိုက်လုပ်ငန်း သုံးစွဲသူ အများပြည်သူ၏ အကျိုး (Public Benefit) ကို Private sector ဟုခေါ်သော ပုဂ္ဂလိက အခန်းကဏ္ဍနှင့် Partnership ဆိုသည့်အတိုင်း အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်း၊ သဘောတူညီခြင်း၊ လက်တွဲဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများကို ပြန်လည်သုံးသပ်၍ တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းဖော်ထုတ်ခြင်းဖြင့်လည်းကောင်း Public Private Partnership (PPP) ပုံစံအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်ရှိ မြန်မာ့စာတိုက်လုပ်ငန်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာဒေသမဆို ပြည်တွင်းအခြေခံစာပို့ခ ၁၀၀ ကျပ်ကောက်ခံ၍ အိမ်တိုင်ရာရောက် ပေးဝေဝန်ဆောင်မှု ပေးလျက်ရှိပါသည်။(ဥပမာ- ရန်ကုန်မှ မြစ်ကြီးနားသို့ ပေးပို့သည့်စာ) အမှန်တကယ် ကုန်ကျစရိတ်မှာ ၂၃၇၈ ကျပ် ဖြစ်သဖြင့် စာတစ်စောင်ပို့တိုင်း ၂၂၇၈ ကျပ် ရှုံးခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ရှစ်ဘီလီယံနိုင်ငံတော်မှ အရှုံးခံ၍ ဝန်ဆောင်မှုပေးခဲ့ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် မူဝါဒအတိုင်း စာတိုက်လုပ်ငန်းဝန်ဆောင်မှုများအနက်မှ ပြည်တွင်း အမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်းကို နေ့စဉ်ပိတ်ရက်မရှိ တစ်နှစ်ပတ်လုံး ၃၆၅ ရက် ဝန်ဆောင်မှုပေးလျက်ရှိကဲ့သို့ **နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီး သုံးမြို့အတွင်း သတ်မှတ်သည့် မြို့နယ်များ၌ ယနေ့ပို့ မနက်ဖြန်ရောက်စနစ်**ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၉-၁၀-၂၀၁၆ရက်နေ့မှစ၍လည်း မြန်မာ့စာတိုက်လုပ်ငန်းမှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့ကြီးသုံးမြို့၌ လူစည်ကားရာ ဈေးများ၊ ကားဂိတ်များတွင် Mobile post office ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာ့စာတိုက် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

ထို့အပြင် အောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို ၂၆-၈-၂၀၁၆ ရက်နေ့တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း

(ခ) ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းများ (မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်/ ကားလက်မှတ်/ အမြတ်ခွန်/အာမခံလုပ်ငန်း/ အရစ်ကျရောင်းချခြင်းများအတွက် ငွေကောက်ခံပေးခြင်း)

(ဂ) Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်း

(ဃ) ဘဏ်လုပ်ငန်း ကိုယ်စားလှယ်ဆောင်ရွက်ပေးခြင်း

(င) Mobile Money လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း

(စ) စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်း

မြန်မာ့စာတိုက်လုပ်ငန်းက လက်ရှိရှုံးနေသော အရှုံးများကို လျော့ကျစေရေး၊ သုံးစွဲသူပြည်သူများကို ယခုထက် ပိုမိုကောင်းမွန်သော စာတိုက်ဝန်ဆောင်မှုများကို မြန်မာ့စာတိုက်တစ်ခုတည်းမဟုတ်ဘဲ နှစ်သက်ရာရွေးချယ်အသုံးပြုနိုင်ရေး၊ ပုဂ္ဂလိက ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ အခွင့်အလမ်းများ တိုးချဲ့ပေးနိုင်ရေး၊ ခေတ်မီ IT နည်းပညာနှင့် စက်ပစ္စည်းကိရိယာများကို အသုံးပြု၍ နိုင်ငံတကာအဆင့်မီ အသွင်ပြောင်းလဲဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ရည်ရွယ်၍ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် လူမှုရေးကဏ္ဍအနေဖြင့် လူ့လောကအတွင်း လူတစ်ဦးနှင့်တစ်ဦး အကောင်း၊ အဆိုး၊ ဝမ်းနည်းဖွယ်၊ ဝမ်းသာဖွယ် ပုဂ္ဂလိက ဆက်သွယ်မှုကဏ္ဍတွင်သော်လည်းကောင်း၊ မှုရင်း၊ စာချုပ်၊ စာရွက်စာတမ်း အထောက်အထားများနှင့် လူ့အသုံးအဆောင်ပစ္စည်းမှစ၍ ကုန်သွယ်မှုဆိုင်ရာပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေသည့် စီးပွားရေးကဏ္ဍတွင် သော်လည်းကောင်း၊ ဝေးလံခေါင်ဖျား ဒေသများ၌ရှိသော ဌာနဆိုင်ရာအသီးသီး၏ ၎င်းတို့ရုံးများအရောက် အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်သွယ်ပေးပို့ရသည့် အုပ်ချုပ်ရေးကဏ္ဍတွင်သော်လည်းကောင်း၊ အသွင်မပြောင်းဘဲ စနစ်ပြောင်းလဲဆောင်ရွက်မည့် ဝန်ဆောင်မှုများ ပေးနေသည်မှာ မြန်မာ့စာတိုက်လုပ်ငန်းပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အချင်းချင်းတစ်ဦးနှင့်တစ်ဦး တောတောင်ရေမြေမိုင်ပေါင်းမည်မျှပင် ဝေးနေစေကာမူ နီးစပ်မှုနှင့် ရင်းနှီးမှုကို ဆက်သွယ်ဖန်တီးပေးသောဌာန၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာ့စာတိုက်လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများအားလုံး ပြောင်းလဲချိန်တန်ပြီဖြစ်သဖြင့် Myanmar Post ၏ Vision အတိုင်း **"လူတိုင်းအတွက် မြန်မာ့စာတိုက်"** ဖြစ်စေရန်နှင့် ပြည်သူ့ဗဟိုပြု မြန်မာ့စာတိုက်လုပ်ငန်းဖြစ်ပေါ်လာစေရေးအတွက် Mindset မှစ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရန်အလေးအနက်တိုက်တွန်းရင်း မြန်မာ့စာတိုက်လုပ်ငန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း အမှုထမ်းအားလုံးက ပြည်သူလူထု၏ ယုံကြည်မှု ပြန်လည်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

မြန်မာ့စာတိုက်လုပ်ငန်းနှင့်ပတ်သက်သော အကြံပြုချက်၊ စုံစမ်းမေးမြန်းသိရှိလိုချက်နှင့် တိုင်ကြားချက်များရှိပါက ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စာတိုက်လုပ်ငန်း၊ နေပြည်တော် (စာပို့သင်္ကေတ-၁၅၀၁၁) သို့ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းအမှတ် (၀၆၇-၄၂၀၈၈၃) သို့ ပိတ်ရက်မရှိ ရုံးချိန်အတွင်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြလိုက်ရပါသည်။



# ရတနာပုံမန္တလေး မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး နတ်ရွာစံသက် ၁၃၈ နှစ်ပြည့် မတကဘတ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွေတော်မျိုးတော်များ သက်ကြီးပူဇော်ပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၈**

ကုန်းဘောင်ဆက်မောင်နှမများ စီစဉ်ဆောင်ရွက်သည့် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်း နတ်ရွာစံသက် ၁၃၈ နှစ်ပြည့် မတကဘတ်(သေသူအားရည်စူး၍ ကပ်လှူသောဆွမ်း) ဆက်ကပ်လှူဒါန်းခြင်းနှင့် သက်ကြီး ဆွေတော်မျိုးတော်များအား ပူဇော်ပွဲအခမ်းအနားကို နှစ်ပေါင်း ၁၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မြနန်းစံကျော် ရွှေနန်းတော်၊ မြနန်းပြာသာဒ်ဆောင်၌ ယမန်နေ့က ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင်သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယ အမှူးပြုသော ဆရာတော် သံဃာတော် ၆၅ ပါး ကြွရောက်တော်မူကြပြီး မင်းတုန်းမင်း၊ အိမ်ရှေ့စံ ကနောင်မင်းတို့၏ ဆွေတော် မျိုးတော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသက် ၇၀ အထက် မင်းတုန်းမင်း၏ မြစ်တော် ၂၀၊ တီတော် ၃၁ ဦး၊ အိမ်ရှေ့စံကနောင်မင်း၏ မြစ်တော်ရှစ်ဦး၊ တီတော် ၂၂ ဦး စုစုပေါင်း ၈၁ ဦးတို့ကို ကုန်းဘောင်မင်းဆက်ညီအစ်ကိုမောင်နှမများက ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြသည်။

မင်းတုန်းမင်းနတ်ရွာစံပြီးနောက် နန်းတက်သော သီပေါမင်းလက်ထက်မှ စတင်ပြီး မင်းတုန်းမင်းနတ်ရွာစံသည့်နေ့တွင် နန်းတော်တွင်း၌ မတကဘတ်အလှူ(သေသူအား ရည်မှန်းကာ ဆွမ်းဆက်ကပ်ခြင်းအလှူ) ကို စတင်ခဲ့သော်လည်း တိုင်းပြည် ကိုလိုနီဘဝကျရောက်ခဲ့ချိန်မှစတင်ပြီး ခေတ်ကာလအခြေအနေအရ မင်းတုန်းမင်း၏ ပြာသာဒ်တော်ဘေး၌သာ ကျင်းပခွင့်ရရှိခဲ့ပြီး နန်းတော်တွင်း၌ ကျင်းပခွင့်မရခဲ့ပေ။

ဒုတိယကမ္ဘာစစ် ဖြစ်ချိန်တွင် ပျဉ်းမနားမင်းသားကြီး ဇနီးမောင်နှံသည် စစ်ပြေးရင်း ရောက်ရာအရပ်၌လည်းကောင်း၊ စစ်ပြီးခေတ်တွင် ဆွေတော်မျိုးတော်များက ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)၌ မတကဘတ်ဆွမ်းကပ်ခဲ့သော်လည်း ပျဉ်းမနားမင်းသားကြီးနှင့် ထရံကာထိပ်ခေါင်တင် မင်းသမီးတို့ ကံတော်ကုန်ပြီးနောက် မတကဘတ်ဆွမ်းကပ်ခြင်း မပြုနိုင်ခဲ့သည်မှာ ၅၁ နှစ်တိုင်ရှိခဲ့ပေသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် မင်းတုန်းမင်း၏ ကုသိုလ်တော်ဖြစ်သော မန္တလေးတောင် ရွှေကျင်တိုက်မကြီးရှိ ကျွန်းကျောင်းတော်ကြီး၌ ဆွမ်းပြန်လည်ကပ်နိုင်ခဲ့ပြီး ယခုနှစ်တွင် မြနန်းစံကျော် ရွှေနန်းတော်၌ ပထမဦးဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အစဉ်အဆက်က ဆောင်ရွက်လာခဲ့တဲ့ အစဉ်အလာကို ပြန်လည်ဖော်ထုတ်ဖို့ ဆွေတော်မျိုးတော်တွေ၊ မြို့မိမြို့ဖတွေနဲ့ တိုင်ပင်ကာ သူတို့ရဲ့အကြံဉာဏ်နဲ့ အားပေးမှုတွေကြောင့် ၂၀၁၅ ခုနှစ်မှာ ရွှေကျင်ကျောင်းတော်ကြီးမှာ စတင်ကျင်းပခွင့်ရခဲ့ပြီး ယခုနှစ် မြနန်းစံကျော် ရွှေနန်းတော်ကြီးမှာ ကျင်းပခွင့်ရခဲ့တာပါ။ ဒီလိုကျင်းပခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရသလို၊ ကူညီဆောင်ရွက်ပေးတဲ့သူတွေ အားလုံးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်" ဟု ဆွေတော်မျိုးတော်တစ်ဦးဖြစ်သူ ထိပ်တင်ဇော်က ပြောသည်။

**မင်းထက်အောင်၊ အေးမြ(မန္တလေး)**

# ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သာမန်ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်




**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သာမန် ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ်ရှိ အထက ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ်အတွင်း သာမန် ရွှေ့ပြောင်းနေထိုင်သူ အိမ်ထောင်စု ၇၉၅ စု၊ လူဦးရေ ၁၆၆၃ ဦးတို့အတွက် အိမ်ထောင်စု လူဦးရေစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က စီမံချက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရွှေ့ပြောင်းနေထိုင်သူ အများစုမှာ ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း အလုပ်အကိုင်အခွင့်အလမ်းပေါသည့် မြို့ပြများဆီသို့ အများအပြား ရွှေ့ပြောင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ရောက်ရှိနေထိုင်သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေသော်လည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိကြသည့်အတွက် သားသမီးများ၏ အလုပ်အကိုင်၊ ပညာရေး၊ လူမှုရေးအစရှိသည်တို့တွင် အခက်အခဲများ ဖြစ်နေသည်ကို တွေ့နေရပါကြောင်း၊ ၎င်းတို့နေထိုင်ရာ အရပ်များဆီသို့ ပြောင်းရွှေ့ပုံစံ(၁၀) ယူနိုင်ရန်အတွက် ငွေကြေးမပြည့်စုံသူများတွင် အခက်အခဲများ ရှိသည်ကိုလည်း တွေ့မြင်နေရသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ယင်းအခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်ရေးဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်အမြန်ရဖို့ ပြည်သူများမှကူညီစို့ ဟူသောဆောင်ပုဒ်နှင့်အညီ ကျန်ရှိနေသော နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးနိုင်ရေးအတွက် ပြည်သူများနှင့်သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကလည်း လိုအပ်သည့် နိုင်ငံရေးမှတ်တမ်း နိုင်-၂ ပုံစံများကို ဝိုင်းဝန်းရေးသွင်းပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အစိုးရသစ် တက်လာပြီးတဲ့နောက်ပိုင်းမှာ ပြည်သူတွေအတွက် ဘယ်လုပ်ငန်းတွေကို ဦးစားပေးလုပ်ငန်းအနေနဲ့ လုပ်ပေးမလဲဆိုပြီး စတင်စဉ်းစားတဲ့အခါမှာ ဒီရွှေ့ပြောင်းနေထိုင်တဲ့ လူဦးရေမှာ ကျောက်မျက်လုပ်ငန်းတို့လို သယံဇာတထုတ်ကုန်လုပ်ငန်းတွေလုပ်တဲ့နေရာမှာ အများဆုံးဖြစ်ပါတယ်။ ပထမတော့ မိသားစုထဲက တစ်ယောက် နှစ်ယောက်၊ နောက်တော့လည်း အလုပ်အကိုင်ကောင်းတော့ တစ်မိသားစုလုံး ပြောင်းရွှေ့ပြီးတော့ နေထိုင်တာတွေ လုပ်လာကြပါတယ်။ ဒီလိုတွေနေထိုင်တဲ့နေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှ မိသားစု ဘယ်နှဦးရှိတယ်ဆိုတာ မှတ်ပုံတင်တဲ့စနစ်နဲ့ နေထိုင်ရတာဖြစ်ပါတယ်။ တစ်မြို့က တစ်မြို့ ပြောင်းမယ်ဆိုရင်လည်း ပုံစံ(၁၀)ဆိုတာ အရပ်ကသိတဲ့အတိုင်း လဝကကနေ ယူရပါတယ်။ အဲဒီလို အိမ်ထောင်စုစာရင်းတွေပေးဖို့အတွက် မြန်မာနိုင်ငံမှာလည်း ပထမဆုံးအကြိမ်ဖြစ်သလို၊ အခု ပုသိမ်ကြီးမြို့နယ်မှာ ပထမဆုံး ပေးအပ်ခဲ့တာဖြစ်ပါတယ်။ ကျန်နေတဲ့ မြို့နယ်တွေကိုလည်း ဆက်လက်ပေးသွားမှာဖြစ်ပါတယ်။ စာရင်းကောက်တဲ့နေရာမှာ အခက်အခဲတွေရှိခဲ့ပေမယ့်လည်း အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ပေးခဲ့ပါတယ်" ဟု တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ချယ်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သာမန်ရွှေ့ပြောင်းနေထိုင်မှုအနေဖြင့် အိမ်ထောင်စု ၁၀၁၆၁ စု၊ လူဦးရေ ၃၀၇၄၂ ဦးနဲ့ ယာယီရွှေ့ပြောင်းနေထိုင်မှုအနေဖြင့် အိမ်ထောင်စု ၁၂၁၃၉ စု၊ လူဦးရေ ၄၆၁၁၇ ဦးအတွက် စာရင်းများ ကောက်ယူပြီးစီးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အခြေခံပညာကျောင်းများရှိ ကျောင်းသား ၆၆၇၁၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေးခြင်းနှင့် မိဘမဲ့ဂေဟာ၊ ပရဟိတဂေဟာများမှ ကလေးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်

(က) တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(ခ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) ပြည်ထောင်စုစိတ်ဓာတ် ထာဝရရှင်သန်ထက်မြက်ရေး၊

(ဃ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(င) ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေး။

# မသန်စွမ်းသူများအတွက် ခြေတုများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် LDSC (LATTER-DAY SAINT CHARITIES)တို့ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းမောင်မယ်များက "ကမ္ဘာမြေကြီးက ကျေနပ်တယ်" သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားကာ LDSC မှ Country Director Mr. Michael Error က ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက မုဒိတာစကား ပြောကြားကာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ခြေတုများလှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ LDSC မှ Country Director Mr. Michael Error ၊ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် တာဝန်ရှိသူများက မသန်စွမ်းသူများကို ခြေတုများတပ်ဆင်ပေးခဲ့သည်။

ထို့နောက် ခြေတုရရှိသူများကိုယ်စား ခြေတုရရှိသူ ဦးရွှေဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ယနေ့ကျင်းပသည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် LDSC တို့ပူးပေါင်း၍ ခြေတုပေးအပ်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှစ်မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၇၀ အား ခြေတုများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကင်းထောက်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့် ကင်းထောက်ဖွဲ့စည်းပြီး ရန်ကုန်တိုင်းဒေသကြီး ၂၃ မြို့နယ်မှ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကင်းထောက်လုပ်ငန်းများညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၌ ကျင်းပသည်။

ယင်းကင်းထောက်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ် ညှိနှိုင်းရေးမှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်ကြီးများနှင့် ဆွေးနွေးပွဲတက်ရောက်ကြသူများက နို့ဝင်ဘာလတွင်ကျင်းပမည့် မြန်မာနိုင်ငံ ကင်းထောက်နှစ်ရာပြည့်အထိမ်းအမှတ်ကို ကင်းထောက်ဖွဲ့စည်းပြီး ကျောင်းများ၌ အကြိုလှုပ်ရှားမှုအဖြစ် အမှတ်တရပစ္စည်းများရောင်းချရေး၊ ကျောင်းအလိုက်၊ ကင်းစိတ်အလိုက် အများအကျိုးအကောင်အထည်ဖော်မည့် လူမှုရေးလုပ်ငန်းများဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ကင်းထောက်သမိုင်း၏ အစဉ်အလာအရ ကင်းထောက်လူငယ်များသည် မိမိလုပ်အားဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့သည်နှင့်အညီ ယခု သီတင်းကျွတ်ကျောင်းပိတ်ရက်မှအစပြုပြီး "လုပ်ငန်းတစ်ရပ် ငွေကျပ်တစ်ထောင်၊ သီတင်းပတ်" အဖြစ် ကင်းထောက်လူငယ်အမျိုးသားများက ကင်းထောက်ရန်ပုံငွေရှာဖွေရေး လုပ်ငန်းများဆောင်ရွက်ရေး ဆွေးနွေးကြသည်။

**ကိုလတ် ( သတင်းစဉ် )**

## မိုးထစ်ချုန်းရွာမည်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်သည်။

**(မိုး/ဇလ)**

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။

# မြိတ်မြို့၌ ငြိမ်းချမ်းရေးကာတွန်းပြပွဲ ကျင်းပ



**မြိတ် အောက်တိုဘာ ၈**

Edutton Cartoon Group က စီစဉ်ပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကာတွန်းဆရာများ ပူးပေါင်းရေးဆွဲထားသည့် ငြိမ်းချမ်းရေးကာတွန်းများကို အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီက မြိတ်မြို့ ကမ်းနားလမ်း သဲကွင်းရှိ MYEIK Shopping Center ၌ ငြိမ်းချမ်းရေးကာတွန်းပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကာတွန်းပြပွဲ၌ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားပြီး ကာတွန်း ဝေယံ(တောင်ကြီး)က ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြိတ်မြို့မှ ဦးတင်ကိုကို ဦးက ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့်စကားများ ပြောကြားကာ ကဗျာဆရာ ကိုယုပိုင်က ငြိမ်းချမ်းရေးကဗျာရွတ်ဆိုခဲ့သည်။

ဆက်လက်၍ အဆိုတော် စောဖိုးခွားနှင့်အဖွဲ့က ငြိမ်းချမ်းရေးကို ကြိုဆိုသည့် တေးသီချင်းများဖြင့် ပြပွဲတက်ရောက်လာကြသူများကို သီဆိုဖျော်ဖြေခဲ့ကြပြီး ပြပွဲတက်ရောက်လာကြသူများက ကာတွန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ငြိမ်းချမ်းရေးကာတွန်းများကို မြန်မာနိုင်ငံစာနယ်ဇင်း ကာတွန်းဆရာ ၁၈၈ ဦး ရေးဆွဲခဲ့သည့် ကာတွန်းစုစုပေါင်း ၂၅၀ ကို အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက် ပြသပေးသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

WORLD SIGHT DAY

အောက်တိုဘာလ(၁၃)ရက်၊ကြာသပတေးနေ့

"Stronger Together"

အမြင်အာရုံကောင်းမွန်ရေး

# ပြည်မြို့၌ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများ ကျဆင်းရေးဆောင်ရွက်နိုင်ရန် ဒေသန္တရအမိန့်ထုတ်ပြန်

**ပြည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့်မှုခင်းများကျဆင်းရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၆ ရက်က ဒေသန္တရအမိန့်(၁၈၈)ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းဒေသန္တရအမိန့်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြော်ငြာစာအမှတ်(၆/၂၀၁၆)ဖြင့် ထုတ်ပြန်ခြင်းဖြစ်ပြီး ပြည်မြို့နယ်အတွင်း ရပ်ကွက်အသီးသီးရှိ စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ကာရာအိုကေ၊ နေအိမ်၊ ဘော်ဒါဆောင်တို့၌ အနှိပ်ခန်းများ ဖွင့်လှစ်ခြင်း၊ အမျိုးသမီးများထားရှိ၍ ပျော်ပါးခြင်း၊ အစားအသောက် ကျွေးမွေးစေခြင်းတို့ကို တားမြစ်ခြင်းဖြစ်ကာ လူ့ကျင့်ဝတ်နှင့် ကိုယ်ကျင့်စာရိတ္တပျက်ပြားစေသည့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများဖြင့် လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၁၈၈)ဖြင့်လည်းကောင်း အရေးယူမည်ဖြစ်သည့်အပြင် လိုင်စင်ရယူထားသည့် လုပ်ငန်းများကိုပါ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုအမိန့်ထုတ်ရတာကလည်း တရားဥပဒေစိုးမိုးမှု အားကောင်းစေရေးနဲ့ အရက်သေစာသောက်စားမူးယစ်ပြီး ညအချိန်မတော်သွားလာရင်း မလိုလားအပ်တဲ့ ရာဇဝတ်မှုတွေကို တားဆီးနိုင်မှာလည်းဖြစ်တယ်။ ထုတ်ပြန်ထားတဲ့ အမိန့်အရ ရှောင်တခင်ဝင်ရောက်စစ်ဆေးလို့ တွေ့ရှိရင် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဒေါက်တာ စစ်အောင်လတ်က ပြောကြားသည်။ **ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံစတုတ္ထမဏ္ဍိုင်ကို ပြောမှားဆိုမှား နှုတ်လွန်ခဲ့မှု Aim Star ကုမ္ပဏီမှ ကိုဂျိုးဆက် မီဒီယာများအားတောင်းပန်စကားဆို

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော ပြည်တွင်းမီဒီယာများမှ သတင်းထောက်များကို ပြည်ပမီဒီယာများနှင့်နှိုင်းယှဉ်ကာ ပြောမှားဆိုမှားခဲ့မှုနှင့်စပ်လျဉ်း၍ Aim Star ကုမ္ပဏီမှ ကိုဂျိုးဆက်က ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးဝင်းအတွင်းရှိ Western Park Royal ခန်းမ၌ မြန်မာနိုင်ငံမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ ရှေ့မှောက်၌ အနူးအညွတ်တောင်းပန်စကားဆိုခဲ့ကြောင်း သိရသည်။



Aim Star ကုမ္ပဏီမှ ကိုဂျိုးဆက်က အဆိုပါအခမ်းအနားတွင် "စက်တင်ဘာ ၂၀ ရက်တုန်းက ကျွန်တော် မန္တလေးမှာ ဆွေးနွေးပွဲတစ်ခုလုပ်တယ်။ တကယ်တမ်း အဲဒီစီးပွားရေး ဆွေးနွေးပွဲက လုပ်နေကျ။ ကျွန်တော့်ရဲ့သူငယ်ချင်းတွေ၊ စီးပွားရေးသမားတွေနဲ့ ပျော်ပျော်ရွှင်ရွှင်စနေကျ၊ နောက်နေကျ၊ အဲဒီအချိန် ကျွန်တော့်ကို မေးတဲ့မေးခွန်းတွေကို ပြန်ဖြေခဲ့တာ။ ဒါပေမယ့် အဲဒီပြန်ဖြေတဲ့စကားက လူအများကို ထိခိုက်တဲ့စကားတွေပါသွားတယ်။ စိတ်လိုက်မာန်ပါနဲ့ ပြောလိုက်တဲ့အတွက် နောက် ပြန်စဉ်းစားမိပြီးတော့ တော်တော်လေးကို စိတ်မကောင်းမိခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ ပြောလိုက်တဲ့စကားတွေကြောင့် တချို့ရဲ့ဂုဏ်သိက္ခာနဲ့ စိတ်ကို ထိခိုက်တဲ့စကားတွေ ပါသွားတယ်။ အဲဒီပြောခဲ့တဲ့ စကားတွေတစ်ခွန်းစီကို ဒီကနေ့ ရုပ်သိမ်းပြီးတော့ အထူးပဲတောင်းပန်ပါတယ်"ဟု ပြောကြားသည်။

Aim Star ကုမ္ပဏီမှ ကိုဂျိုးဆက်သည် ပြီးခဲ့သည့် စက်တင်ဘာ ၂၀ ရက်က မန္တလေး၌ ကျင်းပခဲ့သည့် စီးပွားရေးအသိအမြင်ဟောပြောပွဲတွင် "ကမ္ဘာမှာယုံကြည်စရာ သတင်းသမားတွေ အများကြီးရှိတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမပါဘူး။ မြန်မာနိုင်ငံက သတင်းသမားတွေက တတ်လို့ရေးတာမဟုတ်ဘူး၊ ငတ်လို့ရေးတာ၊ သေချာမသိဘဲနဲ့ ရေးကြတယ်" စသည့်နှုတ်ဖြင့် ပြောကြားခဲ့သော စကားလုံးများက အွန်လိုင်းမှတစ်ဆင့် နိုင်ငံတစ်ဝန်း ပျံ့နှံ့သွားခဲ့သည်။ ယင်းစကားများ ကို ပြည်တွင်းမီဒီယာသမားများက မကျေမနပ်ဖြစ်ကာ စုပေါင်းလက်မှတ်ရေးထိုးကြပြီး မြန်မာဂျာနယ်လစ်ကွန်ရက်တွင် စုရုံး၍ နှစ်ကြိမ် ဆွေးနွေးခဲ့ကာ ကိုဂျိုးဆက်အနေဖြင့် ပြည်သူအများရှေ့တွင် ပြောကြားခဲ့ခြင်းဖြစ်၍ ပြည်သူအများသိအောင် မီဒီယာများကို ထင်သာမြင်သာရှိရှိ တောင်းပန်ပေးလျှင် ကျေနပ်နိုင်မည်ဟု အများသဘောဆန္ဒဖြင့် သတင်းမီဒီယာကောင်စီသို့ တင်ပြခဲ့၍ ယနေ့ သတင်းမီဒီယာများအား တောင်းပန်စကားဆိုခဲ့ခြင်းဖြစ်သည်။

ကိုဂျိုးဆက်က ယင်းသို့ တောင်းပန်စကားဆိုခဲ့ပြီး မီဒီယာများ ကျေနပ်စေရန်နှင့် အများပြည်သူသိရှိစေရန် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်လည်း သုံးရက်တိုင်တိုင် တောင်းပန်လွှာကြော်ငြာစာကို ထင်သာမြင်သာရှိရှိ ဖော်ပြပေးသွားမည်ဖြစ်ကြောင်း ကတိစကားဆိုခဲ့သည်။ ထို့အပြင် ကိုဂျိုးဆက်သည် ကုမ္ပဏီတွင် Double Diamond အဆင့်ရှိ ရာထူးတာဝန်ယူထားပြီး လစဉ်ဝင်ငွေ ဂဏန်းရှစ်လုံး(ငွေကျပ် ၁၀ သန်း) ရှိကြောင်း၊ သက်ဆိုင်ရာအခွန်ဌာနသို့လည်း သတ်မှတ်ဝင်ငွေခွန်ပေးဆောင်ထားပြီးဖြစ်ကြောင်း မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

"အဲဒီနေ့က ကျွန်တော်ပြောခဲ့တဲ့စကားတွေထဲမှာ နိုင်ငံခြားမှာက သတင်းတွေရှိတယ်။ ယုံကြည်လို့ရတယ်။ မြန်မာပြည်သတင်းကတော့ ယုံကြည်လို့မရဘူး။ အများသောအားဖြင့်လို့ ကျွန်တော်ပြောသေးတယ်။ အဲဒီစကားကြောင့် စိတ်ထိခိုက်တဲ့သူတွေရှိတယ်။ ပြီးတော့ သတင်းသမားတွေရဲ့ ဂုဏ်သိက္ခာကိုသွားပြီးတော့ စော်ကားမိသလိုလည်းဖြစ်တယ်။ အဲဒါကြောင့် လူကြီးမင်းတို့နဲ့ ကျွန်တော့်ရဲ့ လေးစားအပ်ပါသော မိတ်ဆွေသူငယ်ချင်းများရှေ့မှာ အဲဒီစကားကို ပြန်ရုပ်သိမ်းပြီးတော့ စိတ်ထိခိုက်တဲ့လူပဲဖြစ်စေ၊ ဂုဏ်သိက္ခာထိခိုက်တဲ့သူပဲဖြစ်စေ၊ အားလုံးကို ကျွန်တော့်အနေနဲ့ အနူးအညွတ်တရားဝင် ပြန်တောင်းပန်ပါရစေ။ ပြီးတော့ တတ်လို့မဟုတ်ဘဲ ငတ်လို့ လုပ်တယ်ဆိုတဲ့ အဲဒီစကား၊ ရေးချင်လို့ လျှောက်ရေးတယ်ဆိုတဲ့ စကားတွေကြောင့် ဂုဏ်သိက္ခာ တော်တော်ထိသွားမယ်လို့လည်း ယုံကြည်တယ်။ အဲဒါလည်း ကျွန်တော့်အမှားပါလို့ ဝန်ခံပါတယ်။ စိတ်လိုက်မာန်ပါနဲ့ ကိုယ့်လူအချင်းချင်းဆိုပြီး ပြောချလိုက်တဲ့စကား၊ အဲဒီစကားကြောင့် နစ်နာမယ့်သူရှိမယ်ဆိုတာ ယုံကြည်တယ်။ ဂုဏ်သိက္ခာတွေ စော်ကားမိသလိုဖြစ်တာကိုလည်း ယုံကြည်တယ်။ နောက်နောင်လည်း အဲဒီလိုပြောမှား၊ ဆိုမှားမဖြစ်အောင် အတတ်နိုင်ဆုံးထိန်းသိမ်းသွားပါမယ်၊ ဘယ်သူ့ကိုမှလည်း ရည်စူးပြောတာမဟုတ်ပါဘူး"ဟု ကိုဂျိုးဆက်က ယနေ့ အခမ်းအနားတွင် အကြိမ်ကြိမ် တောင်းပန်စကားဆိုခဲ့သည်။

ယနေ့ကျင်းပသည့် Aim Star ကုမ္ပဏီမှ ကိုဂျိုးဆက်၏ တောင်းပန်စကားပြန်လည်ပြောကြားသည့် အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒေါက်တာ မျိုးသန့်တင်၊ သတင်းမီဒီယာကောင်စီမှ ပြန်ကြားရေးတာဝန်ခံ ဦးမြင့်ကျော်၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်မှ အထွေထွေအတွင်းရေးမှူး ဦးဇေယျာလှိုင်၊ Aim Star ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပြည်တွင်းမီဒီယာ ၄၀ ခန့်မှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# ပြည်သူ့စာကြည့်တိုက်၌ ပန်းချီပြိုင်ပွဲကျင်းပ

**ဘုရားသုံးဆူ အောက်တိုဘာ ၈**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျောင်းသားလူငယ်များ စာကြည့်တိုက်တွင် ပျော်ရွှင်စေရန်နှင့် စာကြည့်တိုက်ကိုအသုံးချပြီး ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပန်းချီပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည်။ ပန်းချီပြိုင်ပွဲကို ဘုရားသုံးဆူမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဘုရားသုံးဆူမြို့ အလကကျောင်းမှ ဒုတိယတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူ ၂၁ ဦးက ကလေးတို့စိတ်ကြိုက်ပန်းချီခေါင်းစဉ်ဖြင့် ရေးဆွဲယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မဖွယ်မရာမှတ်ချက်ပြု ဗီဒီယိုထွက်ပေါ်ခဲ့ပြီးနောက် ထရန့်တောင်းပန်

**ဝါရှင်တန် အောက်တိုဘာ ၈**

အောက်တိုဘာ ၇ ရက် သောကြာနေ့က မဖွယ်မရာမှတ်ချက်ပြု ဗီဒီယိုထွက်ပေါ်ခဲ့ပြီး ယင်းဗီဒီယိုထဲတွင် ရိုင်းပြသောစကားကို သုံးနှုန်းခဲ့သောကြောင့် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်အနေဖြင့် တောင်းပန်လိုက်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

သတင်းထုတ်ပြန်ချက်တွင် ထရန့်က "ကျွန်တော်မှားသွားပါတယ်၊ ကျွန်တော်တောင်းပန်ပါတယ်" ဟုပြောပြီးနောက် ဝါရှင်တန်သည်ပို့စ်သတင်းတွင် ထရန့်၏ ဗီဒီယိုကို ထုတ်ပြန်ဖော်ပြလိုက်သည်။

"မနက်ဖြန်တွင် လူကောင်းတစ်ယောက်ဖြစ်ရန်ကတိပြုသည်"ဟု ထရန့်က ပြောကြားခဲ့သည်။ ထို့ပြင် ထရန့်က ယခင်သမ္မတဟောင်း ဘီလ်ကလင်တန်တုန်းကလည်း မိန်းကလေးများနှင့်ပတ်သက်ပြီး မဖွယ်မရာပြုကာရိုင်းပြခဲ့ကြောင်း၊ ဟီလာရီကလင်တန်ကလည်း ခင်ပွန်းသည်၏ ဒဏ်ခံရသူများကို အနိုင်ကျင့်ဗိုလ်ကျကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**



# တရုတ်နိုင်ငံအရှေ့ဘက်တွင် မြေပြိုမှုဖြစ်ပေါ် ၁၈ ဦး၏ ရုပ်အလောင်းကို ဖော်ထုတ်နိုင်ခဲ့

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံအရှေ့ဘက် ရှန်ကျန်းပြည်နယ်တွင် သေပျောက်မှုများသည့် မြေပြိုမှုများဖြစ်ပေါ်ပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများကို ၁၀ ရက်မြောက်နေ့အဖြစ် ဆက်လက်ဆောင်ရွက်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အောက်တိုဘာ ၇ ရက်က ည ၁၀ နာရီအထိ သေဆုံးသူ ၁၈ ဦး၏ ရုပ်အလောင်းများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကာကွယ်ရေးဌာနချုပ်က ပြောကြားခဲ့သည်။ ယခုအချိန်အထိ လူကိုးဦး ဆက်လက်ပျောက်ဆုံးနေကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သား ၁၆၀၀ သည် ရွှေ့လျားကယ်ဆယ်မှုစံဖြင့် ကယ်ဆယ် ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး အပျက်အစီးများနှင့် ပိတ်ဆို့မှုများ ဖယ်ရှားရှင်းလင်းရန်အတွက် စက်ယန္တရားကြီး အစီးပေါင်း ၂၇၀ ကျော် သုံးစွဲနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပါကစ္စတန်တွင် ခရီးသည်တင်ရထားတစ်စင်း ဗုံးပေါက်ကွဲထိမှန်၍ ရှစ်ဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် အောက်တိုဘာ ၈**

ပါကစ္စတန် အနောက်တောင်ဘက် ဘလောချီစတန်ပြည်နယ်တွင် ဗုံးအမြှောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ခရီးသည်တင်ရထားတစ်စင်းကို ထိမှန်ခဲ့ရာ ရှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အရာရှိများက ပြောသည်။

မြို့တော်ကွက်တာ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာ ဘလောချီ စတန်ပြည်နယ် မက်ချ်ဒေသတွင် ခရီးသည်တင်ရထားဖြစ်သည့် ဂျဖာအမြန်ရထားကိုဦးတည်ပြီး အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရထားဝန်ကြီး ခွာဝါဂျဆက်ဒ်ရာဖစ်က ပြောခဲ့သည်။



ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ရထားမှာ ကွက်တာမှ ရဝါပင်ဒီမြို့သို့ ဦးတည်ခုတ်မောင်းနေကြောင်း ရထားအာဏာပိုင်များက ပြောသည်။ သေဆုံးသူများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အစိုးရအရာရှိတစ်ဦးလည်း ပါဝင်ကြောင်း အစီရင်ခံစာတွင် ထပ်မံဖော်ပြထားသည်။ ဒဏ်ရာရရှိသူများကို စစ်ရဟတ်ယာဉ်များဖြင့် ကွက်တာသို့ သယ်ဆောင်သွားခဲ့ကြပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။

တိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ယခုချိန်ထိ မသိရသေးပေ။ **(ဆင်ဟွာ)**

# ကားဗုံးခွဲတိုက်ခိုက်သည်ဟု ယုံကြည်ရသူ စစ်သွေးကြွနှစ်ဦး ဗုံးပေါက်ကွဲပြီး သေဆုံး

**အန်ကာရာ အောက်တိုဘာ ၈**

အန်ကာရာအနီး ဝေးလံသောဒေသတွင် တူရကီရဲများက ကားဗုံးခွဲတိုက်ခိုက်သည်ဟု ယုံကြည်ရသူစစ်သွေးကြွနှစ်ဦးအား အညံ့ခံရန် ပြောကြားပြီးနောက် ၎င်းစစ်သွေးကြွနှစ်ဦး ဗုံးပေါက်ကွဲပြီး သေဆုံးသွားကြောင်း ပြည်နယ်အစိုးရက ပြောကြားခဲ့သည်။

အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးဟုယုံကြည်ရသူ စစ်သွေးကြွနှစ်ဦးသည် ကာ့ဒ်အလုပ်သမားပါတီလက်နက်ကိုင်အဖွဲ့နှင့် ချိတ်ဆက်သည်ဟု ယူဆရကြောင်း မြို့တော်အပြင်ဘက် ပေါက်ကွဲမှုဖြစ်ပွားသောနေရာမှ အာကန်တိုပါကာက သတင်းထောက်များကိုပြောခဲ့သည်။

အဆိုပါကိစ္စတွင် ပီကေကေနှင့် ချိတ်ဆက်မှုရှိမည်ဟု ယူဆရကြောင်း အန်ကာရာမြို့တော်ဝန် အာကန်တိုပါကာက စီအင်န်အင်န်ရုပ်သံအစီစဉ်တွင် မှတ်ချက်ပြုပြောဆိုခဲ့သည်။

ရဲများက ပလတ်စတစ်ဖြင့်လုပ်ထားသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းနှစ်ခုနှင့် ဗုံးဖောက်ခွဲရာတွင်အသုံးပြုသည့် အမိုနီယံနိုက်ထရိတ် ပေါင် ၄၄၀ ကို ရှာဖွေသိမ်းဆည်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ဗုံးခွဲသမားတစ်ဦး၏ မှတ်ပုံတင်ဟု ယူဆရသည့် မှတ်ပုံတင်တစ်ခုကိုတွေ့ရှိခဲ့ကြောင်း၊ ယင်းမှတ်ပုံတင်အရဆိုလျှင် ၎င်းမှာ ဘင်္ဂေါ်ပြည်နယ်အရှေ့တောင်ပိုင်းမှဖြစ်ကြောင်း သိရသည်။ ပီကေကေ တပ်ဖွဲ့များသည် ဆယ်စုနှစ်သုံးစုခန့် အကြမ်းဖက်ဆူပူမှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# ဂျပန်နိုင်ငံ တောင်ပိုင်းကျူးရှူးကျွန်းတွင် အေဆိုမီးတောင်ပေါက်ကွဲသော်လည်း ထိခိုက်ဒဏ်ရာရသူမရှိ

**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ တောင်ပိုင်းကျူးရှူးကျွန်းတွင် အေဆိုမီးတောင်သည် အောက်တိုဘာ ၈ ရက်က ပေါက်ကွဲခဲ့ရာ ပြာပူများကောင်းကင်ထက် ၁၁၀၀၀ ကီလိုမီတာ (၇မိုင်)အထိ မှုတ်ထုတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၆ မိနစ်၌ ဖြစ်ပွားသော မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ရဲများနှင့် အစိုးရတာဝန်ရှိသူများက ပြောသည်။ ၁၉၈၀ ခုနှစ်မှစကာ ယင်းတောင်ထွတ်မှ မီးတောင်ပေါက်ကွဲမှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

မိုးလေဝသအေဂျင်စီမှ မီးတောင်ပေါက်ကွဲမှုဆိုင်ရာ သတိပေးထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ပြီး အနီးနားရှိ လူများအား မီးတောင်ပေါက်ကွဲရာတောင်နားသို့ မသွားရန်နှင့် မီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်တုံးများ လွင့်စဉ်ကျနိုင်ကြောင်း သတိပေးထားသည်။ ထို့ပြင် ပြာပူများသည် စီရင်စု ၁၀ စုထိ ကျရောက်နိုင်ကြောင်း ထပ်မံသတိပေးထားသည်။

၄-၅မိုင်အကွာတွင် စိုက်ပျိုးထားသော ခရမ်းချဉ်ပင်နှင့် ကညွတ်ပင်များလည်း ပြာမှုန့်များနှင့် ကျောက်တုံးများ လွင့်စဉ်ကျမှုတို့ကြောင့် ပျက်စီးခဲ့ကြောင်း ဒေသခံတောင်သူလယ်သမားများက ပြောသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ကောက်ပဲသီးနှံများပိုမိုပျက်စီးမည်ကို စိုးရိမ်မိကြောင်း အရာရှိတစ်ဦးက ပြောသည်။

**(ရိုက်တာ)**

# ဖလော်ရီဒါတွင် အင်အားပြင်းမုန်တိုင်း ဟာရီကိန်းမက်သရူးဝင်ရောက်တိုက်ခတ်ခဲ့ရာ နှစ်ဦးသေဆုံး


**ဖလော်ရီဒါ အောက်တိုဘာ ၈**

အမေရိကန်တောင်ဘက်ပြည်နယ် ဖလော်ရီဒါတွင် အောက်တိုဘာ ၆ ရက်က အင်အားပြင်းမုန်တိုင်းဟာရီကိန်း မက်သရူးဝင်ရောက်တိုက်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး အိမ်ပေါင်းတစ်သန်းကျော် လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ကြောင်း၊ ယင်းမုန်တိုင်းသည် အမေရိကန်သို့ မဝင်ရောက်မီ ဟေတီသို့ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၈၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မက်သရူးမုန်တိုင်းသည် ဂျော်ဂျီယာကမ်းရိုးတန်းတစ်လျှောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း အမေရိကန်မိုးလေဝသအရာရှိများက ပြောသည်။

မုန်တိုင်းသည် အင်အားအနည်းငယ်လျော့သွားသော်လည်း အောက်တိုဘာ ၇ ရက်ညနေအထိ တစ်နာရီလျှင် လေတိုက်နှုန်း ၁၇၆ ကီလိုမီတာရှိကြောင်း သိရသည်။ အမေရိကန်အာဏာပိုင်များက တောင်ပိုင်းပြည်နယ်လေးခုတွင် အရေးပေါ်အခြေအနေကြေညာခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



# အမျိုးသမီးများအောင်ပွဲဆင်ခွင့်မရခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရွေးချယ်ပွဲ

**ခြူးစန္ဒီနွေး**

အခုအချိန်မှာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟာ ဘယ်သူဖြစ်လာမလဲဆိုတာ အဖြေအမည်း သဲကွဲသွားပါပြီ။ အမျိုးသမီးအထွေထွေအတွင်းရေးမှူးချုပ်ကို မြင်တွေ့ချင်တယ်ဆိုရင်တော့ နောက်ထပ်သက်တမ်းတစ်ခုကို စောင့်မျှော်ရမှာပဲဖြစ်ပါတယ်။ ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တစ်ခဲနက်ထောက်ခံခဲ့ကြပါတယ်။ မစ္စတာအန်တိုနီယိုဂူတာရက်စ်ဟာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီရဲ့ အကြီးအကဲလည်းဖြစ်ပါတယ်။ သူဟာ အဲဒီရာထူးကို ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံမှာ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ငါးနှစ်သက်တမ်းရာထူးသူ့ကိုခန့်အပ်ဖို့ ရှေ့အပတ်ထဲမှာ ပြုလုပ်မယ်လို့ ရည်ရွယ်ထားကြပါတယ်။ သူဟာ မကြာခင်မှာပဲ မစ္စတာ ဘန်ကီမွန်းဆီကနေ ရာထူးကို လွှဲပြောင်း ယူတော့မှာပါ။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးအတွက် မဲခွဲဆုံးဖြတ်မှုတွေ ပြုလုပ်ခဲ့စဉ်တုန်းက မစ္စတာဂူတာရက်စ်ဟာ အရည်အချင်းနဲ့ပြည့်စုံတဲ့ လူတစ်ယောက်ဆိုတာ သိထားကြပေမယ့်လည်း အထွေထွေအတွင်းရေးမှူးချုပ်ဆိုတဲ့ ကြီးလေးတဲ့တာဝန်ကြီးကို အမျိုးသမီးတွေကလည်း ထမ်းဆောင်နိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေရှိခဲ့ပါတယ်။ ဝင်ရောက်အရွေးချယ်ခံခဲ့တဲ့ ၁၃ ဦးထဲမှာ ခုနစ်ဦးက အမျိုးသမီးတွေပဲဖြစ်ပါတယ်။ တချို့ကဆိုရင် အဲဒီအမျိုးသမီးတွေထဲက အချို့ဟာ မစ္စတာဂူတာရက်စ်ထက်တောင် အတွေ့အကြုံပိုတယ်လို့ စောဒကတက်ကြပါတယ်။ ပါဝင်အရွေးချယ်ခံခဲ့တဲ့ အမျိုးသမီးတွေထဲမှာ နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း၊ ယူနက်စကိုအဖွဲ့ကြီးရဲ့ ဒါရိုက်တာ၊ မော်ဒိုဗာ ဒုတိယဝန်ကြီးချုပ်နဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့ အကြီးတန်းအရာရှိတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ဩဂုတ်လအတွင်းမှာလည်း လက်ရှိ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက “ အခုအချိန်ဟာ အမျိုးသမီးတွေအတွက် အခွင့်ကောင်းပဲ။ ကုသလမဂ္ဂအဖွဲ့ကြီးရဲ့သက်တမ်းဟာ နှစ်ပေါင်း ၇၀ ရှိပြီ။ အမျိုးသားရှစ်ဦးက အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီးပြီ။ အခုအချိန်ကတော့ အမျိုးသမီးတွေ အတွက်ပဲ”လို့ ပြောခဲ့ဖူးပါတယ်။ အဲဒီတော့ အမျိုးသမီးတွေအတွက်လည်း အခွင့်အရေးတွေ အများကြီးရှိတယ်ဆိုပြီး အားတက်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း အောက်တိုဘာလ ၅ ရက်နေ့မှာ ရရှိခဲ့တဲ့ အဖြေဟာတော့ အမျိုးသမီးအထွေထွေအတွင်းရေးမှူးချုပ်ပေါ်ထွက်လာဖို့ မျှော်လင့်ခဲ့တဲ့ သူတွေကို အားလျော့စေခဲ့ပါတယ်။ သူတို့မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပါဘူး။ အမျိုးသမီးတွေကိုထောက်ခံဖို့ လှုပ်ရှားခဲ့တဲ့အဖွဲ့ကတော့ ဒီရလဒ်အဖြေကို မကျေနပ်ကြပါဘူး။ အဲဒီအဖွဲ့မှာ ပညာတတ်တွေ အများဆုံးပါဝင်ပြီး သူတို့ဟာ အမျိုးသမီးဝင်ရောက်ယှဉ်ပြိုင်သူတွေကို အထူးထောက်ခံခဲ့တဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ အဲဒီအဖွဲ့ရဲ့လှုပ်ရှားမှု စီစဉ်သူတွေကတော့ “ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးခုနစ်ဦးတောင် ပါဝင်ယှဉ်ပြိုင်ပေမယ့် သူတို့ထဲက တစ်ဦးတစ်လေကိုမျှ စဉ်းစားမပေးတာကတော့ လွန်ပါတယ်”လို့ ပြောခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က ပါရီ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ကို အဓိကပုံဖော်ခဲ့တဲ့ Christiana Figueres ကတော့





ခါးသက်သက်နဲ့ ချိုမြိန်တဲ့ရလဒ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေ အရွေးမခံရတာကြောင့် ခါးသက်ပေမယ့် မစ္စတာဂူတာရက်စ်လို ထူးချွန်တဲ့ပုဂ္ဂိုလ်ဟာ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာတဲ့အတွက်တော့ ချိုမြိန်တယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် တချို့သော ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အမျိုးသမီးတွေကတော့ အမျိုးသမီးတွေအတွက် နေရာမရှိသေးဘူးလို့ဆိုပါတယ်။ အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဆူဆန်နာမယ်ကိုရာကတော့ လုံခြုံရေးကောင်စီမှာ အမျိုးသမီးတွေအတွက် နေရာမရဘူးလို့ဆိုပါတယ်။ ဒါပေမယ့်လည်း သူဟာ သူရဲ့ပြိုင်ဘက်ဖြစ်ခဲ့တဲ့ မစ္စတာဂူတာရက်စ်ကို ဂုဏ်ပြုစကားပြောဆိုခဲ့ပါတယ်။ နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလပ်ကတော့ ဒီပြိုင်ပွဲမှာ အမျိုးသမီးတွေ ခွဲခြားဆက်ဆံခံရတာမဟုတ်ပါဘူးလို့ ဂါဒီယန်သတင်းစာမှာ ဖြေခဲ့ပါတယ်။ ဒီကိစ္စမှာ အခြားအကြောင်းအရာတွေလည်း အများကြီးပါဝင်နေပါတယ်။ ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့တဲ့သူတွေဟာ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ်နောက်ဆုံးရွေးချယ်ခံရဖို့ အဓိကအရာကတော့ လျှို့ဝှက်စွာနဲ့မဲပေးဆုံးဖြတ်ကြတာပါပဲ။ အမျိုးသမီးတွေကို အထူးထောက်ခံလှုပ်ရှားခဲ့တဲ့ အဖွဲ့က ကုလသမဂ္ဂမှာ လျှို့ဝှက်စွာလုပ်ဆောင်တာတွေဟာ အခုထိရှိနေတုန်းပဲလို့ ပြောပါတယ်။ ယူကေမှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းကတော့ ကုသမဂ္ဂလုံခြုံရေးကောင်စီရဲ့ တံခါးပိတ်ဆွေးနွေးမှုတွေကို ဝက်ဘ်ဆိုက်မှာ ဖော်ပြခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ကုလသမဂ္ဂအထူးကြီးကြပ်သူတွေနဲ့ လျှို့ဝှက်ဆွေးနွေးမှုတွေစတင်ခဲ့ပြီး သူတို့ဖော်ပြခဲ့တာကတော့ နိုင်ငံရေးဖိအားတွေကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟာ ဖိအားဒဏ်တွေကို ခံနိုင်ရည်ရှိရပါမယ်။ အဖွဲ့ဝင်နိုင်ငံအချို့နဲ့ သဟဇာတဖြစ်အောင်နဲ့ ကြီးလေးတဲ့



တာဝန်ကို ထမ်းဆောင်နိုင်ဖို့အတွက်ပါ။ ဒါဟာဘာကိုဖော်ပြနေလဲဆိုရင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူတွေဟာ အဓိကထောက်ပံ့မှုတွေရရှိဖို့ အာဏာထိန်းညှိမှုတွေရှိနေတယ်ဆိုတာပါပဲ။ အမေရိကန်နဲ့ရုရှားတို့ဟာ ပြိုင်ပွဲဝင်တွေကို ရွေးချယ်တဲ့အခါမှာ အာဏာကြီးကြီးမားမား ပိုင်ဆိုင်ထားပါတယ်။ အရွေးခံရတဲ့သူဟာ ဘယ်သူပဲဖြစ်ဖြစ် အမေရိကန်နဲ့ ရုရှားတို့နဲ့တော့ သဟဇာတဖြစ်နေဖို့လိုအပ်ပါတယ်လို့ အများကပြောကြတယ်။ မစ္စတာ ဂူတာရက်စ်နဲ့ပတ်သက်ပြီးတော့ အငြင်းပွားစရာ မရှိဘူးလို့ ဆိုပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်ကတော့ “မစ္စတာဂူတာရက်စ်ကို အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ရွေးချယ်လိုက်တာနဲ့ပတ်သက်ပြီးတော့ လျှို့ဝှက်ပြီး ဆွေးနွေးညှိနှိုင်းမဲပေးမှုမျိုးတွေ မရှိဘူးလို့ဆိုပါတယ်။ ဒါ့အပြင် မစ္စတာဂူတာရက်စ်ဟာ အတွေ့အကြုံလည်းရှိတယ်၊ အတွေးအမြင်လည်း ကောင်းတယ်၊ စွယ်စုံရတဲ့ ပုဂ္ဂိုလ်လို့ ချီးမွမ်းပြောဆိုခဲ့ပါတယ်။ ရုရှားသံအမတ်ကတော့ “ပြိုင်ပွဲဝင်တွေအားလုံးဟာ အသိဉာဏ်ပညာနဲ့ ပြည့်စုံကြတယ်။ ထူးချွန်ကြတယ်။ ဒါပေမယ့် ပြိုင်ပွဲဝင်တွေအားလုံးကကျွန်တော်တို့ အနှစ်သက်ဆုံးကတော့ မစ္စတာအန်တိုနီယိုဂူတာရက်စ်ပဲဖြစ်ပါတယ်”လို့ ပြောခဲ့ပါတယ်။ ဗြိတိန်က မက်သရူးရိုင်ကော့ဖ်ကတော့ မစ္စတာဂူတာရက်စ်ဟာ ကုလသမဂ္ဂကို ဦးဆောင်နိုင်မယ့်သူပါ။ သူဟာ ကောင်းကောင်းစီမံအုပ်ချုပ်နိုင်တဲ့လူဖြစ်ပြီး ကမ္ဘာ့အရေးကိစ္စတွေကို စီမံနိုင်မယ့်လူပါ” လို့ မှတ်ချက်ချပြောဆိုခဲ့ပါတယ်။ ကုလသမဂ္ဂမှာ အာဏာအရှိဆုံးကတော့ လုံခြုံရေးကောင်စီပဲဖြစ်ပြီး သူရဲ့အဖွဲ့ဝင်ငါးနိုင်ငံကတော့ ဗီတိုအာဏာကို ပိုင်ဆိုင်ထားကြပါတယ်။

အထွေထွေအတွင်းရေးမှူးချုပ်ကတော့ ထိပ်တန်းသံတမန်တွေကို ဦးစီးဦးဆောင်ပြုရတဲ့သူပါ။ ဒါတွေအပြင် အထွေထွေအတွင်းရေးမှူးချုပ်ဟာ ဗျူရိုကရေစီယန္တရားကြီး စီမံနေရတဲ့သူဖြစ်ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ ဆက်ဆံရတဲ့သူလည်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုတွေ ပဋိပက္ခတွေကို အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ရတဲ့သူလည်း ဖြစ်ပြန်တယ်။ တစ်ခဲနက်ထောက်ခံမှုအောက်မှာ မစ္စတာဂူတာရက်စ်ဟာ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ငါးနှစ်တာ တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မှာပဲဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ပါဝင်ရွေးချယ်ခံခဲ့ကြတဲ့ အမျိုးသမီးတွေအတွက်ကတော့ ဒီနှစ်ဟာ သူတို့အတွက် မဟုတ်ဘူးဆိုတာ သေချာသွားခဲ့ပါပြီ။ကုလသမဂ္ဂရဲ့ ထိပ်တန်းရာထူးကို အမျိုးသမီးတွေရယူနိုင်မှာလားဆိုတာကတော့ နောက်တစ်ကြိမ်သက်တမ်းကိုပဲ စောင့်မျှော်ကြည့်ရတော့မှာပါ။

**ကိုးကား-ဘီဘီစီ**

**၅-၁၀-၂၀၁၆**

**ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရာထူး အတွက် မဲခွဲ ဆုံးဖြတ်မှုတွေ ပြုလုပ်ခဲ့စဉ်တုန်းက မစ္စတာ ဂူတာရက်စ်ဟာ အရည် အချင်းနဲ့ပြည့်စုံတဲ့ လူတစ် ယောက်ဆိုတာ သိထားကြ ပေမယ့်လည်း အထွေထွေ အတွင်းရေးမှူးချုပ် ဆိုတဲ့ ကြီးလေးတဲ့ တာဝန်ကြီးကို အမျိုးသမီးတွေကလည်း ထမ်းဆောင်နိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေရှိခဲ့ ...**

# ရုရှားက ဆိုက်ဘာတိုက်ခိုက်မှုပြုသည်ဟု အမေရိကန်စွပ်စွဲ



**ဝါရှင်တန် အောက်တိုဘာ ၈**

အင်အားကြီးနိုင်ငံနှစ်ခုအကြား တင်းမာမှုများမြင့်တက်နေစဉ် အမေရိကန်အရာရှိများက အောက်တိုဘာ ၇ ရက်တွင် အမေရိကန်သမ္မတရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်သည့် ရုရှား၏ဆိုက်ဘာတိုက်ခိုက်မှုအပေါ် စွပ်စွဲလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ထုတ်ပြန်ဖော်ပြခဲ့သည်။ အမေရိကန်နှင့် ရုရှားတို့ကြား ဆီးရီးယားအပစ်ရပ်စဲရေး ပျက်ပြားနေချိန်တွင် အမေရိကန်အနေဖြင့် ရုရှားအားထိုသို့ စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်သည်။အမေရိကန်အုပ်ချုပ်ရေးအရာရှိတစ်ဦးက ဝါရှင်တန်အနေဖြင့် အသေးစိတ်အချက်များဖော်ပြခြင်းမပြုဘဲ ဆိုက်ဘာတိုက်ခိုက်မှုအပေါ် တုံ့ပြန်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။

“အမေရိကန်၏အကျိုးစီးပွားကိုကာကွယ်ရန် အရေးယူဆောင်ရွက်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း” ဆိုက်ဘာတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ရုရှားအားစွပ်စွဲပြောကြားသည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက် အမေရိကန်အရာရှိတစ်ဦးကပြောကြားခဲ့သည်။ သတင်းထုတ်ပြန်ချက်တွင် အမေရိကန်စုံစမ်းထောက်လှမ်းရေးအသိုင်းအဝိုင်းက ရုရှားအစိုးရသည် အမေရိကန်ပြည်သူများနှင့် အဖွဲ့အစည်းများမှ အီးမေးလ်များကို ဖောက်ထွင်းတိုက်ခိုက်ယူသည်ဟု ယုံကြည်ကြောင်းဖော်ပြပါရှိသည်။ ဆက်စပ်လေ့လာခြင်းနှင့် လှုပ်ရှားဆောင်ရွက်မှုများကို အခြေခံကာစဉ်းစားမည်ဆိုပါက ရုရှားအဆင့်မြင့်အရာရှိများသာ ဤကဲ့သို့ ကိစ္စရပ်များကို ပြုလုပ်ရန် အခွင့်အာဏာရှိမည်ဟု ယုံကြည်ကြောင်း အမေရိကန်အရာရှိများကပြောသည်။ **(ရိုက်တာ)**

# မြန်မာ့ရွှေဈေး ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၄ ရက်တွင် မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၉၉၀၀၀ အထိ စံချိန်တင် မြင့်တက်လာခဲ့ပြီး ညနေပိုင်းတွင် ဈေးအနည်းငယ် ပြန်ကျခဲ့ကာ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တွင်လည်း အနည်းငယ်စီ ဆက်ကျခဲ့သဖြင့် ကမ္ဘာ့ရွှေဈေးနှင့် ငွေလဲလှယ်နှုန်းများအရ ရွှေဈေးနှုန်းမှာ ဆက်လက်ကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ၏ ခန့်မှန်းပြောကြားချက်များအရ သိရသည်။

အောက်တိုဘာ ၄ ရက်တွင် မြန်မာ့ရွှေဈေးမှာ စံချိန်တင်မြင့်တက်လာခဲ့ပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၉၉၀၀၀ အထိဖြစ်ခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ အတွင်းရေးမှူး ဦးဝင်းမြင့်က မြန်မာ့အလင်းသို့ပြောပြခဲ့သည်။ သို့သော် ရွှေဆိုင်တန်းများ၌ ကျပ် ကိုးသိန်းဟု ဆိုကြသည်။ ထိုနေ့က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၀ ရှိခဲ့ပြီး ဗဟိုဘဏ် ငွေကြေးလဲလှယ်မှုနှုန်းအရ တစ်ဒေါ်လာလျှင် ၁၂၅၅ ကျပ်ဟုဆိုသော်လည်း ပြင်ပ၌ ၁၂၈၇ ကျပ် ရှိခဲ့သည်။

စံချိန်တင်မြင့်တက်နေသော ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးမှာ အောက်တိုဘာပထမပတ်အတွင်း၌ သိသိသာသာ ကျဆင်းလာခဲ့ရာ အောက်တိုဘာ ၆ ရက်နံနက် ကမ္ဘာ့ရွှေဈေးမှာ ၁၂၆၅ ဒေါ်လာဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၆၉၀၀၀ ဖြစ်ခဲ့ကာ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၂၆၆ ဒေါ်လာဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ ကျပ် ၈၆၇၇၀၀ သို့ ထပ်မံကျဆင်းသွားခဲ့သည်။ ယင်းနေ့ငွေကြေးလဲလှယ်မှုနှုန်းမှာ ပြင်ပ၌ တစ်ဒေါ်လာလျှင် ၁၂၆၃ ကျပ် ဖြစ်သည်။

အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်အတွင်း မြန်မာ့ရွှေဈေးမှာတစ်ကျပ်သားလျှင် ငွေကျပ် ၃၀၀၀၀ ကျော် ကျဆင်းလာခဲ့ပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ စည်းရုံးရေးမှူး ဦးအေးချိုက "အခုက ပွင့်လင်းတဲ့ရာသီလည်း ရောက်စပြုလာသလို ကမ္ဘာ့ရွှေဈေးနဲ့ ငွေကြေးလဲလှယ်မှုနှုန်းတွေကလည်း အခုလိုပဲ ဆက်ကျလာမယ်ဆိုရင် မြန်မာ့ရွှေဈေးက ကျပ် ၈၆၀၀၀၀ အောက်အထိကို ကျလာနိုင်တဲ့အခြေအနေရှိလာပါပြီ"ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ အရောင်းအဝယ်ခန်းမှာ တနင်္ဂနွေနေ့နှင့် အခြားနေ့ကြီးရက်ကြီးများတွင်သာ ပိတ်လေ့ရှိပြီး နေ့စဉ်နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အသင်းဝင်များက တရားဝင်ဈေးနှုန်းသတ်မှတ်၍ အရောင်းအဝယ်ပြုလျက်ရှိနေသည်။ အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က "အသင်းသားတွေအနေနဲ့ ဒီအသင်းရုံးမှာ တရားဝင် အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ ကမ္ဘာ့ပေါက်ဈေး အပေါ်မူတည်ပြီး အရောင်းအဝယ်ပြုကြတာပါ။ နေ့စဉ် အရောင်းအဝယ်ကတော့ စည်စည်ကားကားပါပဲ။ ကျွန်တော်တို့အသင်းရဲ့ စည်းကမ်းက တစ်နေ့တာအရောင်းအဝယ်ကို ည/နေ့ ဈေးကွက်ပိတ်ချိန်မှာ ရွှေထိ ငွေထိ ရွှေပေး၊ ငွေယူ တစ်ပါတည်းအပြီး စာရင်းရှင်းကြရပါတယ်"ဟု လုပ်ငန်းစဉ်ကို ရှင်းပြသည်။

လက်ရှိအချိန်တွင် သီတင်းကျွတ်ပွဲတော်ရက်နီးသော်လည်း ရန်ကုန်မြို့၏ ရွှေဆိုင်တန်းကြီးမှာ ခြောက်ခြောက်သွေ့သွေ့ရှိနေသည်။ ဆိုင်အရောင်းထက် ဆိုင်ပြန်အသွင်းများကသာ များပြားလျက်ရှိနေကြောင်း ဆိုင်များက ဆိုကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သားအိမ်ခေါင်းကင်ဆာ ရောဂါလက္ခဏာ ရှိ မရှိ အခမဲ့စစ်ဆေးပေးမည်

**မြိတ် အောက်တိုဘာ ၈**

မြိတ်မြို့မှ ဒေသခံအမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာရောဂါလက္ခဏာများ ရှိမရှိကို ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်၌ အောက်တိုဘာ ၇ ရက်မှစတင်၍ အခမဲ့လာရောက်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ရောဂါလက္ခဏာစစ်ဆေးရန် စာရင်းပေးထားသူများအား AMFA အဖွဲ့မှ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ Remi Catabelle က စစ်ဆေးပေးနေခြင်းဖြစ်ကာ မြိတ်ပြည်သူ့ဆေးရုံမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဆင့်ဆင့်မိုးနှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ လက္ခဏာ ရှိ မရှိကို အောက်တိုဘာ ၇ ရက်၊ ၈ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အခမဲ့ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါလက္ခဏာ သံသယရှိသည့်သူများကို Calposcopy မှန်ပြောင်းဖြင့် စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရောဂါလက္ခဏာစစ်ဆေးရန် စာရင်းပေးထားသူ ၁၃၀၀ ခန့်ရှိကြောင်း မြိတ်မြို့ပြည်သူ့ဆေးရုံကြီး တာဝန်ရှိသူများထံမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

## အင်းတော်၌ သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားစွာကျင်းပမည်

**အင်းတော် အောက်တိုဘာ ၈**

အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်ကြီးတွင် ယခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မီးထွန်းပွဲတော်တွင် စတုတ္ထအကြိမ်မြောက် အဆိုပြိုင်ပွဲနှင့် ၁၅ မိနစ်စာ ဟာသသရုပ်ဖော် ဖျော်ဖြေတင်ဆင်မှုပြိုင်ပွဲကို ပြိုင်ပွဲ ဝင်လူဦးရေကန့်သတ်၍ ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပြိုင်ပွဲတွင် ပါဝင်သီဆိုလိုသူ များအတွက် ဝင်ကြေးငွေငါးထောင်ကျပ် သတ်မှတ်ထားပြီး ဟာသသရုပ်ဖော်ဖျော်ဖြေ တင်ဆက်မှုပြိုင်ပွဲအတွက် ဝင်ကြေး တစ်သောင်းကျပ် သတ်မှတ်ထားကြောင်းနှင့် ဆုငွေများ ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း၊ ပါဝင်သီဆိုပြိုင်ပွဲဝင်လိုသူများနှင့် သီး သန့်ဖျော်ဖြေချင်သူများအနေဖြင့် ဦးမြင့်အောင် ဖုန်း-၀၉-၂၅၆၁၆၅၄၃၃ သို့ သီတင်းကျွတ်လဆန်း ၁၂ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဒိန်းမတ်နိုင်ငံမှ ကြက်ခြေနီလူငယ်များနှင့် မြင်းမူမြို့နယ်ကြက်ခြေနီအဖွဲ့ တို့တွေ့ဆုံ

**မြင်းမူ အောက်တိုဘာ ၈**

ဒိန်းမတ်နိုင်ငံမှ ကြက်ခြေနီလူငယ်အဖွဲ့နှင့် မြင်းမူမြို့နယ် ကြက်ခြေနီစေတနာ့ဝန်ထမ်းအဖွဲ့ဝင်များ တွေ့ဆုံခြင်းနှင့် အတွေ့အကြုံဖလှယ်ပွဲကို မြင်းမူမြို့ ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။



တွေ့ဆုံပွဲတွင် မြင်းမူမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဒေါက်တာသန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးစီးမှူးပထမတန်း ဦးတင့်ဝေက အမှာစကားပြောကြားကာ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းမှ လူငယ်ကိုယ်စားလှယ်တစ်ဦးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြင်းမူမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးစိုးမင်းအောင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူငယ်စေတနာ့ဝန်ထမ်းများက မြို့နယ်အတွင်း ရေဘေး၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ချိန်များတွင် သွားရောက်ကူညီပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ပြသပြီး နှစ်နိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက သဘာဝဘေးကယ်ဆယ်ရေးဆိုင်ရာများကိုပူးပေါင်း၍ လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ဝင်များက ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ မြင်းမူမြို့အရှေ့ပိုင်းရပ် ကွက်အတွင်းရှိနေအိမ်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၀၇၇)

# မြေသိမ်းဆည်းခံရမှု စိစစ်ရေးကော်မတီ ဆင့်ပွားသင်တန်းပို့ချ

**တွံတေး အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များအား ဗဟိုကော်မတီမှ ချမှတ်ထားသောမူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များ ပြန်လည်ပို့ချသည့်ဆင့်ပွားသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ အောက်တိုဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦး၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဦးနှင့် တာဝန်ရှိသူများက ရပ်/ကျေးကော်မတီဝင်များအား ဗဟိုကော်မတီမှ ချမှတ်ထားသောမူဝါဒ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ချပြရှင်းလင်းကာ တိုင်ကြားမှုများကို စိစစ်ရာတွင် အမှုတွဲတွင်ပါဝင်ရမည့် အချက်အလက်များအကြောင်းကို သင်ကြားပို့ချခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သြော်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်ရုံလမ်းနေ ဦးသိန်းလွင်(ပါ-၂)ဦးက သြော်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၄)၊ မတောက်တန်းရပ်၊ ဦးပိုင်အမှတ် ၃၃၊ မြေကွက်အမှတ် ၁၃၀ တွင် ရှိသော မြေချိန်ဧရိယာ ၀ဒသမ ၀၇၉၄ဧကခန့်ရှိသောမြေကို အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါ မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် သြော်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သြော်လေးပင်မြို့**


**ဦးဇော်မြင့် B.A (Korean) Y.U.F.L**

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အလုပ်ချိန်ပြင်ပ အခြေခံတန်းခွဲသစ်ကို (၁၈-၁၀-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။ လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇


### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဇီးကုန်းမြို့နယ်တရားရုံး

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးမောင်ကြီး
မင်းဘူးလမ်း၊ အမှတ်(၂)ရပ်ကွက်၊
ဇီးကုန်းမြို့၊ပဲခူးတိုင်းဒေသကြီး

နှင့်

(၁) ဦးမြင့်သန်း
မြရတနာလမ်း၊
အမှတ်(၁)ရပ်ကွက်၊ဇီးကုန်းမြို့၊
ပဲခူးတိုင်းဒေသကြီး

(၂) ဦးမောင်ငယ်
ကူဖြူကျေးရွာ၊ ဇီးကုန်းမြို့နယ်
(ယခုနေရပ်လိပ်စာမသိ)

(၃) ဦးသန်းဌေး(ခ)ပေါက်စ
ကြည့်မြင်တိုင်ဘူတာတန်းလျား
ကြည့်မြင်တိုင်ဘူတာ၊ရန်ကုန်မြို့

တရားလို | တရားပြိုင်များ

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ကူဖြူကျေးရွာနေ(၂)တရားပြိုင် ဦးမောင်ငယ်(ဘ)ဦးအေးမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ၄ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေယျာညီညီလတ်)**
**မြို့နယ်တရားသူကြီး**
**ဇီးကုန်းမြို့နယ်တရားရုံး**


ဘတ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
**ရောင်း/ငှားမည်**
၁။ ၅၅'×၇၀'(မ/ဥ)(ဆောင်-၂)အနီး
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ဂြိုဟ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**ဟင်းထက်**
ဒဂုံအရှေ့၊ ဒဂုံမြောက်
ဒဂုံတောင်ပိုင်း၊
ဆိပ်ကမ်း
ဈေးကောင်း
ပေးဝယ်သည်
ဖုန်း-၀၉-၅၄၁၂၉၈၄၊
၀၉-၄၂၁၀၂၀၇၈၅၊
၀၉-၄၂၇၇၇၇၂၂


**အမည်ပြောင်း**

ပဲခူးမြို့၊ အင်းဝင်ရပ်ကွက်နေ ဦးဝင်းထွေး-ဒေါ်သင်းသင်းအိတို့၏သား မောင်ဇေယျာကျော်၏အမည်မှန်မှာ မောင်ရဲရင့်ကျော်ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

မိတ္ထီလာမြို့၊ တောမကျေးရွာအုပ်စု ပေါက်ပင်သာကျေးရွာနေ ကိုမင်းဇော်(ခ)ကိုမင်းအောင် ၉/မထလ(နိုင်)၂၂၂၅၈၅ မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ကိုမင်းဇော်(ခ)ကိုမင်းအောင်**

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ မြမာလာရပ်ကွက်၊ သုတလမ်းရှိ အမှတ် (၄၅)၊ ဦးပိုင်အမှတ် (၆၉)၊ ဧရိယာ (၃၂×၇၈)ပေရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်မ ဒေါ်ရွှေခင် ၁၃/နခန(နိုင်)၀၀၄၃၀၃ ကိုင်ဆောင်သူမှ ၂၆-၇-၂၀၁၁ ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်လာသည်မှာ (၅)နှစ်ကြာပြီဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်မ ဒေါ်ရွှေခင်အမည်ဖြင့် ဂရန်ရရှိရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက မည်သူမဆို ခုနစ်ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ရွှေခင် ၁၃/နခန(နိုင်) ၀၀၄၃၀၃**
**၃၆လမ်း၊ ၈၁×၈၂ကြား၊ မန္တလေးမြို့**

### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သြော်လေးပင်မြို့၊ မြို့မ (၁)ရပ်ကွက်၊ စက်ရုံလမ်းနေ ဦးသိန်းလွင်က သြော်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၁၄)၊ ဆေးရုံရပ်၊ ဦးပိုင်အမှတ် (၄၄-ခ)၊ မြေကွက်အမှတ် (၆၆/၁၅၁) တွင်ရှိသော မြေချိန်ဧရိယာ ၀ဒသမ၁၀၃၃ဧကခန့်ရှိသောမြေကို အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် သြော်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သြော်လေးပင်မြို့**

# ငွေကျပ် သိန်း ၆၀၀ ခန့် တန်ဖိုးရှိ တရားမဝင် ဘီယာဗူး ၆၀၀၀ ကို ဖျက်ဆီး




**တာချီလိတ် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ တရားမဝင်တင်သွင်းလာသည့် ငွေကျပ်သိန်း ၆၀၀ ခန့် တန်ဖိုးရှိ LEO ဘီယာဗူး ၆၀၀၀ ကို အောက်တိုဘာ ၈ ရက်က မြို့နယ်အကောက်ခွန် ဦးစီးဌာနရုံးဝင်းအတွင်း၌ ဖျက်ဆီးခဲ့သည်။

အဆိုပါ LEO ဘီယာဗူး ၆၀၀၀ ကို ဇွန် ၉ ရက်က တာလေနယ်မြေရဲစခန်းက ဖမ်းဆီးရမိခဲ့ကာ ပိုင်ရှင်မဲ့အဖြစ် လာရောက်အပ်နှံထားခြင်းဖြစ်ရာ ပြည်တွင်းသို့ ခွင့်ပြုချက်မရှိဘဲ တင်သွင်းလာခြင်းဖြစ်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး တရားမဝင်တင်သွင်းလာသည့် အရက်၊ ဘီယာ၊ စီးကရက်နှင့် ဝိုင်အမျိုးမျိုးတို့ကို သိမ်းဆည်းရရှိပါက လေလံတင်ရောင်းချခြင်းမပြုဘဲ ဖျက်ဆီးရန် ညွှန်ကြားချက်အရ ဖျက်ဆီးခြင်းဖြစ်သည်။

ထိုကဲ့သို့ အများပြည်သူစားသုံးရန် မသင့်သည့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အရက်၊ ဘီယာ၊ FDA ထောက်ခံချက်မပါရှိသည့် အချိုရည်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း ယာဉ်သုံးစီးဆင့်ကဲတိုက်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း လုထိပ်ခေါင်(၃) လမ်း၌ အောက်တိုဘာ ၇ ရက် ည ၇ နာရီခွဲက ယာဉ်သုံးစီးဆင့်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၅၃၄၉)ရှေ့ လုထိပ်ခေါင်(၃) လမ်း လမ်းမပေါ်၌ လုထိပ်ခေါင်လမ်းမကြီးဘက်မှ လုကလျာလမ်းဘက်သို့ ယာဉ်မောင်း တိုးကြီး (ခ)ဦးထွန်းထွန်းခိုင် မောင်းနှင်သောယာဉ်သည် လမ်းဝဲဘက်ခြမ်း၌ ရပ်ထားသော Canter ယာဉ်နှင့် Belta ယာဉ်တို့ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် လမ်းဘေးတွင် ရပ်ထားသော Canter ယာဉ်နောက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် ထိခိုက်ပျက်စီး၍ Belta ယာဉ်ရှေ့ပိုင်းတွင် ပျက်စီးသွားခဲ့ကာ ထွန်းထွန်းခိုင် မောင်းနှင်သော Minibus ယာဉ်ရှေ့လေကာမှန်ကြီး အပါအဝင် ယာဉ်ရှေ့ပိုင်း ပျက်စီးသွားခဲ့ပြီး ထွန်းထွန်းခိုင်တွင် ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ထွန်းထွန်းခိုင်ကို သက်ဆိုင်ရာ ယာဉ်မှုစစ်ဌာနက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၁၄)**



# မီးရှူးမီးပန်းနှင့် ဖောက်အိုးများရောင်းချသူအား အရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၇ ရက်က သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် ၅၇ လမ်းနှင့် မင်းကြီး ရန်နောင်လမ်းထောင့်ရှိ မမို့မို့ရီ(၂၉နှစ်)၏ ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ အဆိုပါဈေးဆိုင်၌ မမို့မို့ရီကို မီးရှူးမီးပန်းများ၊ ဖောက်အိုးများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဘားအံ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဘားအံ အောက်တိုဘာ ၈** ကရင်ပြည်နယ် ဘားအံမြို့အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်အနီး၌ အောက်တိုဘာ ၇ ရက်က တောင်ကြီးမြို့မှ ဘားအံမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ရွှေလွန်းပျံမှန်လုံယာဉ်ဖြင့် လိုက်ပါလာပြီး ယာဉ်ပေါ်မှဆင်းလာသူခရီးသည် မနန်းစံဖုန်းကို ပူးပေါင်းအဖွဲ့က မသင်္ကာ၍စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးရှာဖွေရာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ မနန်းစံဖုန်းအမည်ပါ နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခု၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားသုံးစွဲဖြန့်ဖြူးရောင်းချသူကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံခြားဘောလုံးပွဲ၊ နှစ်လုံးထီ၊ ချဲ လောင်းကစားပြုလုပ်သူကို လောင်းကြေးငွေကျပ် ၁၀ သိန်းကျော်ဖြင့် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ Seagul Mobile ဖုန်းဆိုင်အပေါ်ထပ်၌ အောက်တိုဘာ ၇ ရက်က လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးရာ ချမ်းမြသာစည်မြို့နယ် ကန်သာယာမြို့သစ်နေ အောင်လင်းဦး (၄၁ နှစ်)ကို နိုင်ငံခြားဘောလုံးပွဲ၊ နှစ်လုံး၊ ချဲထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၀၃၇၆၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို အမှတ်(၇) နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ခိုင်းဆင်တစ်ကောင်က ဆင်ဦးစီးအား ဦးခေါင်းဖြင့် ထိုးသတ်

**မင်းလှ အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရွေးကုန်းအုပ်စု ဟိုင်းရှူးကျေးရွာတွင် အောက်တိုဘာ ၈ ရက်က ခိုင်းဆင်တစ်ကောင်က ဆင်ဦးစီးအား ဦးခေါင်းဖြင့် ထိုးသတ်ရာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဟိုင်းရှူးရွာ ဆင်ဝိုင်းသစ်ကွက်အမှတ် (၄၈) သစ်ထုတ်လုပ်ရေးဆင် ပုလဲကောင်းအမည်ရှိ ခိုင်းဆင်တစ်ကောင်းက ဆင်ဦးစီး ဦးဝင်းရှိန် (၄၀ နှစ်)အား ဦးခေါင်းဖြင့် ဝင်အောင်းသဖြင့် ဒဏ်ရာများရရှိသောကြောင့် မင်းလှပြည်သူ့ဆေးရုံသို့ တင်ပို့ကုသရာ သေဆုံးသွားသည်။ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# လေးလွှာ ဝရန်တာမှ လူတစ်ဦး ပြုတ်ကျသေဆုံး

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၂၃၅၅) အခန်း (၃၃) လေးလွှာ၌ နေထိုင်သူ ဦးညွန့်ရွှေ (၆၅ နှစ်)သည် ယင်းအထပ်ရှိ ဝရန်တာ၌ အောက်တိုဘာ ၇ ရက်က ပုဆိုးရေစိုသွားလှန်းစဉ် ပြုတ်ကျသေဆုံးကြောင်း သိရသဖြင့် အမှတ်(၇) နယ်မြေရဲစခန်းမှူး ရဲအုပ် ဇော်လင်းဦးက သေဆုံးရခြင်းအဖြစ်မှန်ကို သိရှိနိုင်ရန် ခုတင် ၁၀၀၀ ဆေးရုံသို့ သေဆုံးသူအား ပို့ဆောင်ပြီး ဆေးစစ်မှုများပြုလုပ်၍ အမှုကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# မိန်းကလေးငယ်အား ကာယိန္ဒြေပျက်ပြားအောင် ဆောင်ရွက်မှုကြောင့် အမှုဖွင့်ခံရ

**ကြို့ပင်ကောက် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် နွယ်ခွေရပ်ကွက် ကျောင်းလမ်း(၃)နေ ဆွံ့အနားမကြားသူ မ----(၁၅)နှစ်ကို တစ်လမ်းတည်းနေ ဇင်ကို (၃၀နှစ်)သည် နေအိမ်မှ လက်ယပ်ခေါ်၍ စက်ဘီးဖြင့် အနောက်ဘက် ဘုရားကြီးဝင်းထဲသို့ ခေါ်ဆောင်သွားပြီး ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်ခဲ့ကြောင်း သိရ၍ အဘွားဖြစ်သူက အောက်တိုဘာ ၈ ရက်က တိုင်ကြားရာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**


## မှော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

မှော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ် (၂၈)ဧက၊ ဘုန်းကြီးကျောင်းမြေကျယ်ကျယ် စုပေါင်းဝယ်ယူလှူဒါန်းလိုသူများနှင့် တရားရိပ်သာဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ မဟာဓာတ်အားလိုင်းနှင့်နီးသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တစ်လုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များစိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာဝကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။

ကျပ်သိန်း ၉၀၀၀

## သီတင်းကျွတ် မင်္ဂလာမောင်နှံများအတွက် နှစ်ထပ်လုံးချင်းတိုက်သစ် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ရန်ကုန်တွင် မိသားစုများများနှင့် တစ်စုတစ်ဝေးတည်းနေထိုင်လိုသူများအတွက် အခန်းများများနှင့် လုံးချင်းနှစ်ထပ်တိုက်ကျယ်ကျယ်၊ မြေအကျယ် (90'x70')၊ အိမ်အကျယ် (2510 sq ft)၊ လူလုံးဝမနေထိုင်ရသေးပါ။ Master Bedroom ခုနစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ် နှစ်ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကားနှစ်စီးဆံ့ ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom တစ်ခန်းပါ၊ Aircon ၁၁လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့ CCTV ၊ ခြံထဲတွင်နားနေရန် ဘန်ဂလိုတစ်လုံးပါ။ အိမ်ထောင်ပရိဘောဂ အပြည့်အစုံထည့်ပေးမည်။ ခြံပတ်ပတ်လည် ဘရိတ်ဓားဆူးကြိုးကာပြီး၊ မြက်ခင်းပြင်အလှပန်းပင်များစိုက်ပြီး ခြံထဲတွင် ကားခြောက်စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီး တိုက်သစ်။

ကျပ်သိန်း ၄၀၀၀

အကျိုးဆောင်လက်ခံသည်။

ဆက်သွယ်ရန်ဖုန်း- 09-5178979, 09-420301091, 09-43022828, 09-250165519, 09-43292929, 09-260426326

# မြန်မာယူ -၂၂ အသင်း ဆီးဂိမ်းအိမ်ရှင်အသင်းနှင့် ခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၈**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပရန် ၁၀ လကျော် လိုသေးသော်လည်း ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး မြန်မာယူ -၂၂ အသင်းနှင့် ဆီးဂိမ်းအိမ်ရှင်မလေးရှား ယူ-၂၂ အသင်းတို့သည် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်နှင့် ၁၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏ ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရန် မလေးရှားဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာယူ-၂၂အသင်းအတွက် အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်သောကြောင့် သဘောတူလက်ခံခဲ့ခြင်း ဖြစ်သည်။



မြန်မာ ယူ-၂၀ အသင်းနှင့် မလေးရှား ယူ-၂၀ အသင်းတို့ ၂၀၁၅ ခုနှစ် အတွင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းကစားနေစဉ်

လက်ရှိတွင် မြန်မာယူ-၂၂ အသင်းကို ဖွဲ့စည်းရခြင်း မရှိသေးသော်လည်း ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားများကို အမာခံထားကာ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရ ယူ-၂၃အသင်းမှ အသက်မီသည့် ကစားသမားများ၊ ယူ-၁၉ အသင်းမှ အလားအလာရှိသည့် ကစားသမားများဖြင့်ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်း ငွေတံဆိပ်ဆုရ နည်းပြအဖွဲ့ကိုပင် ဆက်လက်တာဝန် ပေးအပ်ဖွယ်ရှိနေသည်။ မြန်မာယူ-၂၂ အသင်းကို ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းဖွယ်ရှိနေပြီး လူစာရင်းကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

ယခုဖွဲ့စည်းမည့် မြန်မာယူ-၂၂ အသင်းတွင် ပါဝင်လာဖွယ်ရှိနေသည့် အောင်သူ၊ နန္ဒကျော်၊ ရန်နိုင်ဦး၊ သန်းပိုင်တို့ပါဝင်သော မြန်မာယူ-၂၀ အသင်းသည် ၂၀၁၅ ခုနှစ်က မလေးရှား ယူ-၂၀ အသင်းနှင့် ခြေစမ်းကစားခဲ့ဖူးပြီး မြန်မာအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယင်းအသင်းတွင် ပါဝင်ခဲ့သည့် ကစားသမားအများစုသည် ယခုဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မလေးရှားအသင်းတွင် အများစုပါဝင်လာဖွယ်ရှိနေသည်။ သို့သော် ယခုခြေစမ်းပွဲသည်ဆူဇူကီးဖလားပြိုင်ပွဲ ဆီးမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကျင်းပမည့် ကာလဖြစ်သောကြောင့် မြန်မာနှင့် မလေးရှား အသင်းတို့သည် ယင်းအဆင့်တက်ရောက်ခဲ့ပါက လက်ရွေးစင်အသင်း၌ ပါဝင်နေသူများ ကစားနိုင်ဖွယ်မရှိပေ။

မြန်မာယူ-၂၂ အသင်းသည် မလေးရှားအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့ပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် အနိမ့်ဆုံးဗိုလ်လုပွဲရောက်ရှိရန် မျှော်မှန်းထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - ၂၀၁၆ ခုနှစ် ၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၄၅ - ပြည်သူတို့ရဲ့စကားသံများ
၉း၃၅ - ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) တိပိဋကမဟာ ဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထံမှ နဝဂ်ဉပေါသထ သီလခံယူဆောက်တည်ခြင်း
၁၀း၀၀ - Sunday Talk
၁၀း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၃၅ - လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ပေး
၁၂း၃၅ - This Weeks Special Interest
၁၁း၅၀ - ဖျော်ဖြေရေးရုပ်ရှင် **ချစ်အမျှ** (ဇော်လင်း၊ ခင်ယုမေ၊ ချိုပြုံး) (ဒါရိုက်တာ -ဦးသုခ)

**ညပိုင်း**

၁၆း၁၅ - ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(မဟာဂီတ)(ဝါသနာရှင် (ပထမတန်း)အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၆း၃၅ - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေး အရသာ (ဂီတရိပ်သာ) နောက်နှောင်းဆီက ကောက်ကြောင်းဂီတ (အပိုင်း-၁၇၃)
၁၉း၄၀ - ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သော The Art Festival 2016 တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယှဉ်ပြိုင်ကပြမှုများ (အပိုင်း -၄)
၂၁း၀၀ - ပြည်တွင်းသတင်း
- တစ်ခါက အနုပညာမှတ်တမ်းများ ချစ်ခွင့်ပန်ဆိုတေးသံချို
- (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း
- (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မုတ်သုံလေအားနည်းနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားနည်းနေသည်။

# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် (၅-၄-၂၀၁၅)ရက်ညပိုင်း၌ ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ရွှေစင်စကြာယာဉ်လိုင်းမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ နို့တစ်စာပေးပို့ခဲ့ခြင်းအပေါ် တောင်းပန်ရှင်းလင်းခြင်း

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၂၀)အနီးတွင် ၅-၄-၂၀၁၅ရက် ည ၁၁း၃၀နာရီခန့်၌ ရွှေစကြာယာဉ်လိုင်းမှ အမြန်ယာဉ်တစ်စီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၆-၄-၂၀၁၅ရက်တွင် Sky Net in house Channels ဖြစ်သည့် mntv channelမှ ရွှေစကြာယာဉ်လိုင်းအစား 'ရွှေစင်စကြာ' ယာဉ်လိုင်းဟု Local Newsနှင့် Crawler တို့ဖြင့် ထုတ်လွှင့်ခဲ့ပါသည်။

၂။ ထိုသို့ မှားယွင်းထုတ်လွှင့်မိခြင်းအတွက် ရွှေစင်စကြာကုမ္ပဏီလီမိတက်က ၂၄-၄-၂၀၁၅ရက်ထုတ် (The Daily Eleven) သတင်းစာ၏ ကြော်ငြာကဏ္ဍတွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၂) ဦးနေလအမည်ဖြင့် "Sky Net in house Channels, Myanmar National TV၏ ရွေ့လျားစာတန်းထိုးမမှန် သတင်းထုတ်လွှင့်ခြင်းအတွက် တာဝန်ရှိသော ဌာနအဖွဲ့အစည်းကုမ္ပဏီများဖြစ်ကြသည့် Sky Net, Shwe Than Lwin Media Co.,Ltd, MRTV-4, မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV), 4Digitalတို့အပေါ် အထွေထွေနစ်နာမှုလျော်ကြေးတောင်းခံခြင်း" ခေါင်းစဉ်ဖြင့် နို့တစ်စာတစ်စောင်ကို မျက်နှာပြည့်ကြော်ငြာဖော်ပြခဲ့သည့်အပြင် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ပြည်လမ်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု လိပ်မူလျက် နို့တစ်စာထပ်မံပေးပို့ခဲ့ပြီး အဆိုပါနစ်နာမှုအတွက် နှစ်လအတွင်း လျော်ကြေးငွေပေးအပ်ရန်နှင့် ပျက်ကွက်ပါက တရားစွဲဆိုတောင်းခံသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၃။ ဖြစ်စဉ်အားစိစစ်ချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)သည် အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဌာနမှ တာဝန်ယူထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၏ ရုပ်သံလိုင်းများတွင် ယင်းယာဉ်တိုက်မှုသတင်းအား လုံး၀(လုံး၀) ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ မိမိတို့ကုမ္ပဏီမှ ပုဂ္ဂလိကသတင်းစာ၌ မှားယွင်းဖော်ပြခဲ့ခြင်း၊ နို့တစ်စာပေးပို့ခဲ့ခြင်းတို့ကြောင့် ဌာန၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခဲ့မှုအပေါ် ရွှေစင်စကြာကုမ္ပဏီလီမိတက်မှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) အား အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ရွှေစင်စကြာကုမ္ပဏီလီမိတက်**

# အလှဖြာဝေ ဟိုပုံးမြေသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

တောင်ကြီးမြို့က နံနက်စောစောထွက်ချိန် နှင်းတွေဝေနေသည်။ မြူနှင်းတွေကြောင့် ဝန်းကျင်တစ်ခွင်က မှုန်ရီဝိုးတဝါး။ မိုးနှောင်းကာလလက်ကျန်ရက်များ ရောက်လာသဖြင့် ဆောင်းလေနှင့်မြူနှင်းမှုန်မှုန်တို့က အကြိုထောက်နေကြပြီ။ ဆောင်းဦးလေအငွေ့တွင် စိမ့်နေအောင်အေးသဖြင့် ဒီနှစ်ဆောင်းက အညှာအတာ ကင်းမဲ့စွာ အေးစက်တော့မည်လားဟု အတွေးဝင်မိပြန်သည်။ ရှမ်းတောင်တန်း၊ တောင်စွယ်များပေါ်ဝယ် ဖြူဖွေးသောနှင်းမှုန်များကိုကြည့်ရင်း ဟိုပုံးမြို့ဆီသို့ စိတ်က ရောက်သွားသည်။ တစ်ကြိမ်မျှ မရောက်ဖူးသေးသော ဟိုပုံးမြို့က အတွေးထဲ၌ပင် ရင်ခုန်စရာကောင်းနေသည်က အမှန်ပင်။

ရှမ်းတောင်ကြောများကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းကြောင့် ပတ်ဝန်းကျင်မြင်ကွင်းက သာယာရှုမောဖွယ်ရာကောင်းသည်။ သစ်တော သစ်ပင်ခုတ်လှဲမှုများကို တားဆီးကြပ်မတ်နေ၍လားမသိ၊ တောတောင်များက စိမ်းလန်းစိုပြည်မှုရှိနေသည်ကို တွေ့ရသည်။ သဘာဝသစ်တောများကို ခုတ်ယူမှု၊ မီးရှို့မှုများကြောင့် သစ်တောများ ပြုန်းတီးခဲ့ရပြီ။ စိမ်းလန်းစိုပြည်နေသော တောင်များကတုံးဖြစ်ခဲ့ရသည်။ သစ်တော၊ သစ်ပင်များကို မခုတ်လှဲရန်လည်း တာဝန်ရှိသူများက ကြပ်မတ်လျက်ရှိရာ တဖြည်းဖြည်းနှင့် အကျိုးသက်ရောက်မှုများတော့ ရှိလာသည်။ တောင်များစိမ်းလာပြီး သဘာဝပတ်ဝန်းကျင်က နဂိုအတိုင်း မပျက်စီးဘဲ တည်ရှိနေခြင်းက မြန်မာနိုင်ငံသားတို့အတွက် သဘာဝကပေးသောလက်ဆောင်များပင်ဖြစ်သည်ဟု တွေးမိသည်။

ရွာငယ်အချို့ကို ဖြတ်သန်းလာခဲ့ပြီးနောက် ဟိုပုံးမြို့မှ ကြိုဆိုပါ၏ဟူသော မြို့အဝင်ကြိုဆိုရေးဆိုင်းဘုတ်ကို တွေ့လိုက်ရသဖြင့် အမောပြေသလိုဖြစ်သွားသည်။ ရွှေ ရောင်စာလုံး အနီရောင်အောက်ခံပေါ်တွင် တင့်တယ်ထည်ဝါစွာ မြင်တွေ့ရသည့် ဟိုပုံးမြို့ဆိုင်းဘုတ်က ကားလမ်းဘေးတွင် စနစ်တကျ စိုက်ထူထားသည်။

ဟိုပုံးမြို့က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်အတွင်း တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ၁၀၇၉ မီတာအမြင့်တွင် တည်ရှိသော ဟိုပုံးမြို့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပါဝင်ရာ အများဆုံးနေထိုင်သူများမှာလည်း ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားများ ဖြစ်သည်။ တောင်ကြီးခရိုင်တွင် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ပင်းတယ၊ ရပ်စောက်၊ ရွာငံ၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်မြို့နယ်များ ပါဝင်ရာ ဟိုပုံးမြို့ အရှေ့ဘက်တွင် လွိုင်လင်နှင့် အနောက်ဘက်တွင် တောင်ကြီး၊ ရွှေညောင်၊ ညောင်ရွှေမြို့များ တည်ရှိနေသည်။ ဟိုပုံးမြို့မှာ တောင်ကြီးမြို့နှင့် ၁၂ မိုင်အကွာတွင် တည်ရှိနေသဖြင့် ကျွန်တော်တို့ ဟိုပုံးမြို့ရောက်ချိန်မှာ နံနက် ၈ နာရီပင် မထိုးသေး။

ဟိုပုံးမြို့အတွင်းသို့ ကျွန်တော်တို့ ရောက်ရှိလာခဲ့ကြသည်။ အနွေးထည် ကိုယ်စီဝတ်ကာ သွားလာလှုပ်ရှားနေကြသော ဒေသခံ ရှမ်းနှင့် ပအိုဝ်း တိုင်းရင်းသားများကို တွေ့မြင်ရသည်။ တစ်ထပ်အိမ်အများစုကိုသာ တည်ဆောက်ထားသော ဟိုပုံးမြို့က အမြင်ရှင်းပြီး ဒေသခံတိုင်းရင်းသားတို့၏ ရိုးရှင်းသော လူမှုဘဝ နေထိုင်လှုပ်ရှားမှုများကို လွတ်လပ်စွာ လေ့လာခွင့်ရသည်။ ဟိုပုံးမြို့တွင်း၌ ဆိုင်ကယ်စီးပြီးသွားလာသူများရာ နေရာဒေသအခြေအနေအရ ဆိုင်ကယ်ဖြင့်သွားလာခြင်းက ပိုမိုအဆင်ပြေကြောင်း သတိပြုမိသည်။

ကျွန်တော်တို့ နံနက်စောစာစားရန် လမ်းမကြီးအနီးရှိ ဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ စားသုံးသူအချို့ရှိနေပြီး လာရောက်ဝယ်ယူသူလည်း များပြားသဖြင့် လက်ရာကောင်းမည်ဟု တွေးမိသည်။ ဒေသအစားအစာဖြစ်သော တို့ဟူးနွေးကို မှာပြီးစားကြည့်ရာ နူးညံ့သော ရှမ်းခေါက်ဆွဲ၊ ကြက်သားတို့ကို လတ်ဆတ်သည့် ပဲမှုန့်ဖြင့် ကျိုချက်ထားသော အရည်ပြစ်ပြစ်ထည့်ထားသည်ဖြစ်ရာ တို့ဟူးနွေးက အငွေ့တထောင်းထောင်းဖြင့် နံနက်စောစော စားကောင်းလေသည်။ ရှမ်းချဉ်နှင့် လိုက်ဖက်သော တို့ဟူးနွေးက ထူးခြားသောအရသာရှိရာ ဟိုပုံးမြို့ကို အမှတ်တရရှိစေတော့မည်။

ကျွန်တော်တို့ တို့ဟူးနွေးစားသောက်ပြီးနောက် ဟိုပုံးမြို့တွင်း လိုက်လံလေ့လာခဲ့ကြသည်။ ဟိုပုံးသည် ရှေးခေတ်က ရှမ်းပြည်နယ်တောင်ပိုင်းမြို့စားများ အုပ်ချုပ်ရာ နယ်မြေတစ်ခုဖြစ်သည်။ ဟိုပုံးသည် ရှေးခေတ်ကပင် စိုက်ပျိုးရေးကောင်းမွန်သော ဒေသတစ်ခုဖြစ်ခဲ့ပြီး ရေခံမြေခံကောင်းသည့် နယ်မြေလည်း ဖြစ်သည်။ ဟိုပုံးဆိုသည်မှာလည်း ရေမြေကိုအစွဲပြုပြီး အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်းလေးကန်၏ အရှေ့ဘက်တောင်တန်းနှင့် နမ့်ပွန်ချောင်းအရှေ့ဘက် လွယ်မယ်တောင်တန်းအကြား လယ်ယာလုပ်ကိုင်ရန်ကောင်းသော လျိုကြီးတစ်ခု ရှိလေသည်။ ယင်းလျိုကြီးမှာ တံဘက်ချောင်းကို အမှီပြုနေရာ စိုက်ပျိုးရေးလုပ်ရန် ကောင်းမွန်သည်ဖြစ်၍ ၎င်းလျိုကြီးကို ရှမ်းဘာသာဖြင့် ပုင်(ပုံး)ဟုခေါ်ပြီး လျိုကြီး၏အစပိုင်းနေရာ၌ တည်ရှိသောနေရာကို ဟိုဟု ခေါ်ခဲ့ရာမှ အဆိုပါနေရာ၌ တည်ခဲ့သည့် မြို့ကိုလည်း ဟိုပုံးမြို့ဟုခေါ်ဆိုခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်။

ဟိုပုံးသည် ကနဦးအချိန်က ကျေးရွာတစ်ရွာသာဖြစ်သည်။ ယင်းမြေနေရာကို စိုက်ပျိုးလုပ်ကိုင်နေသော ငဆော်ဘန်အမည်ရှိ လယ်သမားက ဦးဆောင်ပြီး ရွာတည်ခဲ့ခြင်းဖြစ်ရာ နောက်ပိုင်းအနီးဝန်းကျင်၌ ဘန့်ဖာရွာ၊ နားခါးရွာများကိုလည်း ကပ်လျက်တည်ခဲ့သဖြင့် ဟိုပုံးသည် စည်ကားသော မြို့တစ်မြို့ဖြစ်လာခဲ့သည်။

ကျွန်တော်တို့ ဟိုပုံးမြို့ရှိ ရွှေချမ်းသာစေတီသို့ ရောက်ရှိခဲ့သည်။ ဘုရားဖူးအနည်းငယ်သာရှိသော်လည်း စေတီတော်က ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်စရာကောင်းသည်။ စေတီတော်ကို ဦးချပြီး ရင်ပြင်တော်ပေါ်လှည့်လည်လေ့လာမိသည်။ ရွှေချမ်းသာစေတီကို အလောင်းစည်သူမင်း ပင့်ဆောင်လာသည့် ဓာတ်တော်များဖြင့် ဌာပနာပြုကာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ရာ မူလက ဉာဏ်တော်အမြင့်မှာ ၁၂ တောင်သာရှိကြောင်း သိရသည်။ ဘိုးတော်ဘုရားလက်ထက်တွင် ဟိုပုံးမြို့စားခွန်ကြာက မူလစေတီကို ငုံပြီး ဉာဏ်တော်အတောင် ၈၀ အမြင့်ရှိသည်အထိ တည်ထားခဲ့သလို အတောင် ၂၀၀ ရှိသော မဟာရာမ် တံတိုင်းကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ နောက်ပိုင်း ၁၉၂၃ ခုနှစ်တွင် ရဟန်းရှင်လူများ လှူဒါန်းပြုပြင်မှုများပြု လုပ်ကာ ရွှေချမ်းသာဘုရားအမည်ဖြင့် ယခုတိုင်တည်ထားကိုးကွယ် ပူဇော်နေခြင်းဖြစ်သည်။ ရွှေချမ်းသာစေတီက ကြည်ညိုသပ္ပာယ်စရာကောင်းသည့်အပြင် အေးချမ်းဆိတ်ငြိမ်သဖြင့် ဟိုပုံးမြို့သို့ လာရောက်သူ ဧည့်သည်များ မရောက်မဖြစ် ရောက်အောင် လာရောက်ဖူးမြော်သည့် စေတီလည်းဖြစ်သည်။

ကျွန်တော်တို့ ရွှေချမ်းသာစေတီမှ ပြန်ထွက်လာခဲ့ပြီး ထမ့်စန်းဂူရှိရာသို့ မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ကြသည်။ ထမ့်စန်းဂူနှင့် ဟိုပုံးရေထွက်မှာ ဟိုပုံးမြို့၏ စိတ်ဝင်စားဖွယ်ရာနေရာများဖြစ်ပြီး ခရီးသွားဧည့်သည်များ မပြတ်တမ်းလာရောက်လေ့လာကြသည့် နေရာများလည်း ဖြစ်သည်။ ထမ့်စန်းဂူမှာ ဟိုပုံးမြို့မှ ၁၀ မိုင်ခန့်အကွာတွင် တည်ရှိပြီး တောင်ကြီးမြို့မှ ၂၆ မိုင်ခန့်ကွာဝေးသည်။ တောင်ကြီး-လွိုင်လင်သွားကားလမ်းဘေးတွင် တည်ရှိနေရာသွားလာရေး အဆင်ပြေသဖြင့် ခရီးသွားဧည့်သည်များအရောက်အပေါက်များခြင်းလည်း ဖြစ်မည်ဟု တွေးမိသည်။

ကျွန်တော်တို့ ထမ့်စန်းဂူသို့ ရောက်ခဲ့ပြီ။ ထမ့်စန်းဂူ၏ အမည်အပြည့်အစုံမှာ ဟတ္ထိပါလ ထမ့်စန်းဂူဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်ထက် မီတာ ၁၈၀၀ ခန့်တွင် တည်ရှိသော သဘာဝထုံးကျောက်လိုဏ်ဂူကြီးလည်း ဖြစ်သည်ကို သတိပြုမိသည်။ ဂူအဝအနီးတွင် တိုးနယားနဂါးရုပ်တုတစ်ခုကို မြင်တွေ့ရပြီး ဂူပေါက်ဝတွင် လာရောက်လေ့လာကြသည့် ခရီးသွားဧည့်သည်အချို့ကို လှမ်းမြင်ရသည်။ ဆိုင်ကယ် သုံးလေးစီးခန့်လည်း တွေ့မြင်ရရာ တောင်ကြီးနှင့် ဟိုပုံးမြို့များမှ လူငယ်များလာရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ ထမ့်စန်းဂူအတွင်း ဝင်ရောက်ခဲ့ကြသည်။ ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်မျိုးစုံကို မြင်တွေ့ရပြီး ထိုင်လျက်ရုပ်ပွားတော်များ၊ မတ်ရပ်ရုပ်ပွားတော်များအား ဖူးမြင်ရသည်။ ဂူအတွင်း အပေါ်ဘက်နံရံများတွင် ကျောက်စက်ပန်းဆွဲများကို ပုံ




ထမ့်စန်းဂူအတွင်းမှ ကျောက်စက်ပန်းဆွဲများ


သဏ္ဌာန်မျိုးစုံအများအပြားမြင်တွေ့ရပြီး ထူးခြားအံ့သြဖွယ်ရာ နေရာအနှံ့တည်ရှိနေခြင်းဖြစ်သည်။ သဘာဝအလျောက်တည်ရှိနေသော ကျောက်စက်ပန်းဆွဲများက လှပပြီး စိတ်ဝင်စားဖွယ်ရာဖြစ်သည့်အပြင် ဆွဲဆောင်မှုလည်းရှိနေသည်။ ကျွန်တော်တို့ဂူအတွင်း ဒီဇိုင်းပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသော ကျောက်စက်ပန်းဆွဲများကို ဓာတ်ပုံမှတ်တမ်းများ စိတ်တိုင်းကြရယူကြသည်။ ကျွန်တော်မြင်တွေ့ရောက်ရှိခဲ့ဖူးသမျှ သဘာဝလိုဏ်ဂူများအနက် သဘာဝကျောက်စက်ပန်းဆွဲ အများဆုံးတည်ရှိရာ လိုဏ်ဂူတစ်ခုဖြစ်ကြောင်း သတိပြုမိသည်။ လာရောက်လေ့လာကြသည့် ခရီးသွားဧည့်သည်များကလည်း ဓာတ်ပုံမှတ်တမ်းများ တဖျတ်ဖျတ်ရိုက်ယူနေကြသည်ကို တွေ့ရသည်။


ထမ့်စန်းဂူသည် အမြင့်ပေ ၅၀ ခန့်ရှိပြီး ဂူအရှည်မှာ မည်မျှအထိ ရှည်သည်ကို မသိရှိရသေးသော်လည်း ဝင်ရောက်လေ့လာတိုင်းတာမှုများအရ ပေ ၆၀၀၀ ခန့်အထိ ဝင်ရောက်တိုင်းတာခဲ့ပြီးကြောင်း၊ အရှည်မှာ ဆက်လက်ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ လိုဏ်ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၁၀၈ ဆူတည်ထားကိုးကွယ်ပြီး ဂူအတွင်းနေရာအများအပြားတွင် လျှပ်စစ်မီးများထွန်းထားသော်လည်း အချို့နေရာများမှာ အလင်းရောင်လုံလောက်စွာမရရှိသေးကြောင်း သတိပြုမိသည်။ သာသနာ့အလံငယ်များကို ကြိုးဖြင့် သီကာ သွယ်တန်းထားမှုကြောင့် သာသနာပြုလိုစိတ်၊ အလှူဒါနပြုလိုစိတ်များဖြစ်ပေါ်ခံစားမိသည်။


ထမ့်စန်းဂူအမည်မှာလည်း ပအိုဝ်းဘာသာစကားဖြစ်ပြီး "ဂူဆင်"ဟု အဓိပ္ပာယ်ရသည်။ လိုဏ်ဂူအတွင်း ဒေသခံ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားလူငယ်များ လာရောက်လေ့လာဖူးမြော်ကြသည်ကိုလည်း တွေ့ရသဖြင့် ဒေသခံတိုင်းရင်းသားများအတွက် အပန်းဖြေစရာ၊ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ခွင့်ရသည့်နေရာအပြင် သဘာဝကျောက်စက်ပန်းဆွဲများကို လေ့လာခွင့်ရသည့် ထူးခြားသောနေရာဖြစ်ကြောင်း သဘာဝအခြေပြု ခရီးသွားလုပ်ငန်းခရီးစဉ်အဖြစ် ပိုမိုဆွဲဆောင်နိုင်ရေး မြှင့်တင်နိုင်လျှင် အကျိုးဖြစ်ထွန်းမည်ဟု အတွေးဝင်မိသည်။


ကျွန်တော်တို့ ထမ့်စန်းဂူအတွင်း အချိန်ယူကာ စိတ်တိုင်းကျ လေ့လာပြီးနောက် ပြန်ထွက်လာခဲ့သည်။ အပြန်တွင် ဟိုပုံးမြို့၌ မရပ်နားတော့ဘဲ တောင်ကြီးမြို့သို့ တိုက်ရိုက်ပြန်လာခဲ့သည်။ ဟိုပုံးမြို့ဝန်းကျင်ဒေသသည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန် ရေခံ မြေခံကောင်းများ တည်ရှိနေသည်။ လေ့လာစရာနေရာလည်း ပေါများသည့်အပြင် ရှမ်းတောင်တန်းများဖြင့် စိုက်ခင်းများအလှက ခရီးသွားများ၏ စိတ်အာရုံကိုဖမ်းစားနိုင်သည်။ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများကလည်း ကမ္ဘာလှည့်ခရီးသွားများအတွက် လေ့လာချင်စရာကောင်းသည်ဖြစ်ရာ ဟိုပုံးမြို့နှင့် ဝန်းကျင်အလှက အနာဂတ်တွင် တောက်ပဝေဖြာဦးမည်ဟု အတွေးဝေနေမိသည်။ ။





HTOO
OK..
1..2..3..










SEP (2016)



# ဖွင့်ဆိုရှင်းပြအဖွဲ့(၂)

မောင်ခင်မင်(ဓနုဖြူ)◆

"ဖွင့်ဆိုရှင်းပြနည်းတစ်နည်းက 'ခွဲခြမ်းစိတ်ဖြာနည်း' ပဲ။ အင်္ဂလိပ်လို analysis ခေါ်တာပေါ့။ ကိုယ်ရေးတဲ့အကြောင်းအရာမှာပါတဲ့ အစိတ်အပိုင်းတွေကို လိုအပ်သလို ခွဲခြမ်းစိတ်ဖြာပြတဲ့နည်းပဲ။ လွယ်လွယ်ပြောရရင် တို့မြန်မာနိုင်ငံကို ပြည်နယ်ခုနစ်ခုနဲ့ တိုင်းဒေသကြီးခုနစ်ခုဆိုပြီး ခွဲပြတာမျိုးပေါ့"

"မှုခင်းတစ်ခုရဲ့သတင်းကို ရေးတဲ့အခါ မှုခင်းဖြစ်ရတဲ့အကြောင်းရင်းရယ်၊ မှုခင်းဖြစ်ပုံရယ်၊ အကျိုးသက်ရောက်မှုရယ်ဆိုပြီး အပိုင်းသုံးပိုင်းခွဲရေးတာမျိုးကရော ခွဲခြမ်းစိတ်ဖြာတာပဲပေါ့နော် ဆရာ"

"ဟုတ်တာပေါ့။ အကောင်အထည်ကိုပဲဖြစ်ဖြစ်၊ သဘောတရားအယူအဆကိုပဲဖြစ်ဖြစ် ပါဝင်တဲ့အစိတ်အပိုင်းတွေ ခွဲနိုင်ပါတယ်"

"ဆရာ၊ အမျိုးအစားခွဲတာနဲ့၊ အစိတ်အပိုင်းတွေခွဲတာနဲ့ ဘယ်လိုကွာပါသလဲ"

"ဩော်...အမျိုးအစားခွဲတာက တူတဲ့လက္ခဏာတွေကို မူတည်ပြီးအမျိုးအစားတစ်စုစီ စုတာလေ။ 'မျိုးတူစုပြုတာ' လို့လည်းခေါ်တယ်။ ပြောခဲ့တဲ့ သာဓကအတိုင်း ဝတ္ထုတွေကို အချစ်ဝတ္ထု၊ စုံထောက်ဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထုစသည်ဖြင့် ခွဲတာက အချစ်အကြောင်းရေးတဲ့ ဝတ္ထုတွေကတစ်ခု၊ စုံထောက်အကြောင်း ရေးတဲ့ဝတ္ထုတွေက တစ်ခုဆိုပြီး တူရာတူရာလက္ခဏာတွေအရ မျိုးတွေစုလိုက်တာလေ။ လွယ်လွယ်ခေါ်တော့ အမျိုးအစားခွဲတာပေါ့"

"အဲ...ခွဲခြမ်းစိတ်ဖြာတာကတော့ ဝတ္ထုတစ်ပုဒ်ကို ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဆိုပြီး အစိတ်အပိုင်းတွေ ခွဲပစ်လိုက်တာမျိုးပေါ့။ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာကို ၃၂ ကောဋ္ဌာသဆိုတဲ့ အစိတ်အပိုင်းတွေ ခွဲလိုက်ရင် ဆံပင်၊ နှာခေါင်း၊ သွား၊ ခြေ၊ လက်၊ အသည်း၊ နှလုံးစတဲ့ အစိတ်အပိုင်းတွေ ကွဲသွားတာမျိုးပေါ့ အသစ်ဆောက်မယ့်ပြတိုက်ကြီးကို ဘယ်လိုဖွဲ့စည်းမယ်၊ ဘယ်လိုအစိတ်အပိုင်းတွေပါမယ်ဆိုပြီး ရှင်းပြပုံဟာလည်း ခွဲခြမ်းစိတ်ဖြာပြတာပါပဲ။

"နားလည်ပါပြီ ဆရာ"

"နောက်...အင်မတန်အသုံးတွင်တဲ့ ဖွင့်ဆိုရှင်းပြနည်းတစ်ခုကတော့ 'နှိုင်းယှဉ်နည်း' ပဲကွဲ့။ အဲ...မြန်မာစကားမှာတော့ နှိုင်းယှဉ်တယ်ဆိုရင် တူတာချင်းဖြစ်ဖြစ်၊ မတူတာချင်းဖြစ်ဖြစ် နှိုင်းယှဉ်တယ်လို့သုံးတယ်။ အင်္ဂလိပ်စကားမှာတော့ Comparison and Contrast လို့ ခွဲသုံးတာပေါ့"

"ဟုတ်ကဲ့ပါ။ တူတာချင်းနှိုင်းယှဉ်တာက ဘယ်လိုပါလဲ ဆရာ"

"ဆရာတို့ငယ်ငယ်က ပထဝီသင်ခန်းစာမှာ ဧရာဝတီမြစ်နဲ့သံလွင်မြစ် နှိုင်းယှဉ်တာသင်ရတယ်။ မြောက်ဘက်က တောင်ဘက်ကို စီးဆင်းတာတို့၊ တောတွေတောင်တွေကို ဖြတ်ပြီးစီးဆင်းတာတို့၊ ကူးသန်းသွားလာရေးအတွက် အရေးပါတာတို့ အဲဒီလို တူတဲ့အချက်တွေ နှိုင်းယှဉ်တာမျိုးပေါ့"

"ဒီလိုဆိုရင် မတူတာချင်းနှိုင်းယှဉ်တာမျိုးက သိပ္ပံပညာနဲ့ဝိဇ္ဇာပညာနှိုင်းယှဉ်တာပေါ့၊ သက်ရှိနဲ့သက်မဲ့နှိုင်းယှဉ်တာ တို့ဖြစ်နိုင်တာပေါ့နော်"

"ဟုတ်ပါတယ်။ စာပေနဲ့ဆက်စပ်ပြောရရင် 'ဝတ္ထု'နဲ့ 'ပြဇာတ်' နှိုင်းယှဉ်တယ်ဆိုပါတော့။ ကဲ... ဘာတွေတူသလဲဆိုတာ အရင်နှိုင်းယှဉ်ကြည့်ကြစမ်းပါ"

"ဟုတ်ကဲ့၊ ဝတ္ထုနဲ့ပြဇာတ်က ဇာတ်လမ်းပါတာချင်း တူတယ်။ ဇာတ်ဆောင်တွေ ပါတာချင်းလည်းတူတယ်။ နောက်ခံပါတာလည်းတူတယ်။"

"ဟုတ်ပြီ။ ဒါဖြင့် ဝတ္ထုနဲ့ပြဇာတ်မတူတာတွေကရော"

"ဝတ္ထုမှာ ဝတ္ထုရေးဆရာက ဇာတ်ကြောင်းကိုဝင်ပြောလို့ရတယ်။ ပြဇာတ်မှာတော့ပြဇာတ်ရေးဆရာက ဝင်ပြောလို့မရဘူး။ ဇာတ်ဆောင်တွေကပဲ သူတို့ရဲ့ ပြောစကားနဲ့ ဇာတ်လမ်းအဖြစ်အပျက်ကို ဖော်သွားတယ်"

"ဟုတ်ပါပြီ။ အဲဒီလို တူတဲ့အချက်တွေ၊ မတူတဲ့အချက်တွေ၊ ဘာတွေတူတယ်၊ ဘာတွေမတူဘူးဆိုတာ နှိုင်းယှဉ်ပြတာဟာလည်း ဖွင့်ဆိုရှင်းပြနည်းတွေပဲလို့ နားလည်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"သမီးတို့လုပ်ငန်းနဲ့ဆက်ပြီးပြောရရင် ထင်ရှားတဲ့ပုဂ္ဂိုလ်နှစ်ယောက်ရဲ့အမြင်ချင်း နှိုင်းယှဉ်ပြတာမျိုး၊ ဂျာနယ်နှစ်စောင်ရဲ့ရေးသားတင်ပြပုံချင်း နှိုင်းယှဉ်ပြတာမျိုး၊ နိုင်ငံနှစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအခြေအနေချင်း နှိုင်းယှဉ်ပြတာမျိုးတွေ လုပ်နိုင်တာပေါ့။ နှိုင်းယှဉ်ပြတဲ့နေရာမှာလည်း တူတဲ့အချက်တွေကို ဖြစ်ဖြစ်၊ မတူတဲ့ အချက်တွေကိုဖြစ်ဖြစ် တစ်ချက်ချင်းတစ်ချက်ချင်း စနစ်တကျ နှိုင်းယှဉ်ပြရင် အစီအစဉ်တကျ ဖြစ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ... ဖွင့်ဆိုရှင်းပြနည်းတွေထဲမှာ နောက်တစ်နည်း ပြောဖို့ကျန်သေးတယ်။ အဲဒါကတော့ အနက်အဓိပ္ပာယ်ဖွင့်ပြတဲ့နည်းပဲ။ အင်္ဂလိပ်လို defination ပေါ့။ အရင်းခံကျတဲ့ အနက်ဖွင့်နည်းကတော့ အကြောင်းအရာတစ်ခုကို အနက်ဖွင့်ရင် အဲဒီအကြောင်းအရာပါဝင်နေတဲ့ သူ့ထက်ကျယ်ဝန်းတဲ့ အကြောင်းအရာနယ်ပယ်ရယ်၊ အဲဒီအကြောင်းအရာနဲ့ အဲဒီနယ်ပယ်ထဲက တခြားအကြောင်းအရာတွေနဲ့ ကွဲပြားခြားနားတဲ့အချက်ရယ် ပါဝင်ရမယ်တဲ့"

"ရှင်းပြပါဦး ဆရာ"

"ကဲ ..လူရဲ့အနက်အဓိပ္ပာယ်ကို ဘယ်လိုဖွင့်တယ်ဆိုတာ သားတို့သမီးတို့ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့။ လူကို အသိဉာဏ်ရှိသောသတ္တဝါလို့ဖွင့်ပါတယ် ဆရာ"

"ဟုတ်ပြီ။ အဲဒီမှာ လူက သတ္တဝါထဲမှာပါတဲ့အတွက် သတ္တဝါက လူထက်ကျယ်ဝန်းတဲ့အကြောင်းအရာ နယ်ပယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလူက သတ္တဝါထဲမှာပါတဲ့ အခြားသတ္တဝါတွေနဲ့ ကွဲပြားခြားနားတဲ့ အချက်ကဘာလဲ။ အသိဉာဏ်ရှိခြင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီတော့ လူကို အသိဉာဏ်ရှိတဲ့ သတ္တဝါလို့ဖွင့်တာဟာ လူပါဝင်တဲ့ ကျယ်ဝန်းတဲ့ 'သတ္တဝါ' ဆိုတဲ့ နယ်ပယ်လည်း ပါတယ်။တခြားသတ္တဝါတွေနဲ့ ကွဲပြားခြားနားတဲ့ အသိဉာဏ်ရှိခြင်းဆိုတာလည်း ပါတယ်မဟုတ်လား။ အဲဒါ လူရဲ့အနက်အဓိပ္ပာယ်ပဲပေါ့"

"နားလည်ပါပြီ ဆရာ"

"ဒါက အခြေခံကျတဲ့ အနက်ဖွင့်ပုံပဲ ။တကယ်ကတော့ ဒီထက်ပိုပြီး ကျယ်ပြန့်နက်နဲတဲ့ ဖွင့်ဆိုပုံတွေ ရှိတာပေါ့။'ပညာ' ဆိုတာဘာလဲ၊ 'မျိုးချစ်စိတ်'ဆိုတာဘာလဲ၊ 'နိဗ္ဗာန်'ဆိုတာဘာလဲ စသည်ဖြင့် ဖွင့်ဆိုပုံတွေအများကြီး ရှိပါတယ်။ သတိရလို့ ဆရာတို့ ငယ်ငယ်ကဖတ်ရတဲ့ စာအုပ်တစ်အုပ်ထဲက အနက်ဖွင့်ကလေးကို ပြောပြဦးမယ်"

"ဘာစာအုပ်ပါလဲ ဆရာ"

"စာအုပ်နာမည်က 'ချွေတာခြင်း' ရေးတဲ့ပုဂ္ဂိုလ်က ပြည်မြို့က ပဋ္ဌရုပ်ပုံနှိပ်တိုက်ပိုင်ရှင် ဆရာကြီးဦးခတဲ့။ ပဋ္ဌရုပ်ဦးခလို့ ခေါ်တယ်။ တစ်ချိန်က နာမည်ထင်ရှားတဲ့ စာရေးဆရာကြီးပဲ"

"ဟုတ်ကဲ့ပါ"

"အဲဒီ'ချွေတာခြင်း' စာအုပ်ကို ကျောင်းသုံးစာအုပ်အဖြစ် နှစ်ပေါင်းများစွာ ပြဋ္ဌာန်းထားတာ။ ဆရာတို့လည်း သင်ခဲ့ရတယ်။ အဲဒီစာအုပ်ထဲက 'ချွေတာခြင်း'ရဲ့ အဓိပ္ပာယ်အဖွင့်ကလေးကို ဆရာ အခုထိ အလွတ်ရနေတယ်"

> **အမျိုးအစားခွဲတာက တူတဲ့လက္ခဏာတွေကိုမူတည်ပြီး အမျိုးအစားတစ်စုစီ စုတာလေ။ 'မျိုးတူစုပြုတာ' လို့လည်းခေါ်တယ်။ ပြောခဲ့တဲ့ သာဓကအတိုင်း ဝတ္ထုတွေကို အချစ်ဝတ္ထု၊ စုံထောက်ဝတ္ထု၊ ဘဝသရုပ်ဖော်ဝတ္ထုစသည်ဖြင့် ခွဲတာက အချစ်အကြောင်းရေးတဲ့ ဝတ္ထုတွေကတစ်ခု၊ စုံထောက်အကြောင်း ရေးတဲ့ဝတ္ထုတွေက တစ်ခုဆိုပြီး တူရာတူရာလက္ခဏာတွေအရ မျိုးတွေစုလိုက်တာလေ။ လွယ်လွယ်ခေါ်တော့ အမျိုးအစားခွဲတာပေါ့**

"ပြောပြပါ ဆရာ"

"ဒီလိုကွဲ့၊ 'ချွေတာခြင်း'ဟူသည်ကား လွန်လွန်မင်းမင်း စစ်စစ်စီစီ စေးစေးနဲ့နဲ့နှင့် သုံးစွဲနေထိုင်ဝတ်ဆင်စားသောက်ရမည်ဟု မဆိုလို။ အဆမတန် အသုံးလွန်၍ မော်မော်ကြွားကြွား အဖွင့်ကားသော ဝတ်မှု၊ စားမှု၊ နေမှု၊ ထိုင်မှုတို့ကိုလည်း ခွင့်မပြု။ 'မလျော့မတင်းစောင်းကြိုးညင်း' ဟူသော စကားကဲ့သို့ အဝင်နှင့်အထွက်ကို ချိန်ကိုက်၍ မိမိတို့ အခြေအနေအဆင့်အတန်းနှင့်လိုက်လျောညီမျှအောင် သုံးစွဲခြင်း၊ မမြင့်လွန်း၊ မနိမ့်လွန်း၊ မပိုလွန်း၊ မလိုလွန်း၊ အလယ်အလတ်ဗဟိုကျအောင် ချိန်ဆတိုင်းထွာ၍ မျှတစွာသုံးစွဲခြင်းကိုပင် အင်္ဂလိပ်ဘာသာအားဖြင့် 'အီကိုနိုမီ' ဟူ၍လည်းကောင်း၊ ပါဠိဘာသာအားဖြင့် 'သမဇီဝိတတာ' ဟူ၍လည်းကောင်း၊ မြန်မာဘာသာအားဖြင့် 'ချွေတာခြင်း' ဟူ၍ လည်းကောင်း ခေါ်ဆိုရလေသည်'တဲ့"


"အရေးအသားကောင်းလိုက်တာနော်ဆရာ"

"ကောင်းတယ်။ ရှင်းလည်းရှင်းတယ်။ ချွေတာခြင်းဆိုတဲ့အဓိပ္ပာယ်ကို ပေါ်အောင် ဖွင့်ထားတာလေ။ အဲဒီထဲမှာ 'အဖွင့်ကားသော'ဆိုတဲ့ အသုံးက အခုခေတ်မှာ သိပ်မသုံးကြတော့ဘူး။ လိုတာထက်ပိုပြီး ချဲ့တယ်၊ ကြွားတယ်လို့ ဆိုလိုတာပါ။ ဒီစာအုပ်က ကိုလိုနီခေတ်ကတည်းက ပေါ်ခဲ့တာလေ။ ဖွင့်ဆိုရှင်းပြအဖွဲ့ပုံစံကောင်းတစ်ခုပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

# ပဋိသန္ဓေတားဆေးလုံးများ စိတ်ကျဝေဒနာဖြစ်စေခဲ့သလား

ကလျာမိုးမြင့်



ပြီးခဲ့တဲ့ ရက်သတ္တပတ်က ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ဒိန်းမတ်ရဲ့ လေ့လာစမ်းသပ်မှုတစ်ခုမှာ ပဋိသန္ဓေတားဆေးလုံး သုံးစွဲတဲ့ အမျိုးသမီးတွေဟာ စိတ်ကျရောဂါဖြစ်နိုင်တဲ့အလားအလာ မျိုးပိုပြီးတွေ့ရှိရတယ်လို့ ဖော်ပြထားမှုကို ကမ္ဘာတစ်ဝန်းလုံးကနေ စိတ်မသက်သာဖွယ်ရာ တုံ့ပြန်မှုတွေ အွန်လိုင်းမှတစ်ဆင့် ထွက်ပေါ်လာခဲ့ပါတယ်။

ကိုပန်ဟာဂျင်တက္ကသိုလ်က သုတေသနပညာရှင်တွေဟာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်းရှိတဲ့ ဒိန်းမတ်အမျိုးသမီးတစ်သန်းကျော်ရဲ့ကျန်းမာရေးမှတ်တမ်းတွေကို လေ့လာခဲ့ပါတယ်။ ဒီလိုလေ့လာတဲ့အခါမှာ သဘာဝအတိုင်းမဟုတ်ဘဲ ဖန်တီးထားတဲ့ အီစထရိုဂျင်နဲ့ပရိုဂျက်စထရုန်း ဟော်မုန်းတွေပါဝင်တဲ့ပေါင်းစပ်ဆေးဝါးသုံးစွဲတဲ့ အမျိုးသမီး ၂၃ ရာခိုင်နှုန်းလောက်က ပဋိသန္ဓေတားဆေးဟော်မုန်းမသုံးတဲ့သူတွေထက် စိတ်ဓာတ်ကျရောဂါကိုသက်သာစေတဲ့ ဆေးဝါးတွေကို သုံးစွဲဖို့ညွှန်ကြားခြင်းခံရကြောင်း လေ့လာသူတွေက တွေ့ရှိခဲ့ကြပါတယ်။

ပရိုဂျက်စတင်ဟော်မုန်းတစ်မျိုးတည်းသာပါတဲ့ ဆေးလုံး သုံးစွဲသူတွေဆိုရင် စိတ်ကျရောဂါဆေးသောက်သုံးဖို့ ၃၄ ရာခိုင်နှုန်းထိ ညွှန်ကြားခြင်းခံရပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်း ပေါင်းစပ်သန္ဓေတားဆေးသုံးစွဲသူတွေကိုဆိုရင် ၈၀ ရာခိုင်နှုန်းလောက်ထိ စိတ်ကျရောဂါသက်သာစေတဲ့ ဆေးဝါးတွေသောက်သုံးဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။ ဒီစမ်းသပ်မှုဟာ အဲဒီအချိန်က ပြုလုပ်ခဲ့တဲ့ အကြီးဆုံးလေ့လာမှုတွေထဲကတစ်ခုပါ။

ဩစတြေးလျအသံလွှင့်အစီအစဉ်ကို ဝေဖန်ခဲ့သူ နီကီကိုစီယာက သန္ဓေတားဆေးသုံးစွဲမှုနဲ့ပတ်သက်ပြီး တွေ့ကြုံခံစားရတဲ့အကြောင်းအရာတွေကို မျှဝေရာမှာ "ကလေးမွေးဖွားမှုကို ဟော်မုန်းအားဖြင့် ထိန်းချုပ်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်းကိုယ့်ကိုယ်ကို အဆုံးစီရင်လိုတဲ့ စိတ်ဓာတ်ကျဆင်းမှုတွေကြားမှာ ကျွန်မဘဝပျောက်ဆုံးခဲ့ရတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဂါဒီယန်သတင်းစာရဲ့ စာဖတ်ပရိသတ်တစ်ဦးဖြစ်တဲ့ ခရစ်စတင်အမ်စတာဒန်ကလည်း ဒီဆေးတွေကြောင့် ပြီးခဲ့တဲ့ ငါးနှစ်အကြာက ၄င်းဟာ အကြီးအကျယ်စိတ်ဓာတ်ကျဆင်းမှုကိုခံစားခဲ့ရတယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ၄င်းဟာ စိတ်ဓာတ်ကျဆင်းနေတာနဲ့ပတ်သက်ပြီး သန္ဓေတားနည်းပုံစံကို ပြောင်းဖို့ သင့်မသင့်၄င်းရဲ့ဆရာဝန်ကို အကြံဉာဏ်တောင်းခဲ့ပေမယ့် ဆရာဝန်က သန္ဓေတားဆေးနဲ့ စိတ်ဓာတ်ကျဆင်းမှုနဲ့ ဘယ်လိုမှသက်ဆိုင်ခြင်းမရှိဘူးလို့ ပြောခဲ့တယ်လို့ ဆိုပါတယ်။

ငါးနှစ်လုံးလုံးဆိုးရွားတဲ့ စိတ်ကျဝေဒနာနဲ့ ကျွန်မလုံးပန်းခဲ့ရပြီး သေကြောင်းကြံစည်လိုစိတ်တွေ တဖွားဖွားပေါ်ပေါက်ခဲ့တယ်။ ဒီလိုနေခဲ့ရာကနေ ပြီးခဲ့တဲ့ သုံးလလောက်အကြာမှာ သန္ဓေသားဆေးလုံးတွေ သောက်သုံးနေတာကို ကျွန်မရပ်ပစ်လိုက်တယ်။ ခုဆိုရင် ကျွန်မ ပုံမှန်အခြေအနေအတိုင်း ပြန်ကောင်းလာပြီလို့ ခံစားရပါတယ်လို့ ပြောသွားခဲ့ပါတယ်။

ဒါပေမယ့် ဆေးအာနိသင်သက်ရောက်ပုံခြင်းမတူတဲ့ ဆန့်ကျင်ဘက်အခြေအနေမျိုး ကြုံတွေ့ရတာလည်း ရှိနေပါတယ်။ သန္ဓေသားဆေးလုံးသုံးစွဲသူ အမျိုးသမီးဆာရာဂိုလ်းဒ်ကတော့ သန္ဓေသားဆေးလုံးတွေကို ၄င်းရဲ့စိတ်ကျရောဂါကို အထောက်အကူဖြစ်ဖို့ သောက်သုံးလာခဲ့တာ ထိရောက်မှုရှိခဲ့ပါတယ်တဲ့။




သုတေသနပြုလေ့လာသူတွေထဲက တစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာလီဒီဂတ်က ဆေးလုံးတွေသုံးစွဲတာဟာ စိတ်ပိုင်းဆိုင်ရာကို သက်ရောက်တဲ့တိုက်ဆိုင်မှုတွေ ရှိခဲ့တာမှန်ပါတယ်။ ဒါပေမယ့်အထင်ရှားဆုံးနဲ့ အံ့ဩဖွယ်အကောင်းဆုံးတွေ့ရှိမှုကတော့ ယခင်က စိတ်ကျန်းမာရေးဆိုင်ရာ ချွတ်ယွင်းချက်တစ်စုံတစ်ရာမရှိခဲ့တဲ့ အမျိုးသမီးငယ်တွေမှာ ပေါင်းစပ်သန္ဓေတားဆေးလုံးစတင်သုံးစွဲပြီးနောက် စိတ်ဓာတ်ကျဆင်းမှုပိုဖြစ်လာတယ်ဆိုတဲ့ အချက်ပါပဲလို့ဘီဘီစီသို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် လန်ဒန် Imperial ကောလိပ်က ဒေါက်တာချန်နာဂျရာဆီနာလိုမျိုး ပညာရှင်တွေကတော့ ဒီလေ့လာမှုဟာ ဆေးလုံးတွေက စိတ်ရောဂါကိုကြီးထွားလာအောင် ဘယ်လိုလုပ်ဆောင်တယ်ဆိုတာကို သက်သေမပြနိုင်ဘူးလို့ ချက်ချင်းပဲ ထောက်ပြခဲ့ပါတယ်။ အမျိုးသမီးတွေကို ဒီကိစ္စနဲ့ပတ်သက်ပြီး အကြံပေးနှိုးဆော်တာမျိုးတွေ မပြုလုပ်သင့်သလို သန္ဓေသားဆေးလုံးတွေကိုပုံမှန်အတိုင်းပဲ သောက်သုံးစေသင့်တယ်လို့ ကျွမ်းကျင်သူအချို့က မှတ်ချက်ချခဲ့ပါတယ်။ **(ဘီဘီစီ)**

မြန် မာ့ ရိုး ရာ အား က စား

# ရိုးရာခြင်းလုံးအားကစား တကယ်ပဲကမ္ဘာကို ကျော်လွှားနိုင်တော့မှာလား ...

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**



အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်

မြန်မာ့ရိုးရာခြင်းလုံးအားကစားသည် ရှေးနှစ်ပေါင်း ၁၅၀၀ ဝန်းကျင်ကတည်းက ခတ်ကစားခဲ့သော မြန်မာတို့ရဲ့ရိုးရာ အားကစားအမွေအနှစ်ဖြစ်သည်။ ခေတ်စနစ်များတိုးတက်လာသော နှောင်းပိုင်းကာလတွင် ရိုးရာအားကစားအသွင် နိုင်ငံတစ်ဝန်းပျံ့နှံ့ကာ လူကြီး၊ လူလတ်၊ လူငယ်မရွေး ဆော့ကစားလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ယင်းသို့ဖြင့် မြန်မာ့ရိုးရာခြင်းလုံးအားကစား နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်ရည်ရွယ်၍ ၁၉၅၃ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းနိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် ဖျော်ဖြေရေးသက်သက်သာ နှစ်ပေါင်းရှည်ကြာ ဆော့ကစားခွင့်ရခဲ့သည်။ နိုင်ငံတကာ ပါဝင်ခတ်ကစားနိုင်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနိုင်ခြင်းမရှိခဲ့။ မြန်မာနိုင်ငံတွင် ၁၉၆၀ ခုနှစ်ဝန်းကျင်က ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီးကို ကျင်းပခွင့်ရခဲ့သော်လည်း ရိုးရာစစ်စစ်ဖြစ်သည့် ခြင်းလုံးအားကစားကို ထည့်သွင်းထုတ် ဖော်ခွင့်မရခဲ့ပေ။ အားကစားနည်းတစ်ရပ်ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်အားပေးပံ့ပိုးမှု၊ အားကစားဝန်ကြီးဌာန အားပေးကူညီမှု၊ သက်ဆိုင်ရာအဖွဲ့ချုပ်၏ အမြော်အမြင်ကြီးမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ အားကစားသမားတို့၏ ဇွဲနပဲတို့ဖြင့် အားထုတ်ကြိုးပမ်းမှုတို့နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်သူများပူးပေါင်းပါဝင်ရန်မှာလည်း လွန်စွာမှ အရေးကြီးလှပေသည်။

ယနေ့ မြန်မာ့ရိုးရာခြင်းလုံးအားကစားသည် နိုင်ငံတွင်းဖော်ထုတ်နေသော ရိုးရာအားကစားများဖြစ်သည့် ရိုးရာလက်ဝှေ့နှင့် ရိုးရာသိုင်း အားကစားသုံးမျိုးထဲတွင် နိုင်ငံတကာသို့ ထိုးဖောက်အောင်မြင်မှုမှာ အထိုက်အလျောက်ရရှိကာ ရှေ့ဆုံးမှ မားမားမတ်မတ်ရပ်တည်နေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ စတင်ကာ ပြိုင်ပွဲဝင်ခွင့်ရခဲ့ပြီး ပထမဦးဆုံး ဆီးဂိမ်းပြိုင်ပွဲတွင် ခြေချခွင့်ရခဲ့သည်။ ခြေချခွင့်ရခဲ့သလို မျက်နှာပန်းလည်းလှကာ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်များရရှိအောင်လည်း အမှန်တကယ်စွမ်းဆောင်နိုင်ခဲ့သည်။

ယင်းသို့စွမ်းဆောင်နိုင်ခြင်းမှာ ၂၀၀၈ ခုနှစ်တွင် မြန်မာ့ရိုးရာခြင်းလုံး၏ အခြေခံကျသော အဖွဲ့ချုပ်အမှုဆောင်အဖွဲ့ကို ကျစ်လျစ်ခိုင်မာအောင်ဖွဲ့စည်းကာ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန်ရည်ရွယ်၍ ရိုးရာခြင်းလုံးဆိုင်ရာ နိုင်ငံတကာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းနည်းပြဒိုင်များ မွေးထုတ်ပေးခြင်း၊ ပြည်တွင်းပြိုင်ပွဲကြီးများကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သိန်းပေါင်းများစွာ အကုန်အကျခံဆောင်ရွက်ခြင်း၊ နိုင်ငံတစ်ဝန်း ရွက်ပုန်းသီးအားကစားသမားများကို မွေးထုတ်ခြင်းနှင့် ခြင်းလုံးအားကစား ရှင်သန်စေရေးဆောင်ရွက်ခြင်း၊ လက်ရွေးစင်အားကစားသမားများကိုမွေးထုတ်၍ ဆီးဂိမ်းအတွက် ပြင်ဆင်ခြင်း၊ နိုင်ငံတကာသို့ သွားရောက်စည်းရုံး သရုပ်ပြသခြင်း၊ ဖိတ်ခေါ်ခြင်း၊ နည်းပြများစေလွှတ်ခြင်းနှင့် နှစ်ပေါင်းများစွာ ပါဝင်ခွင့်မရခဲ့သော ဆီးဂိမ်းပြိုင်ပွဲတွင်ပါဝင်နိုင်ရေး စသည့် ဆောင်ရွက်မှုများကို အားကစားဝန်ကြီးဌာနနှင့် လက်တွဲလုပ်ဆောင်ခဲ့ခြင်းကြောင့် ပထမဆုံးပြိုင်ပွဲဝင်နိုင်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေခြောက်ခုကို ရယူပေးနိုင်ခဲ့သည်မှာ အခြားရိုးရာအားကစားများ သာဓကယူစရာပင်ဖြစ်သည်။



(၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာခြင်းလုံးမျိုးဆက်သစ်များ

ယနေ့အချိန်တွင် မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အာရှခြင်းလုံးအဖွဲ့ချုပ်ကိုပင် အောင်မြင်စွာ စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ နှစ်အနည်းငယ်အတွင်း အရှေ့တောင်အာရှသာမက အာရှသို့ပါ ထိုးဖောက်နိုင်ခဲ့ပြီး များမကြာမီ အိုလံပစ်ပြိုင်ပွဲများတွင်ပါ ထိုးဖောက်ဝင်ရောက်နိုင်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် The 6th World Sport for All Games 2016 (၂၀၁၆ ကမ္ဘာ့အားကစားပွဲတော်)တွင် မြန်မာတို့ရဲ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အားကစားစစ်စစ်ဖြစ်သော ဝိုင်းဖွဲ့ခတ်ခြင်းလုံးကစားခြင်းကို ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ ကျော်ရှေ့တွင် သွားရောက်ထုတ်ဖော်သရုပ်ပြသခွင့်ရပြီဖြစ်သည်။ ထိုအခွင့်အရေးသည် မြန်မာ့ရိုးရာခြင်းလုံးလောကတွင် ပထမဆုံးအခွင့်အရေးရရှိခြင်းဖြစ်ပြီး ရိုးရာခြင်းလုံးအားကစား ကမ္ဘာသို့ပြန့်ပွားရေးအတွက် တန်ဖိုးမဖြတ်နိုင်သောအထောက်အကူများ ရရှိမည်မှာအမှန်ပင်ဖြစ်သည်။

အဆိုပါ The 6th World Sport for All Games 2016 (၂၀၁၆ ကမ္ဘာ့အားကစားပွဲတော်)သို့ မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြသနိုင်ရေး ပထမဆုံးအကြိမ် ဖိတ်ခေါ်ခံရမှုအပေါ် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က "မြန်မာလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ အားကစားအသွင်ဆောင်တဲ့ မြန်မာ့ရိုးရာခြင်းလုံးအားကစားကို ရွေးချယ်ပြီးတော့ ဒီနိုင်ငံတကာအားကစားပွဲတော်ကြီးမှာ အခုလို သရုပ်ဖော်ပြသခွင့်ရတာ ဒါပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ ခုဆိုရင် ရိုးရာခြင်းလုံးအနေနဲ့ အာရှအဆင့်ကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီးပါပြီ။ အိုလံပစ်ပြိုင်ပွဲမှာ ပါဝင်နိုင်အောင် ကြိုးစားနေပါတယ်။ ဒီသရုပ်ပြခတ်ကစားခြင်းက အိုလံပစ်ပြိုင်ပွဲပါဝင်နိုင်ရေး အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

သရုပ်ပြသခတ်ကစားပေးမည့် ရိုးရာခြင်းလုံးအဖွဲ့သည် လာမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းတွင် ပဏာမအဆင့်ရွေးချယ်ထားသည့် မျိုးဆက်သစ်အားကစားသမားများကို အခြေခံရွေးချယ်ကာ စေလွှတ်ခြင်းဖြစ်သည်။ သရုပ်ပြသခတ်ကစားမှုကို အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ ကစားရမည်ဖြစ်ပြီး အမျိုးသားဝိုင်းဖွဲ့စွမ်းရည်သရုပ်ပြခေါင်းစဉ်ဖြင့် ပြသသွားမည်ဖြစ်သည်။

ပြသမှုအနေဖြင့် ဆိုင်းတီးလုံးမပါ အခြေခံအထိ ခြောက်ချက် ကစားကွက်အနေဖြင့် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက် တော့ခတ်ကစားခြင်းနှင့်အတူ အခြေခံ အထိခြောက်ချက်ကိုလည်း တစ်ဦးစီ တွဲခတ်ကစားခြင်းများဖြင့် သရုပ်ပြခတ်ကစားမည်ဖြစ်သည်။ ထို့အပြင် ဝိုင်းလည်ကစားခြင်းနှင့် တစ်ဦးချင်း စွမ်းရည်ပြကစားကွက်၊ မျိုးကွဲဝိုင်းလည်ခတ် ကစားကွက်၊ မျိုးတူကစားကွက်+စွမ်းရည်၊ မျိုးတူကစားကွက်၊ အတွဲလိုက်ခတ်နှင့် မျိုးကွဲ၊ စွမ်းရည်ပြခတ်ကွက်တို့ကို အပိုင်းနှစ်ပိုင်းခွဲကာ တစ်ပိုင်းကို ၁၅ မိနစ်စာဖြင့် စုစုပေါင်း မိနစ် ၃၀ စွမ်းရည်ပြသရုပ်ပြ ခတ်သွားမည်ဖြစ်သည်။

"အခုဆိုရင် မြန်မာ့ရိုးရာခြင်းလုံးအနေနဲ့ အထိုက်အလျောက် နိုင်ငံတကာကို ထိုးဖောက်အောင်မြင်နေပါပြီ။ အဲဒီလိုအောင်မြင်နေတဲ့ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကြီးကို စင်ပြိုင်အဖွဲ့တွေ ပေါ်လာပါတယ်။ စင်ပြိုင်အဖွဲ့တွေ ပေါ်လာတာလည်း ကြိုဆိုရမှာ ဖြစ်ပါတယ်။ ခုဆိုရင် အားကစားအဖွဲ့ချုပ်တွေကို ရွေးကောက်ပွဲလုပ်မယ်လို့ ပြောပါတယ်။ အများဆန္ဒအရ လက်ခံသင့်၊ လက်ခံရမှာပါ။ ဒါပေမယ့် ပြောင်းလဲတယ်ဆိုတာ အရာရာတိုင်းဟာ မကောင်းပါဘူး။ တချို့ဟာတွေက ဒီတိုင်းထားတာပဲ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ကြီးဟာ မြန်မာ့ရိုးရာဘုရားပွဲ၊ လမ်းဘေးခတ်ကစားနေရာကနေ နိုင်ငံတကာအဆင့်ကို ရောက်သွားခဲ့ပြီ။ နိုင်ငံတကာအဆင့်ကို သိန်းပေါင်းသောင်းချီပြီး စိုက်ထုတ် သုံးစွဲနေတဲ့ အဖွဲ့ချုပ်ကြီးကို တခြားစင်ပြိုင်အဖွဲ့တွေက လာမယ်ဆိုရင် သူတို့ကရော ဆောင်ရွက်နိုင်ပါ့မလား။ အဲလို ဆောင်ရွက်နိုင်အောင်လည်း ဘယ်သူက အာမခံမလဲ။ အောင်မြင်နေတဲ့အဖွဲ့ကြီးက ကျရှုံးသွားခဲ့ရင် ဘယ်သူက တာဝန်ယူမလဲ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူမလား။ အပြောင်းအလဲတစ်ခု ဆောင်ရွက်ပေးနေတဲ့အဖွဲ့ အစည်းတစ်ခုက တာဝန်ယူမလား။ နောက်စင်ပြိုင်အဖွဲ့က လည်း တာဝန်ယူမလား။ တာဝန်မယူနိုင်ခဲ့ရင် ဘယ်လိုလုပ်ကြမလဲ"ဟု အဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်မည်ဆိုသည့် သတင်းအချို့နှင့်ပတ်သက်၍ ဥက္ကဋ္ဌ ဦးစိုးနိုင်က ဆိုသည်။

**အားကစားနည်းတစ်ရပ်ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်အားပေးပံ့ပိုးမှု၊ အားကစားဝန်ကြီးဌာန အားပေးကူညီမှု၊ သက်ဆိုင်ရာအဖွဲ့ချုပ်၏ အမြော်အမြင်ကြီးမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ အားကစားသမားတို့၏ ဇွဲနပဲတို့ဖြင့် အားထုတ်ကြိုးပမ်းမှုတို့နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်သူများပူးပေါင်းပါဝင်ရန်မှာလည်း လွန်စွာမှအရေးကြီး . . .**

ယခုကျင်းပမည့် ကမ္ဘာ့အားကစားပွဲတော်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၅ နိုင်ငံက ပါဝင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်တွင် လေးနှစ်တစ်ကြိမ်ကျင်းပသည့် အားကစားပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံမှ ရိုးရာခြင်းလုံးသွားရောက်သရုပ်ပြခတ်ကစားမည့်အဖွဲ့တွင် အဖွဲ့ခေါင်း ဆောင် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်(အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးပြည့်စုံမြင့်(အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အကြံပေး)၊ အပြည်ပြည်ဆိုင်ရာဒိုင်ချုပ် ဦးကိုကိုအောင်(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်း ရေးမှူး-၂)၊ အုပ်ချုပ်သူ ဦးအေးချိုတူး(လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန) တို့နှင့်အတူ အားကစားသမားအဖြစ် မောင်ဇော်လင်းမောင်၊ မောင်မျိုး မင်းပိုင်၊ မောင်မင်းဆက်ပိုင်၊ မောင်နိုင်အောင်၊ မောင်ကောင်း မြတ်သီဟနှင့် မောင်ရဝေအောင်တို့ လိုက်ပါခတ်ကစားမည် ဖြစ်သည်။

"ကျွန်တော်တို့ ရိုးရာခြင်းလုံးအဖွဲ့အနေနဲ့ အောက်တိုဘာနောက်ဆုံးပတ်မှာ ဖိလစ်ပိုင်အိုလံပစ်ကော်မတီ ဖိတ်ကြားချက်အရသွားရမယ်။ အဲဒီမှာ ဖိလစ်ပိုင်ခြင်းလုံးဆပ်ကော်မတီလည်းဖွဲ့စည်းပြီး ပြီးရင်အရှေ့အလယ်ပိုင်း အီရန်နိုင်ငံ တီဟီယန်မြို့မှာ အခြေစိုက်ပြီးတော့ အာဖဂန်နစ္စတန်၊ တာမင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျီကစ္စတန် အဲဒီလေးနိုင်ငံက အားကစားခေါင်းဆောင်တွေကို နိုဝင်ဘာလဆန်းပိုင်းမှာ ခြင်းလုံးသရုပ်ပြပွဲ သွားလုပ်ပေးရမယ်။ အဲဒီနောက် ဒီဇင်ဘာလဆန်းပိုင်းလောက်မှာ ဥရောပခရီးစဉ်ဖြစ်တဲ့ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန် သုံးနိုင်ငံကို မြန်မာ့ရိုးရာ ခြင်းလုံးသရုပ်ပြသဖို့ အားလုံးချိတ်ဆက်ထားပြီးပါပြီ"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရဲ့ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဦးပြည့်စုံမြင့် (အာရှခြင်းလုံး အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အကြံပေး)က ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် လာမည့် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် ရာနှုန်းပြည့်နီးပါးသေချာနေပြီး ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးတွင်လည်း ထည့်သွင်းပါဝင်ယှဉ်ပြိုင်ခွင့်ရရေး ကြိုးပမ်းလျက်ရှိခြင်းကြောင့် ရိုးရာခြင်းလုံးအားကစားအနေဖြင့် တကယ်ပဲကမ္ဘာကို ကျော်လွှားနိုင်မှာလားဆိုတာ အမှန်တကယ်စောင့်ကြည့်ရတော့မည် ဖြစ်ပါကြောင်း။ ။



ဂျကာတာမြို့သို့ သွားရောက်သရုပ်ပြသသည့် ရိုးရာခြင်းလုံးမျိုးဆက်သစ်များနှင့် အုပ်ချုပ်သူများအဖွဲ့

အ ခွ င့် အ လ မ်း ဖွေ ရှာ ဘ ဝ အ တွ က် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ်ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှကူညီပံ့ပိုးသူများဖြစ်လာစေရန်ရည်ရွယ်ကာ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။ (မြန်မာ့အလင်း)**

# အလုပ်သမားတို့ဘဝလုံခြုံရေးအတွက် လူမှုဖူလုံရေးဆိုတာ...

## သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ လူမှုဖူလုံရေးအဖွဲ့

လူသားများသည် နေ့စဉ်နှင့်အမျှ အသက်ရှင်ရပ်တည်ရန်အတွက် အသက်မွေးပညာတစ်ခုခုဖြင့် ရှာဖွေရင်း ဘဝကို ဖြတ်သန်းကြရသည်။ နေ့စဉ်လူမှုအလုပ်ဘဝများတွင် ဘေးအန္တရာယ်အမျိုးမျိုးသည် မတော်တဆဖြစ်စဉ်များဖြင့် ရောက်ရှိလာတတ်ကြသည်။ လူတိုင်း လူတိုင်းဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရန်၊ မမျှတမှုနှင့် ဆင်းရဲနွမ်းပါးမှုကို ကာကွယ်လျှော့ချရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေလျော့နည်းရပ်စဲချိန်များတွင် ပုံမှန်ဝင်ငွေရရှိပြီး မိမိနှင့် မိမိ၏ မိသားစုများ လူမှုဒုက္ခများမှ လျော့ပါးနိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်ထားသင့်သည့် အရာများတွင် လူမှုဖူလုံရေးကို နားလည်သဘောပေါက်ထားကြဖို့ အထူးလိုအပ်ပါသည်။

စက်ရုံ၊ အလုပ်ရုံများရှိ လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လူမှုဖူလုံရေးစီမံကိန်းမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းတို့ကို အကျိုးရှိစွာ ရယူအသုံးပြုခြင်းအားဖြင့် မိမိတို့ နေ့စဉ်လုပ်ငန်းခွင်ဘဝသည် မူလအခြေအနေထက် ပိုမိုလုံခြုံစိတ်ချမှု ရရှိစေနိုင်မည်ဖြစ်သည်။

**လူမှုဖူလုံရေးစီမံကိန်း**

လူမှုဖူလုံရေးစီမံကိန်းသည် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုစသည့် လူမှုဒုက္ခများ ကြုံတွေ့ရသည့်အခါ အာမခံအလုပ်သမားများနှင့် မှီခိုသူ မိသားစုများအား လူမှုရေးအခက်အခဲများ မဖြစ်ပေါ်စေရန် အခမဲ့ဆေးကုသမှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့် ခံစားခွင့်ပြုခြင်းတို့ကို အဓိကထားဆောင်ရွက်ပေးသည့် နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ပြောကြားသည်။

လုပ်ငန်းခွင်အတွင်း လုပ်ကိုင်စဉ် ကျန်းမာရေးကိစ္စအရပ်ရပ်အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ ကျန်ရစ်သူ အကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်နေသော စီမံကိန်းတစ်ခုဖြစ်ပါသည်။



**အကျုံးဝင်မှတ်ပုံတင်နိုင်သူများ**

လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမားများသည် အကျုံးဝင်မှတ်ပုံတင်နိုင်သကဲ့သို့ ကျန်လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊ တောင်သူလယ်သမားများအပါအဝင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အများပြည်သူများသည်လည်း မိမိတို့နှင့် နီးစပ်ရာ လူမှုဖူလုံရေးရုံးခွဲများတွင် ဆန္ဒအလျောက် မှတ်ပုံတင်၍ လူမှုဖူလုံရေးဥပဒေပါခံစားခွင့်များကို ခံစားခွင့်ရှိကြောင်း သိရှိရပါသည်။ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေကို (၅၈)နှစ်တာကာလအကောင်အထည်ဖော်ပြီးသည့် အချိန်တွင် အာမခံအလုပ်သမား ၇၀၃၁၃၄ ဦးသာရှိခဲ့သည်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်ကို စတင်အကောင်အထည်ဖော်ခဲ့သည့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ နှစ်နှစ်ခွဲကာလအတွင်း လူမှုဖူလုံရေးစီမံကိန်း၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားဦးရေ ၂၂၃၅၃၀ ဦး တိုးတက်လာခဲ့ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

ထို့ကြောင့် လက်ရှိအနေအထားအရ အာမခံအလုပ်သမားဦးရေ ၉၂၆၆၆၄ ဦးအား လူမှုဖူလုံရေးအဖွဲ့မှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အလုပ်သမားအားလုံး လူမှုဖူလုံရေး ခံစားခွင့်များရရှိနိုင်ရေးနှင့် ပူးပေါင်းပါဝင်ရေးအတွက် ပညာပေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

**လူမှုဖူလုံရေးအာမခံစနစ်**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် အာမခံစနစ် ခြောက်မျိုးရှိပြီး လက်ရှိအခြေအနေတွင် အာမခံစနစ်သုံးမျိုးကို စတင်ကျင့်သုံး၍ အာမခံအလုပ်သမားများအား ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

- ❒ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်
- ❒ မိသားစုထောက်ပံ့မှု အာမခံစနစ်
- ❒ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်

**အနာဂတ် အာမခံစနစ်များ**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရန်ပုံငွေဖူလုံမှုနှင့် လုပ်ငန်းဌာနများ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအခြေအနေများပေါ် မူတည်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ ပုဒ်မ ၁၀၀ နှင့်အညီ အနာဂတ်တွင် အာမခံစနစ်များကို တိုးချဲ့ဆောင်ရွက်သွားရန်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက ပြောကြားသည်။

- ❒ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့် အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် အာမခံစနစ်
- ❒ အလုပ်လက်မဲ့အကျိုးခံစားခွင့်အာမခံစနစ်
- ❒ အခြားလူမှုဖူလုံရေးစနစ် (အိမ်ရာစီမံကိန်း)

**ထည့်ဝင်ကြေးနှင့် အကျိုးခံစားခွင့်**

လက်ရှိအကောင်အထည်ဖော်နေသော အာမခံစနစ်များအနက် မိသားစုထောက်ပံ့မှု အာမခံစနစ်အတွက် ထည့်ဝင်ကြေး ပေးသွင်းရန်မလိုဘဲ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက် အာမခံထားသူ၏ တစ်လအတွက် လုပ်ခဝင်ငွေအပေါ် အခြေပြု၍ အလုပ်ရှင်မှ ၂% အလုပ်သမားမှ ၂% နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အတွက် အလုပ်ရှင်မှ ၁% စုစုပေါင်း ၅% ကို ထည့်ဝင်ကြေးအဖြစ် ပေးသွင်းရသည်။

လူမှုဖူလုံရေးစီမံကိန်းတွင် ဆန္ဒအလျောက်အာမခံထားမည့်သူများသည် အလုပ်ရှင်ရှိပါက အလုပ်ရှင် ထည့်ဝင်ကြေးကို အလုပ်ရှင်မှ ပေးဆောင်ရမည်ဖြစ်ပြီး အလုပ်ရှင်မရှိပါက အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေး နှစ်မျိုးလုံးကို ပေးဆောင်၍ လူမှုဖူလုံရေးဥပဒေပါ ခံစားခွင့်များကို ခံစားခွင့်ရနိုင်ကြောင်း လူမှုဖူလုံရေး ဥပဒေအရ သိရှိရသည်။

**လက်ရှိ အာမခံစနစ်အရ ခံစားခွင့်များ**

ဥပဒေနှင့်အညီ ထည့်ဝင်ကြေးပေးသွင်းထားသော အာမခံအလုပ်သမားများသည် အခမဲ့ဆေးကုသမှုအပြင် ငွေကြေးအကျိုးခံစားခွင့်များကိုလည်း သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိကြောင်း သိရသည်။

- ❒ မကျန်းမာမှုအကျိုးခံစားခွင့် (ပျမ်းမျှလေးလစာ၏ ၆၀ ရာခိုင်နှုန်းကို ၂၆ ပတ်အထိခံစားခွင့်)
- ❒ မီးဖွားမှုအကျိုးခံစားခွင့် (ပျမ်းမျှ ၁၂ လစာ၏ ၇၀ ရာခိုင်နှုန်းကို ၁၄ ပတ်၊ အမြွှာကလေးမွေးပါက ၁၈ ပတ် အထိခံစားခွင့်)
- ❒ အာမခံအမျိုးသမီးမီးဖွားစရိတ် (ကလေးတစ်ဦးမွေးဖွားခြင်းအတွက် ပျမ်းမျှ ၁၂ လစာ၏ ၅၀ ရာခိုင်နှုန်းမှ အမြွှာကလေးအတွက် ၇၅ ရာခိုင်နှုန်း၊ သုံးမြွှာပူးကလေး ဖြစ်ပါက ၁၀၀ ရာခိုင်နှုန်း ခံစားခွင့်)
- ❒ ကိုယ်ဝန်ပျက်မှုအတွက် အကျိုးခံစားခွင့် (ပျမ်းမျှ ၁၂ လစာ၏ ၇၀ ရာခိုင်နှုန်းကို ၆ ပတ် အထိခံစားခွင့်)



ဒေါ်သန်းသန်းနု (ညွှန်ကြားရေးမှူး)




- ❒ တစ်နှစ်အောက်ကလေးမွေးစားမှုအတွက် အကျိုးခံစားခွင့် (ပျမ်းမျှ ၁၂ လစာ၏ ၇၀ရာခိုင်နှုန်းကို ၈ ပတ်အထိခံစားခွင့်)
  ဖခင်ဘဝဖြစ်မှုအကျိုးခံစားခွင့် (ပျမ်းမျှ ၁၂ လစာ၏ ၇၀ ရာခိုင်နှုန်းကို ၁၅ ရက်ခံစားခွင့်)
- ❒ ဖခင်ဘဝဖြစ်မှုအတွက် မီးဖွားစရိတ် (အာမခံအလုပ်သမား အမျိုးသမီး မဟုတ်သူဇနီး မီးဖွားခြင်းအတွက် ကလေးတစ်ဦးမွေးဖွားလျှင် ပျမ်းမျှ ၁၂ လစာ၏ ၂၅ ရာခိုင်နှုန်းမှ အမြွှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်း၊ သုံးမြွှာပူး ကလေးမွေးဖွားခြင်းအတွက် ၅၀ ရာခိုင်နှုန်းခံစားခွင့်)
- ❒ အာမခံအလုပ်သမား၏ မွေးကင်းစကလေးအားတစ်နှစ်အထိ ဆေးကုသမှုခံယူခွင့်
- ❒ မည်သည့်အကြောင်းကြောင့်မဆို သေဆုံးခြင်းအတွက် နာရေးစရိတ် (တစ်ဆမှ ငါးဆအထိ)
- ❒ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ နှစ်ရပ်ပေါင်း ထည့်ဝင်ကြေးကာလ (၁၈၀)လ ရှိပါက ဆေးကုသမှု ဆက်လက်ခံယူခွင့်
- ❒ သတ်မှတ်ထားသောဝင်ငွေပမာဏအောက် ရရှိသော ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး (ပညာသင်နှစ် တစ်နှစ်လျှင် ကလေးတစ်ဦးအတွက် ပျမ်းမျှလစာ၏ ၁၀ ရာခိုင်နှုန်း)
- ❒ အာမခံအလုပ်သမားများ၏ မိသားစုများ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းအတွက် ထောက်ပံ့ကူညီမှု (ပျမ်းမျှလစာ၏ ၄၀ ရာခိုင်နှုန်း)
- ❒ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်မစွမ်းဖြစ်မှု အကျိုးခံစားခွင့် (ပျမ်းမျှလေးလစာ ၏ ၇၀ ရာခိုင်နှုန်းကို ၅၂ ပတ်အထိခံစားခွင့်)
- ❒ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်မစွမ်းအကျိုးခံစားခွင့် (လုပ်အားဆုံးရှုံးမှုအပေါ် မူတည်၍ ပျမ်းမျှ ၄ လစာ၏ ၇၀ ရာခိုင်နှုန်းကို ငါးနှစ်စာ မှ ၉ နှစ်စာအထိ အရစ်ကျ ဖြစ်စေ၊ ငွေလုံး ငွေရင်းဖြစ်စေခံစားခွင့်)
- ❒ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (အာမခံထားသူ ပေးသွင်းထားသော ထည့်ဝင်ကြေးကာလအပေါ် မူတည်၍ ထိုအာမခံထားသူအလုပ်တွင် ထိခိုက်မှု မဖြစ်မီ လေးလအတွင်းရရှိသော ပျမ်းမျှလုပ်ခ၏ အဆ(၃၀)မှ အဆ (၈၀) အထိ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေခံစားခွင့်)

**ကျန်းမာရေးစောင့်ရှောက်မှု**

အလုပ်သမားများ နာမကျန်းဖြစ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောလျင်စွာ ရရှိစေရေးအတွက် အာမခံ အလုပ်သမားများ ဆေးကုသမှု ခံယူနိုင်မည့် လူမှုဖူလုံရေး ဆေးပေးခန်းပေါင်း ၉၄ ခန်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

ထို့ပြင် ဌာနကြီး ဆေးခန်းပေါင်း ၄၉ ခန်းနှင့် အလုပ်သမားဆေးရုံ သုံးရုံကိုလည်း ဖွင့်လှစ်ကာ အလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ရှောက်ကာကွယ်ပေးလျက်ရှိကြောင်း သိရသည်။

အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် အခြေအနေပေါ်ပေါက်လာပါက ပြည်သူ့ဆေးရုံကြီးများတွင် ဆေးကုသမှုခံယူနိုင်ပြီး ကုန်ကျသည့် ဆေးဖိုးများကို မြို့နယ်အလိုက် လူမှုဖူလုံရေး ဆေးခန်းများမှ တစ်ဆင့် ပြန်လည်လျှောက်ထားနိုင်ပြီး ဆရာဝန်လက်မှတ်၊ ဆေးမှတ်တမ်းနှင့် ဆေးဖိုးကုန်ကျစရိတ်များ စနစ်တကျ တင်ပြနိုင်ပါက ကုန်ကျခဲ့သည့် ဆေးဖိုးများအား ပြန်လည်ထုတ်ယူခွင့်ပြုပေးလျက်ရှိ ကြောင်း၊ ဆေးဖိုးပြန်အမ်းရာတွင် နှလုံးခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်ဆေးခြင်း စသည့် အကြီးစားခွဲစိတ်ကုသမှုများကိုလည်း ဆေးဖိုးကုန်ကျငွေများကို စိစစ်ပြီးခွင့်ပြုပေးလျက်ရှိကြောင်း ဒေါ်သန်းသန်းနုက ဖြေကြားသည်။

လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသရန် အခက်အခဲရှိနေသော စက်ရုံအလုပ်ရုံများရှိ အာမခံအလုပ်သမားများကိုပုဂ္ဂလိကနှင့် စာချုပ်ချုပ်ဆိုထားသော ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် စက်ရုံ၊ အလုပ်ရုံများသို့ အရောက် လုပ်ငန်းခွင်မပျက်ကွင်းဆင်းဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရန်၊ အလုပ်ချိန်ပြင်ပများတွင် ဆေးကုသမှုခံယူခွင့်ရရှိနိုင်ရန် ရည်ရွယ်၍ လှိုင်သာယာမြို့နယ်တွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နေသော လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းအား ဖွင့်လှစ်ပေးလျက်ရှိပြီး ကျန်မြို့နယ်အချို့တွင်လည်း ယခုနှစ်အတွင်း တိုးချဲ့သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ (၂၁)သို့*

*စာမျက်နှာ ၂၀ မှ*

**တိုင်းရင်းဆေးခန်း**

စက်မှုဇုန်အလုပ်သမားများ အများဆုံးတည်ရှိရာ နေရာတစ်ခုဖြစ်သည့် လှိုင်သာယာစက်မှုဇုန်တွင်လည်း မြန်မာ့တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူလိုသော အာမခံအလုပ်သမားများအတွက် တိုင်းရင်းဆေးခန်းတစ်ခန်းအား ဖွင့်လှစ်ထားပြီး ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် သုခမင်္ဂလာအထွေထွေ ရောဂါကုဆေးခန်းနှင့် ပူးပေါင်း၍ ခာတ်ခွဲခန်းတစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရှိရသည်။

**ကွင်းဆင်းကုသမှုလိုအပ်သလား**

ကွင်းဆင်းဆေးကုသမှုအတွက် လူမှုဖူလုံရေးဆေးခန်းတာဝန်ခံသည် အကျုံးဝင်အလုပ်ဌာနများသို့ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်ကြိမ်နှုန်း၊ အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် တစ်လလျှင်တစ်ကြိမ်နှုန်း ကွင်းဆင်းဆေးကုသမှုပြုလုပ်ပေးနေပြီး မြို့နယ်တိုင်း ဆောင်ရွက်နိုင်စေရေးအတွက် ကြိုးပမ်းနေကြောင်း၊ အကယ်၍ မိမိတို့လုပ်ငန်းဌာနတွင် ကျန်းမာရေးစစ်ဆေးလိုပါကလည်း မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံးများနှင့် ဆေးပေးခန်းများသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**လုပ်ငန်းခွင်ထိခိုက်မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်**

အလုပ်သမားတစ်ဦးသည် အလုပ်ခွင်အတွင်းနှင့် အလုပ်ခွင်ပြင်ပတွင် အလုပ်ကိုအကြောင်းပြု၍ဖြစ်စေ၊ အလုပ်တာဝန်နှင့် ဆက်စပ်၍ဖြစ်စေ၊ အလုပ်ရှင်အတွက်ဖြစ်စေ အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်စေ၊ အလုပ်တာဝန် ထမ်းဆောင်ရန်အလုပ်ခွင်သို့ အသွား သို့မဟုတ် အလုပ်ခွင်မှ အပြန်လမ်းခရီးတွင်ဖြစ်စေ ဖြစ်ပေါ်သော မတော်တဆထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု သို့မဟုတ် အလုပ်နှင့်ဆိုင်သည့်ရောဂါရရှိမှုတို့ကြောင့် သေဆုံးခဲ့ခြင်းကို လုပ်ငန်းခွင်ထိခိုက်မှုဟု သတ်မှတ်နိုင်သည်။ လူမှုဖူလုံရေး ဥပဒေသစ်ထွက်ပေါ်လာပြီး နောက်ပိုင်း ယခုအချိန်အထိ နှစ်နှစ်ခွဲအတွင်း အာမခံအလုပ်သမား ၁၅၆ ဦး၏ ကျန်ရစ်သူမိသားစုများကို သေဆုံးသူအလုပ်သမား ပေးသွင်းထားခဲ့သော လုပ်ခဝင်ငွေပေါ် မူတည်၍ နာရေးစရိတ် ငွေကျပ်သန်းပေါင်း ၂၅သန်းကျော်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၀၁၁၃၂၂၃၁ စုစုပေါင်း ၅၂၆၉၁၅၃၈၅ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့က သတင်း ထုတ်ပြန်ထားသည်။

**ထည့်ဝင်ကြေးပျက်ကွက်လျှင် အကျိုးခံစားခွင့်ရမလား**

ထိုဥပဒေပါ ပုဒ်မ ၆၉ အရ ထည့်ဝင်ကြေး ပျက်ကွက်သော်လည်း အကျိုးခံစားခွင့်ရရှိနိုင်သည့် အခြေအနေများကို မြင်တွေ့ရသည်။ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၄၈ တို့အရ မှတ်ပုံတင်ခဲ့သော အလုပ်ရှင်ကသော်လည်းကောင်း၊ မှတ်ပုံတင်ရန်တာဝန်ရှိသော အလုပ်ရှင်ကသော်လည်းကောင်း ထည့်ဝင်ကြေးငွေများ ပေးသွင်းခြင်း မပြုစေကာမူ သို့မဟုတ် အလုပ်သမား၏ လုပ်ခထဲမှ ထည့်ဝင်ကြေးငွေကို နုတ်ယူပေးသွင်းခြင်း မပြုစေကာမူ အာမခံထားသူသည် လည်းကောင်း၊ အာမခံထားသူ သေဆုံးပြီးနောက် ထိုသူက အမည်စာရင်းပေးသွင်းခြင်းခံရသူ သို့မဟုတ် ထိုသို့အမည်စာရင်းပေးသွင်းခြင်း မရှိခဲ့လျှင် ထိုသူအား မှီခိုသူသည်လည်းကောင်း ဤဥပဒေပါ အကျိုးခံစားခွင့်များကို ရထိုက်ခွင့်ရှိသည့်အပြင် ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်သည့် အလုပ်ရှင်သည် ပုဒ်မ ၁၇ နှင့် ပုဒ်မ ၅၀ တို့ အရ ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေများနှင့် ပုဒ်မ ၈၈ အရ သတ်မှတ်ထားသော ပျက်ကွက်ကြေးကိုပါ ပေးသွင်းရမည့်အပြင် အာမခံထားသူအား ပေးရမည့် အကျိုးခံစားခွင့်များနှင့် ကုန်ကျစရိတ်အားလုံးကိုလည်း ကျခံရမည်ဟု ပါရှိခြင်းကြောင့် အလုပ်သမားတိုင်း လူမှုဖူလုံရေး ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို အကောင်အထည်ဖော်ပြီးနောက် အောက်ပါ အလုပ်သမား ခြောက်ဦးအတွက် အလုပ်ရှင်များထံမှ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များအား အလုပ်သမားများ၊ မိသားစုများ နစ်နာဆုံးရှုံးမှုမှ ကာကွယ်နိုင်ခဲ့ကြောင်းသိရသည်။

အလုပ်ရှင်မှ မှတ်ပုံတင်ရန်ပျက်ကွက်သော်လည်း လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ရှင်မှ ပေးလျော်စေခြင်းအားဖြင့် အလုပ်သမားများ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်နေသည့် စီမံချက်များဖြစ်သည်။

**အာမခံထားသူများ၏ အကျိုးခံစားခွင့်**

အာမခံအလုပ်သမား ၂၁၁၂၃၅ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်သန်းပေါင်း ၇၉၀၅ ဒသမ ၄၈၅ ကို ၂၀၁၄ ခုနှစ် ဧပြီလမှ ၂၀၁၆ခုနှစ် ဩဂုတ်လကုန်အထိ ပေးအပ်ထားခဲ့ပြီး အာမခံအလုပ်သမားနှင့် မိသားစုများ၏ လူမှုဒုက္ခကို လျော့ပါးသွားစေအောင် ဆောင်ရွက်ပေးနိုင်လာပြီဖြစ်သည်။

**(မြန်မာ့အလင်း)**

**လူမှုဖူလုံရေးဥပဒေသစ်အရ ပေးအပ်ခဲ့သည့် လူမှုဖူလုံရေးခံစားခွင့်များ**

| စဉ် | အကြောင်းအရာ | ဦးရေ | ခွင့်ပြုငွေကျပ်သန်း |
|---|---|---|---|
| ၁ | မကျန်းမာမှု | ၁၇၄၄၀၅ | 2005.663 |
| ၂ | မီးဖွားမှု | ၁၄၆၆၃ | 2325.228 |
| ၃ | နာရေးစရိတ် | ၄၀၂၉ | 764.758 |
| ၄ | အာမခံထားသူ အမျိုးသမီးမီးဖွားစရိတ် | ၉၅၉၇ | 495.701 |
| ၅ | တစ်နှစ်အောက် ကလေးမွေးစားမှု | ၁ | 0.206 |
| ၆ | ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့် | ၅၀၆၇ | 232.476 |
| ၇ | ဇနီးဖြစ်သူမီးဖွားမှုအတွက် မီးဖွားစရိတ် | ၃၂၇၁ | 114.742 |
| ၈ | ယာယီမသန်စွမ်းမှု | ၃၈၁၂ | 221.295 |
| ၉ | အမြဲတမ်းမသန်စွမ်းမှုပင်စင် (ဦးရေ) | ၁၀၆၄၁ | 15.402 |
| ၁၀ | အမြဲတမ်းမသန်စွမ်းမှု အရစ်ကျ | ၆ | 0.258 |
| ၁၁ | အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း | ၄၆၂ | 293.633 |
| ၁၂ | ကျန်ရစ်သူပင်စင် (ခံစားသူဦးရေ) | ၉၆၂၀ | 8.992 |
| ၁၃ | ကျန်ရစ်သူပင်စင် ငွေလုံးငွေရင်း | ၂၂၅ | 541.789 |
| ၁၄ | ပြင်ပမှ ဆေးဝါးဝယ်ယူသည့် ငွေပြန်ပေးခြင်း | ၈၇၃၂ | 814.710 |
| ၁၅ | ဆေးရုံတက်စဉ်ဆေးကုသမှု ခရီးစရိတ်ပြန်ပေးခြင်း | ၆၇၀၃ | 70.632 |
| | **စုစုပေါင်း** | **၂၅၁၂၃၅** | 7905.485 |


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/6098 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ လူနေရပ်ကွက်၊ ဇနဝသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(ဥ-၇၃၇၅)၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧကရှိ ဦးမြင့်နိုင် (ဘ)ဦးကျော်ဦး ၉/ပမန(နိုင်)၀၄၄၁၂၅ အမည်ပေါက် ပါမစ်မြေကွက်အား ဦးနေလင်းအောင် (ဘ) ဦးမြင့်သိန်း ၉/ပမန(နိုင်)၁၆၀၈၁၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၃၉၃၊ ဧရိယာဝဒသမဝ၈၂၈ဧကရှိ ဒေါ်ဖြူဖြူဝင်းဆွေ အမည်ပေါက် ပါမစ်မြေကွက်မှ ဧရိယာ ဝဒသမဝ၈၂၈ဧကအား ဦးဆန်ဂျေးကူးမား ၇/ဖမန(နိုင်)၁၁၅၅၄၉ (ဘ)ဦးရုနရုန်းမှ မြေပေးမိန့်မူရင်း နှစ်ဦးသဘောတူအရပ်ကတိ အရောင်းအဝယ်စာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုဇယားမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၂၉၊ တောတိုက်) ဦးပိုင်အမှတ် ၈၅/၁၊ ဧရိယာ ဝဒသမဝ၆၃ဧကရှိ မြေကွက်ကို ဦးဗျက်လျန်မန်းမှ မြေငှားစာချုပ် အမည်ပြောင်းလဲခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မြို့မြေအမှုတွဲအမှတ် [၂၂၈၈(က) ၂၀၀၁-၂၀၀၂] အရ ဒေါ်တွန်နယ်ကျွဲအမည်ဖြင့် အမည်ပေါက်မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်တွန်နယ်ကျွဲမှ ဦးဗျက်လျန်မန်းထံသို့ ၁-၂-၂၀၁၆ရက်တွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် ၀၀၁/၁၆ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသောစာချုပ် (မိတ္တူ/မူရင်း)များ တင်ပြကာ ဦးဗျက်လျန်မန်းက ဂရန်အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်းအကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူကိုမဆိုသိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

**ဒေါ်အေးအေးရှိန် ၁၂/အလန(နိုင်)၀၁၀၉၆၄နှင့် အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ၄၀ါလမ်း၊ အမှတ်၂၂၊ ပထမထပ်ခေါင်းရင်းခန်းနေ ဒေါ်နှင်းနှင်းအေး ၁၂/ရပသ(နိုင်)၀၀၈၆၈၅သူနာပြု၊ အလုံမြို့ နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်နှင်းနှင်းအေးနှင့် ဦးကျော်သန်း ၁၂/အလန(နိုင်)၀၁၈၉၇၅တို့သည် ၂၀၀၅ခုနှစ်မှစ၍ တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီး မမေဖြူဖြူကျော် ထွန်းကားရရှိခဲ့ကြောင်း ၈-၈-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ ၄-၁၀-၂၀၁၆ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ဒေါ်အေးအေးရှိန်၏ ကြေညာချက်အရ အထက်ဖော်ပြပါ တိုက်ခန်းတွင် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမဟုတ်ဘဲ ဒေါ်နှင်းနှင်းအေး၏ ခင်ပွန်းဖြစ်သူ ဦးကျော်သန်းမကွယ်လွန်မီနှင့် ကွယ်လွန်ပြီးနောက် ယခုအချိန်အထိ စဉ်ဆက်မပြတ် တရားဝင်နေထိုင်လာခဲ့သော လင်မယားနှစ်ဦးပိုင်တိုက်ခန်းဖြစ်ပါသည်။ ဒေါ်အေးအေးရှိန်သည် ဦးကျော်သန်း၏ ညီမအရင်းဖြစ်၍ ဒေါ်နှင်းနှင်းအေးသည် ယနေ့အချိန်အထိ ကွယ်လွန်သူဦးကျော်သန်း၏တရားဝင်ဇနီးဖြစ်ကြောင်းသိပါလျက် လင်မယားပိုင်တိုက်ခန်းမှ ဖယ်ရှားပေးရန် ကြေညာခြင်း၊ ဒေါ်အေးအေးရှိန်၏ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်နေထိုင်သည်ဟု သုံးနှုန်းစွပ်စွဲခြင်းစသည်တို့မှာ ဒေါ်နှင်းနှင်းအေး ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေသည့်အပြင် လူအများက ဒေါ်နှင်းနှင်းအေးအပေါ် အထင်အမြင် လွဲမှားနစ်နာစေသောကြေညာချက်ဖြစ်နေပါသည်။ ကျန်ရစ်သူ ဒေါ်နှင်းနှင်းအေးနှင့် လူလားမမြောက်သေးသော သမီးဖြစ်သူ မမေဖြူဖြူကျော်တို့သည် ဦးကျော်သန်း၏ တရားဝင်ဆိုင်ရေးဆိုင်ခွင့်ရှိသူများအဖြစ် အခိုင်အမာ တည်မြဲလျက် ဖော်ပြပါတိုက်ခန်းတွင်ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေညာအပ်ပါသည်။ ဒေါ်အေးအေးရှိန်သည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်နှင်းနှင်းအေး၏ ဂုဏ်သိက္ခာကိုထိခိုက်နစ်နာစေပြီး ကျန်ရစ်သူသားအမိနှစ်ဦး၏ဘဝရပ်တည်မှုကိုခြိမ်းခြောက်ရာရောက်သည့် မိမိ၏ကြော်ငြာကို ပြန်လည်ရုပ်သိမ်းပေးရန်ဖြစ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်အေးအေးရှိန်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစန်းမြင့်** LL.B,DLP WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၉၀)

**ဒေါ်နန်းယုယုသွယ်** LL.B,DLPWIPO(Switzerland) အထက်တန်းရှေ့နေ(စဉ်-၃၈၆၆၇)

**အမှတ် ၄၀၂၊ တိုက် ၂၊ ၁၂လမ်း A၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၂၄၇၅၄၉**

**အများသိစေရန်အသိပေးကြေညာချက်နှင့်တားမြစ်ကြောင်းကြေညာချက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြဝတီနယ်မြေ(၁၁)ရပ်၊ ကျောက္ကာလမ်း၊ အိမ်အမှတ် ၁၁/၃၁၂၊ ကွင်း/အကွက်အမှတ် ၆၇၄/ရှောက်ခါးတောင်ကွင်း၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဝင်းမြေမှာ ၉-၄-၁၉၈၆ ရက်တွင် ဒေါ်ခင်ဌေးဝင်း၏အစ်ကို(ဦးဝင်းမောင်)က မူလပိုင်ရှင် ဦးလှမြင့်ထံမှ ဝယ်ယူခဲ့ပြီး ဦးဝင်းမောင်မကွယ်လွန်မီတွင် ၎င်း၏သားသမီးနှစ်ဦးနှင့် အထက်ဖော်ပြပါ ဝင်းမြေ၊ ဝင်းမြေ၏ စာချုပ်အရပ်ရပ်တို့ကို ဒေါ်ခင်ဌေးဝင်းအား လက်ရှိထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံခဲ့ပါသည်။ ဦးဝင်းမောင် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ ဝင်းမြေမှာ ၎င်း၏အမွေခံသားသမီးနှစ်ဦးဖြစ်သော မပြည့်ဖြိုးဝင်းနှင့် မောင်အယ်လ်ဇော်ဆိုင်းတို့သာ ပိုင်ဆိုင်ခွင့်ရှိမည်ဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါ။ ဝင်းမြေကို လက်ရှိထားထိန်းသိမ်းစောင့်ရှောက်နေရသူ ဒေါ်ခင်ဌေးဝင်း၏သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းလုံးဝမပြုလုပ်ရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။ ထိုသို့တားမြစ်နေပါလျက် တစ်နည်းနည်းဖြင့် လွှဲပြောင်း ရောင်းချခြင်းများပြုလုပ်ပါက သက်ဆိုင်ရာတရားရုံး၌ ဥပဒေနှင့်အညီ ဆောင်ရွက်ရလိမ့်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြင့်ဟိန်း(စဉ်-၈၈၁၀) တရားလွှတ်တော်ရှေ့နေ**
**သလ္လာအမှတ်(၂)ရပ်ကွက်၊ ပေ ၈၀ လမ်း၊ မုံရွာမြို့**

**တရားဝင်ဇနီးဖြစ်ကြောင်းကြေညာခြင်း**

အိမ်အမှတ် ၉၉/၁၃၊ ဥသဖျားလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးဝင်းမောင်၏သား မောင်လွင်မျိုးဝင်း ၁၃/တကန(နိုင်)၁၉၆၃၃၈ ကိုင်ဆောင်သူနှင့် အိမ်အမှတ် ၄၀၀၊ မင်္ဂလာလမ်းသွယ်၊ နယ်မြေ(၂)၊ ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးမျိုးထွန်း၏သမီး မခင်မျိုးဥ ၁၃/တကန(နိုင်)၂၆၈၅၇၆ ကိုင်ဆောင်သူတို့သည် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးတစ်ယောက်ထွန်းကားခဲ့ပါသည်။ မောင်လွင်မျိုးဝင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ မခင်မျိုးဥသည် လွန်ခဲ့သော(၆)နှစ်မှစ၍ ယနေ့ထက်တိုင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလျက်ရှိကြပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ မခင်မျိုးဥသည် မောင်လွင်မျိုးဝင်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာပါသည်။

**မခင်မျိုးဥ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီဝင်းရွှေ(LL.B)** **မခင်မျိုးဥ**
**အထက်တန်းရှေ့နေ(စဉ်-၄၃၉၈၈)**
**ရ/၅၁၉၊ အောင်သာယာလမ်း၊ နယ်မြေ(၅)၊**
**ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ တဂဏန်းကျေးရွာနေ(ဘ)ဦးမြင့်ဌေး-ဒေါ်ချိုချိုထွန်းတို့၏သား မောင်ရဲရင့်အောင် ၁၄/လပတ(နိုင်)၂၁၁၄၉၈သည် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ် လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးမြင့်ဌေး ၂/ဖဆန(နိုင်)၀၀၃၃၂၄**
**ဒေါ်ချိုချိုထွန်း ၂/ဖဆန(နိုင်)၀၀၃၃၂၂**

**ဦးကိုကိုအောင်ဌေး (၁၂/မဂဒ(နိုင်)၀၀၁၃၄၃) သို့လွှဲအပ်ထားသည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၄၉၈/၂၀၁၅ အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်**

ဦးညီအောင် (၈/ထလန(နိုင်)၀၂၆၃၀၁) ပိုင် ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၄/သမိုင်း)၊ မြေကွက်အမှတ်(၁၁)၊ ဧရိယာ(၃.၇၃၃)ဧက အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေဧရိယာ (၁.၀၀)ဧကခန့်ပေါ်တွင် ကျူးကျော်နေထိုင်နေသည့် ဒေါ်လုစိန်မိသားစုကို ဖယ်ရှားရှင်းလင်းရန်အတွက် ဦးညီအောင်က ဦးကိုကိုအောင်ဌေး(၁၂/မဂဒ(နိုင်)၀၀၁၃၄၃)၊ အမှတ်(၄၃)၊ အောင်မင်္ဂလာလမ်း၊ (၇)မိုင်၊ ကုန်းမြင့်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၇-၁၂-၂၀၁၅)ရက်စွဲပါ မှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၉၈/၂၀၁၅ ကို ပေးအပ်ခဲ့ပါသည်။

ဦးကိုကိုအောင်ဌေးသည် ဦးညီအောင်၏ ညွှန်ကြားချက်မရှိဘဲ ၎င်း၏ကိုယ်ကျိုးအတွက် အဆိုပါမြေ(၁.၀၀)ဧကခန့်ကို ဦးညီအောင်မသိအောင် အခြားသူသို့ လွှဲပြောင်းရောင်းချပြီး ဂရန် အမည်ပေါက်လျှောက်ထားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါသောကြောင့် ၎င်းအားပေးအပ်ထားသည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၉၈/၂၀၁၅ ကို ပြန်လည်ရုပ်သိမ်းပါကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၄-၁၀-၂၀၁၆) နေ့က လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဦးညီအောင်က ဦးကိုကိုအောင်ဌေးသို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၇-၁၂-၂၀၁၅)ရက်စွဲပါ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၉၈/၂၀၁၅ ကို (၄-၁၀-၂၀၁၆)ရက်မှ စ၍ ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ယင်းကိုယ်စားလှယ်လွှဲစာဖြင့် ဦးကိုကိုအောင်ဌေး မမှန်မကန်ဆောင်ရွက်ထားသည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း ဦးကိုကိုအောင်ဌေး နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင့်ရွှေ (LL.B , DBL)
တရားလွှတ်တော်ရှေ့နေ (စဉ် -၅၉၃၄)
အမှတ်(၁၁၄၈)၊ပထမထပ်၊ဗေယျာသုခလမ်း၊မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၅၅၈၂၁၊ ၀၉-၇၈၈၁၀၀၃၉၉

**သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း**

ကျွန်တော် မောင်သန်းဇော်လွင် (ဘ) ဦးအေးလွင် ၁၂/တမန(နိုင်)၀၉၈၁၅၉ နှင့် မမေဝါအောင်(ဘ) ဦးစိုးအောင် ၁၂/မရက(နိုင်)၁၄၃၇၆၉ တို့သည် ၃-၁၀-၂၀၁၆ ရက်တွင် တရားသူကြီးမင်းရှေ့မှောက်၌ နှစ်ဦးသဘောတူတရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ၃-၁၀-၂၀၁၆ရက်မှစ၍ မမေဝါအောင် ၁၂/မရက(နိုင်) ၁၄၃၇၆၉ သည် ကျွန်တော်နှင့်လုံးဝမသက်ဆိုင်တော့ပါ။ နောက်နောင်တွင်လည်း မမေဝါအောင်နှင့် ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်သန့်ဇော်လွင် (ဘ)ဦးအေးလွင်**
**၁၂/တမန(နိုင်)၀၉၈၁၅၉**


ချစ်ခင်ရသူတွေနဲ့ အတူရှိနေခြင်းဟာ
သီတင်းကျွတ်အတွက် အကောင်းဆုံးလက်ဆောင်ပါ...
Ensure Life နှင့် ခွန်အားပြည့်ဝစွာနေထိုင်ပါ
Complete and balanced nutrition
Ensure
Life
Supports daily nutrition
vanilla flavour
NET 850g
Ensure
nutrition shake
vanilla flavour
ENL290816M
PAHTAMA GROUP
Abbott Nutrition
Careline
01-8551428
09 260 35 62 62
abbottnutrition@pahtama.com
Abbott


SWEETY HOME
စပရင်မွေ့ရာ၊ ပရိဘောဂနှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး
NATIONWIDE PROMOTION 2016
DATE- 10th~31st OCTOBER 2016
အထူးဆု
ကျပ်သိန်း
၁၀၀
ကံထူးရှင်
ဘယ်သူ
ဖြစ်မလဲ?
ငွေကျပ်
၁၀သိန်း
(၅) ဆု နှင့်
5% TO
10%
OFF
အခြားဆုမဲပေါင်းများစွာ...
နှစ်ယောက်အိပ်စပရင်မွေ့ရာ
ဆိုဖာဆက်တီ
CORELLE
ကြွေထည်ဝမ်းဆက်
စောင်နှင့် အိပ်ရာခင်း
ရေနွေးချိုးစက်
အမြို့မြို့အနယ်နယ်ရှိ ဆွိတီးဟုမ်း အရောင်းဆိုင်များတွင် ငွေကျပ် (၁)သိန်းနှင့် အထက်ဝယ်ယူသူတိုင်း ပါဝင်ကံစမ်းနိုင်ပါသည်။
LIVING MALL IN YANGON ✆ 01-521255, 551591, 8550358
LIVING MALL IN MANDALAY ✆ 09-977919888, 02-2835938
SHOWROOM IN YANGON ✆ 01-9669544, 205224
SHOWROOM IN MANDALAY ✆ 02-60810, 09-91029989

TRADE BPI® MARK
SINCE 1957

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် ဆေးဝါးစက်ရုံ (ကျောက်ဆည်) တို့မှ ထုတ်လုပ်သည့် အရည်အသွေးမြင့်စစ်မှန်သော BPI® အမှတ်တံဆိပ် ဆေးဝါးများအား (၆.၉.၂၀၁၆) မှစ၍ အောက်ပါကုမ္ပဏီကိုယ်စားလှယ်ကြီးများမှတစ်ဆင့် မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတဝှမ်းသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း အများပြည်သူသို့ လေးစားစွာအသိပေးအပ်ပါသည်။

UOK Trading Co,Ltd
တောင်ကြီးဆေးဆိုင် (ယာယီရွှေမင်္ဂလာဈေး)
ဆိုင်အမှတ် - ၂၀၄၊ ၂၀၅ (တတိယထပ်)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
Ph : 09-5150333, 09-73043428,09789727366



MEDI-TECH BIZ CO., LTD.
ENHANCING LIFE
Address : No- 22, Thityarpin Street, Thuwanna Quarter, Thingangyun Township, Yangon, Myanmar
Phone : (+951) - 8566360, (+959) - 31405678
Fax : (+951) - 8566360
E-mail : contact@mtbmyanmar.com
Website : www.mtbmyanmar.net

PHAMEDIC CO., LTD
NO. A-11, CORNER OF 30THX 57THSTREET,
CHANAYETHARZANTOWNSHIP,MANDALAY
TEL: 02-74228, 09-973566043

EMP
ISO 9001 : 2008
YANGON PH : 01-570 197, 01-85 000 81
MANDALAY PH : 02-31363, 09-910 15701,
09-7977 56582, 09-7977 56583
TAUNG GYI PH : 09-49350664/ LASHIO PH : 09-47301433
KENG TUNG PH : 09-5250132

BioTrust
Building No .(57)
Room(003,004) Thamadi st,
Myittanyunt Ward , Tamwe Yangon.
Ph : 01-543614, 09-977922438,09-977922439

ဘွဲ့တစ်ခုရရှိအောင် လေ့လာဖို့ စိတ်ကူးကြည့်လိုက်ပါ။
ကမ္ဘာ့အလှပဆုံး မြို့တစ်မြို့မှာ၊
ဒီကမ္ဘာကြီးထဲက အများနဲ့ မတူတဲ့ စာသင်ဆောင်တစ်ခု၊
တီထွင်ဖန်တီးမှုတွေကို ကမ်းလှမ်းကြိုဆိုတဲ့ နေရာ၊
နောင်လာမယ့်အနာဂတ်အတွက် နည်းပညာ၊

စိတ်ကူးနေစရာ မလိုတော့ပါဘူး။
အမှန်တကယ် တည်ရှိနေပါတယ်။

ဩစတြေးလျနိုင်ငံရဲ့ University of Technology Sydney နှင့်မိတ်ဆက်ပေးလိုက်ပါတယ်။
ဒါအပြင် UTS:INSEARCH ဟာသင့်ရဲ့လမ်းစ ဖြစ်တယ်။
**insearch.edu.au/studyhere** ထဲမှာ ဘယ်လိုလုပ်ဆောင်ရမည်ကို ရှာဖွေကြည့်လိုက်ပါ။

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY

INSEARCH CRICOS provider code: 00859D I UTS CRICOS provider code: 00099F
INSEARCH Limited is a controlled entity of the University of Technology Sydney (UTS), and a registered private higher education provider of pathways to UTS. 1275_0916



လျှပ်တစ်ပြက်
ပိုးလမ်းမ ဒိုင်ယာရီ
ဆောင်းပါး စာ - ၆

တနင်္ဂနွေ ဖတ်စရာ

အလှဖြာဝေ
ဟိုပုံးမြေသို့
စာ-၁၅

ရိုးရာခြင်းလုံးအားကစား
တကယ်ပဲကမ္ဘာကို
ကျော်လွှားနိုင်တော့မှာလား
စာ-၁၉

အလုပ်သမားတို့ဘဝ
လုံခြုံရေးအတွက်
လူမှုဖူလုံရေးဆိုတာ...
စာ-၂၀



ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေစဉ်

# ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လှေလှော်ပြိုင်ပွဲဖွင့်

**သတင်း-ဇင်ဦး၊ မင်းထက်အောင်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**မန္တလေး အောက်တိုဘာ ၈**

၂၀၁၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလှေပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (အလွတ်တန်း) ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူးကယက်လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနောက်ဘက်ကျုံးအတွင်း ယနေ့ အောက်တိုဘာ ၈ ရက်နံနက် ၈ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လှေလှော်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ လှေလှော်အားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေး၊ ပြိုင်ပွဲဝင်အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေးနှင့် လှေလှော်အားကစားအဆင့်တန်း မြင့်မားလာရေးအတွက် ယခုကဲ့သို့ လှေလှော်ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ မန္တလေးကျုံးကြီးအတွင်း လှေလှော်ပြိုင်ပွဲများကို ၁၉၈၉၊ ၁၉၉၀ ပြည့်နှစ်က နောက်ဆုံးကျင်းပခဲ့ပြီး ၂၆ နှစ်ကာလအတွင်း ယခုကဲ့သို့ ပြန်လည်ကျင်းပခွင့်ရခြင်းမှာ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ○



# မြန်မာအမျိုးသားလေကြောင်း ဗုဒ္ဓဂယာသို့ စတင်ပြေးဆွဲ

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၈**

ဗုဒ္ဓဂယာခရီးသွားပြည်သူများ ခရီးသွားရာသီတွင် သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အပတ်စဉ် စနေနေ့တိုင်း စတင်ပြေးဆွဲပေးပြီဖြစ်ကြောင်း လေယာဉ်မှူး ကပ္ပတိန် ဦးအောင်ပိုက ပြောသည်။

“ကျွန်တော်တို့ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ ခရီးသွားပြည်သူတွေ သွားလာမှုအဆင်ပြေစေဖို့ သက်သာတဲ့ လက်မှတ်နှုန်းထားတွေနဲ့ ဗုဒ္ဓဂယာကို အပတ်စဉ်စနေနေ့တိုင်း ဘိုးရင်းလေယာဉ်နဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်” ဟု ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသော ရန်ကုန်-ဂယာ-ရန်ကုန်ခရီးစဉ် စတင်ပြေးဆွဲခြင်း အခမ်းအနားတွင် ပြောကြားသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အောက်တိုဘာ ၈ ရက်မှ ၂၀၁၇ ခုနှစ် ဧပြီလကုန်ပိုင်းအထိ စုစုပေါင်းခရီးစဉ် ၄၈ ကြောင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလနောက်ပိုင်းတွင် စနေနေ့အပြင် အင်္ဂါနေ့ခရီးစဉ်ပါ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ လေယာဉ်လက်မှတ်နှုန်းထားမှာ ၁၀ ဦးနှင့်အထက် အုပ်စုလိုက်အတွက် အမေရိကန်ဒေါ်လာ ၃၉၈ ဒေါ်လာ

*စာမျက်နှာ ၅ ကော်လံ ၃* ✱

